# မင်္ဂလာ 吉祥

2019
10
总第 308 期
ISSN 1009-9417

"လူမျိုးတစ်မျိုးမျှမကျန်ရစ်စေရ"
"一个都不能少" ▶20

"ပိုမိုကောင်းမွန်ဖွံ့ဖြိုးတိုးတက်လာသောတရုတ်နိုင်ငံနှင့် ကျွန်တော်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးပွားလာအောင် မျှော်လင့်ထားခြင်း''
"希望发展越来越好的中国与我们有更紧密的合作" ▶50

စားဝတ်နေရေးမှတစ်ဆင့် တရုတ်နိုင်ငံ၏ နှစ်(၇၀) အပြောင်းအလဲကို ရှုမြင်ခြင်း
从衣食住行中看中国70年巨变 ▶58

ကြီးမားစွာပြောင်းလဲမှုရှိသော နှစ် ၇၀ ပြည့်နှစ်၊ အမျိုးသားပြန်လည်အားသစ်လောင်းရာမှ ထွန်းလင်းတောက်ပမှုများ ဖော်ဆောင်

## 沧桑巨变七十载 民族复兴铸辉煌

▶10



# FOUR JOURNALS UNDER MEKONG MAGAZINE

## BRIDGING CHINA AND MEKONG COUNTRIES

**Popularize your business and products via our magazines:**
**International media, affordable price**













## 4 SISTER MAGAZINES:
## MINGALAR IN MYANMAR
## MEKONG IN THAILAND
## CHAMPA IN LAOS
## KHMER IN CAMBODIA

**Phone number**: +86–0871–64101644






欢迎您到金色的土地——缅甸来！
“福地”热诚地欢迎您！

缅甸有丰富的旅游资源

- 有闻名世界的瑞光大金塔;
- 有号称“塔林”的蒲甘圣地;
- 有世界第一大书的瓦城“碑林”;
- 有世界第一大的“敏滚”大钟;
- 有缅甸故宫曼德勒皇城;
- 还有世界唯一的茵莱湖水上人家的独特风光;
- 还有避暑胜地彬乌伦、阳光灿烂的“昌达”海滨……
- 更有动人心弦的翡翠、珠宝的诱惑，等着您的到来！







※ 联系电话：0095-2-31832
0095-99061291 0095-95198193

※ 电子邮件：zuqing@mandalay.net.mm

缅甸曼德勒“福地”旅游有限公司

地址：缅甸曼德勒41条街（83/84条街中间）68号

# မင်္ဂလာ
# 吉祥



2019 年第 10 期 总第 308 期

主管：中华人民共和国国务院新闻办公室
主办：云南省人民政府新闻办公室
承办：云南日报报业集团
编辑出版：《吉祥》杂志社

编辑指导委员会成员
主任：李 茜 徐体义
副主任：田虎青 谭晶纯
主要管理人员
总编辑：谭晶纯
法人代表、常务副总编辑：熊 燕
副总编辑：段 毅
编辑部主任：陈创业
编辑部副主任：曹云波

缅文译审：郭联媒 祝湘辉 王楠峰
第一读者：巴 乌（缅籍）
中文编辑：杨成群
缅文编辑：曹云波 张莹琳
翻译：李祖清（缅籍） 许清媛
视觉设计：孙勇刚
仰光分社：张莹琳 Zaw Ye Aung（缅籍）
发行：张俊宏

地址：中国云南省昆明市环城西路 577 号
编辑部电话：86-871-64112973（传真）
办公室电话：86-871-64101644
发行部电话：86-871-64101727
邮 编：650034
仰光发行代理：仰光传媒集团
仰光分社地址：Blok 2-10,nawaday garden, Hlaing Thar Yar,Yangon
电 话：09795503422 09959543599
发行范围：国内外公开发行
邮发代号：64-35
出版日期：每月五日
中国标准连续出版物号
ISSN 1009-9417
CN 53-1115/G2
http://www.yunnangateway.com
E-mail:yunnanjixiang@163.com

广告经营许可证号：5300004000052
印 刷：云南日报印务中心
定 价：10 元（人民币）/2000 缅币

တာဝန်ခံစီမံခန့်ခွဲသူ––တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးဌာန
တာဝန်ယူ၍ထုတ်ဝေသူ––ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးဌာန
တာဝန်ယူလုပ်ဆောင်သူ––ယူနန်နေ့စဉ်သတင်းစာအဖွဲ့
စီစဉ်တည်းဖြတ်၍ပုံနှိပ်ထုတ်ဝေသူ––“မင်္ဂလာ”မဂ္ဂဇင်းစာတည်းအဖွဲ့

စာတည်းညွှန်ကြားရေးကော်မတီအဖွဲ့ဝင်
တာဝန်ခံ––လီချမ်း၊ ရှုထိယိ
ဒုတိယတာဝန်ခံ––ထျန်ဟူချင်း၊ ထန်ကျင်းချွင်
အဓိကတာဝန်ထမ်းဆောင်သူများ
အယ်ဒီတာချုပ်––ထန်ကျင်းချွင်
ဥပဒေအကြံပေး၊ အမြဲတမ်းဒုတိယအယ်ဒီတာချုပ်––ရှွန်ရမ်
ဒုတိယအယ်ဒီတာချုပ်––တွမ့်ရိ
စာတည်းဌာနတာဝန်ခံ––ချိန်ချွမ်ရည်
စာတည်းဌာနဒုတိယတာဝန်ခံ––ဆည်းဆာ

မြန်မာစာ တည်းဖြတ်ပြန်ဆိုသူ––မင်္ဂလာဝင်း၊ သန့်ဇင်မောင်၊ ဝင်းကျော်ကျော်
ပထမဆုံးစာဖတ်သူ––ဘဦး(မြန်မာသား)
တရုတ်စာအယ်ဒီတာ––ဟန်ကြော့ရှင်း
မြန်မာစာ အယ်ဒီတာ––ဆည်းဆာ၊ ဖွေးဖွေးကြည်လင်၊ ရဲလွင်
မြန်မာစာဘာသာပြန်––လီကြူချင်း(မြန်မာသား)၊ ဒေါ်ခင်စိန်
ဒီဇိုင်းဆွဲသူ––စွင်းရွှန်ကမ်း
ရန်ကုန်မြို့ရုံးခွဲ––ဖွေးဖွေးကြည်လင်၊ ဇော်ရဲအောင်(မြန်မာသား)
ဖြန့်ချိရေးဝန်ထမ်း––ကျန်းကြိမ်ဟုန်

လိပ်စာ–တရုတ်နိုင်ငံယူနန်ပြည်နယ်ကူမင်းမြို့အနောက်ဘက်မြို့ပတ်လမ်း အမှတ်–၅၇၇
အယ်ဒီတာအဖွဲ့ဖုန်း––၈၆–၈၇၁–၆၄၁၁၂၉၇၃(Fax)
ရုံးအဖွဲ့ဖုန်း––၈၆–၈၇၁–၆၄၁၀၁၆၄၄
ဖြန့်ချိရေးဌာနဖုန်း––၈၆–၈၇၁–၆၄၁၀၁၇၂၇
စာပို့သင်္ကေတ––၆၅၀၀၃၄
ရန်ကုန်မြို့ဖြန့်ချိပေးအေဂျင်စီ၊ Yangon Media Group Ltd.
ရန်ကုန်မြို့ရုံးခွဲလိပ်စာ–Blok 2-10 ၊ နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့
ရန်ကုန်မြို့ရုံးခွဲဖုန်းနံပါတ်။ ၀၉၇၉၅၅၀၃၄၂၂၊ ၀၉၉၅၉၅၄၃၅၉၉
တရုတ်ပြည်တွင်းပြည်ပတွင် ဖြန့်ချိထုတ်ဝေသည်
စာပို့ရန်အစားထိုးနံပါတ်––၆၄–၃၅
လစဉ် ၅ ရက်နေ့တွင် ပုံနှိပ်ထုတ်ဝေသည်
တရုတ်စံချိန်စံညွှန်းစဉ်ဆက်မပြတ်ပုံနှိပ်ထုတ်ဝေရေးနံပါတ်များ
ISSN 1009-9417
CN 53-1115/G2
http://www.yunnangateway.com
E-mail:yunnanjixiang@163.com

ကြော်ငြာဖော်ပြရန်ခွင့်ပြုချက်နံပါတ်––၅၃၀၀၀၀၄၀၀၀၀၅၂
ပုံနှိပ်သူ––ယူနန်နေ့စဉ်သတင်းစာအဖွဲ့ ပုံနှိပ်မှုလုပ်ငန်းဌာန
မဂ္ဂဇင်းတန်ဖိုး––RMB ၁၀၊ ၂၀၀၀ ကျပ်

04 ရှီကျင့်ဖျင်က ဆင်းရဲမှုလျှော့ချရေးစီမံကိန်းအောင်မြင်စွာ ဖော်ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်ပြောကြားခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်း နှစ် ၇၀ ပြည့်နှစ် ဂုဏ်ပြုရန် အထူးဆောင်းပါး 国庆特稿

10 တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်း နှစ် ၇၀ ပြည့်အချိန်ကာလအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအောင်သီးအောင်နှံများ

20 "လူမျိုးတစ်မျိုးမှမကျန်ရစ်စေရ"

22 ဟန်လူမျိုး ၊ စပျစ်နီကြောင့် "ချမ်းသာသောဘဝများ"ရရှိလာခြင်း

23 ရီတိုင်းရင်းသား၊ ရန်လုစန်းနှင့်သူ၏"နေပျော်သောရီတိုင်းရင်းသားတည်းခိုအိမ်"

24 ပိုင်တိုင်းရင်းသား ၊ ဖန်ကျမ်ဝံ၏ "ချမ်းသာကြွယ်ဝမှုကို သယ်ဆောင်ပေးလာသောအသီး"

25 ဟာနီတိုင်းရင်းသား ၊ ရွာသူရွာသားများကိုကြွယ်ဝချမ်းသာလာစေသော ကျေးရွာခရီးသွားလုပ်ငန်း

26 တိုင်တိုင်းရင်းသား ၊ "မြေအိုးဘုရင်"တောင်းကျိန့်ဖူ

27 ကျွမ့်တိုင်းရင်းသား ၊ ဝမ်ဟိုင်ရွှေ "ကျွန်မရဲ့မိသားစုဘဝ တဖြည်းဖြည်းပြောင်းလဲနေပါတယ်"

28 မြောင်တိုင်းရင်းသား ၊ ကျိုကျူဘာရွာနှင့် လုပ်ငန်းရှင်များ ပူးပေါင်းလုပ်ကိုင်ရာမှကြွယ်ဝချမ်းသာလာခြင်း

29 ဟွေတိုင်းရင်းသား ၊ မာလျန်ကျွင်း၏ စားသောက်ဆိုင်

30 လီဆူးတိုင်းရင်းသား ၊ နုရှီလုံသည် ရွာသူရွာသားများ ဦးဆောင်ပြီး တရုတ်ဖလာသီးစိုက်ပျိုးခြင်းဖြင့် ချမ်းသာကြွယ်ဝခြင်းရရှိ

31 လားဟူတိုင်းရင်းသား ၊ လက်ဖက်ခြောက်ကုန်မွဏီသို့ လက်ဖက်ကိုဖြန့်ဖြူးရောင်းချသောအကြီးစားလုပ်ငန်းရှင်ဖြစ်နေ

32 ဝတိုင်းရင်းသား ၊ "လီဟုန်၏ အိမ်လက်ရာ စားသောက်ဆိုင်" ဖြင့် သုခချမ်းသာမှု ခံစားရခြင်း

33 နာရှီတိုင်းရင်းသား ၊ ဟော်လန်းချွမ်၏ ပညာသင်ခရီးစဉ်

34 ယောင်တိုင်းရင်းသား ၊ လက်ဖက်ခြောက်လုပ်ငန်းမှတစ်ဆင့် မျှော်လင့်ချက်များရရှိခြင်း

35 ဂျိမ်းဖောတိုင်းရင်းသား၊ ထူးဆန်းသောအစားအသောက်ဖြင့် ခရီးသည်များဆွဲဆောင်နေ

36 တိဗက်တိုင်းရင်းသား ၊ လာယုံဖီချူ၏ "မြေထည်ပြုလုပ်ခြင်းမှတ်တမ်း"

37 ပလောင်တိုင်းရင်းသား၊ ယုစံ၏ ဖူးအော်လက်ဖက်ခြောက်

38 ပုရီတိုင်းရင်းသား၊ ပန်းထိုးသမလေးမှ သာယာချမ်းမြေ့သောဘဝကို ပုံဖော်ခြင်း

39 အာချမ်တိုင်းရင်းသား ၊ ကျောက်ရှင်ရက်၏ အိမ်သစ်ပြောင်းရွှေ့ရေးအိပ်မက် အကောင်အထည်ဖော်ခြင်း

40 ဖူမီတိုင်းရင်းသား၊ အချိန်ကြာမြင့်လာသည်နှင့်အမျှ သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်လာ

41 မွန်ဂိုတိုင်းရင်းသား၊ ဝမ်စောက်ဟွေ၏ ချိုမြိန်သောလုပ်ငန်း

42 နုတိုင်းရင်းသား ၊ ဟိုင်ရဲဖူ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ပြီး အိမ်သစ်တွင် နေထိုင်လာနိုင်ခဲ့

43 ကျီနော့တိုင်းရင်းသား၊ ကျီမေသည် ကျေးရွာနေအိမ်တည်းခိုခန်းဖြင့် ချမ်းသာကြွယ်ဝသောလမ်းမသို့ လျှောက်လှမ်းခြင်း

44 တအောင်းတိုင်းရင်းသား၊ ကျောက်ယုရွဲမှ "ချည်ထိုးခြင်း" ဖြင့် သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်လာခြင်း

45 စွေတိုင်းရင်းသား၊ လန်ယွမ်ချိုသည် အထည်ချုပ်စက်ရုံကို တည်ဆောက်

46 မန်ချူးတိုင်းရင်းသား၊ ဟွမ်ကျာခန်အိမ်သစ်ရွှေ့ပြောင်းပြီး ကြွယ်ဝချမ်းသာလာ

47 တူလုံတိုင်းရင်းသား ၊ Paris နှင့် abiu ကို စိုက်ပျိုးခြင်း

50 "ပိုမိုကောင်းမွန်ဖွံ့ဖြိုးတိုးတက်လာသောတရုတ်နိုင်ငံနှင့် ကျွန်တော်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးပွားလာအောင် မျှော်လင့်ထားခြင်း"

53 မျက်မြင်ကိုယ်တွေ့ပုံပြင်များအား ပြောကြားခြင်း၊ ထွန်းလင်းတောက်ပသောသမိုင်းဖြစ်စဉ်ကို သက်သေအနေဖြင့် ကြည့်ရှုလေ့လာခြင်း

58 စားဝတ်နေရေးမှတစ်ဆင့် တရုတ်နိုင်ငံ၏ နှစ်(၇၀)အပြောင်းအလဲကို ရှုမြင်ခြင်း

63 ကြည့်လိုက်ဦး၊ မြန်မာမိတ်ဆွေတို့က ဖုမြင်သို့ ကောက်သစ်စားပွဲ လာဆင်နွှဲတယ်

64 တရုတ်–မြန်မာ–အင်္ဂလိပ်သိပ္ပံနှင့်နည်းပညာအဘိဓာန်(၁၄၀)



# ရှီကျင့်ဖျင်က ဆင်းရဲမှုလျှော့ချရေးစီမံကိန်းအောင်မြင်စွာ ဖော်ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်ပြောကြားခြင်း

## 习近平谈打赢脱贫攻坚战：要真扶贫、扶真贫、真脱贫

“出水才见两腿泥”。扶贫工作必须务实，脱贫过程必须扎实，扶真贫、真扶贫，脱贫结果必须真实，让脱贫成效真正获得群众认可、经得起实践和历史检验，决不搞花拳绣腿，决不摆花架子。要实施最严格的考核评估，开展督查巡查，对不严不实、弄虚作假的，要严肃问责。

——中国国家主席习近平

“ရေထဲဆင်းပြီး ထွက်လာသောအခါသာ ခြေထောက်နှစ်ဖက်ပေါ်တွင် ရွှံ့မြေပါလာသည်ကို တွေ့နိုင်မည် ဖြစ်ပါသည်။” ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းကို အမှန်အတိုင်း ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဖြစ်စဉ်တစ်ခုလုံးအတွင်း ခိုင်မာစွာ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဆင်းရဲမှုမှ လွတ်မြောက်လာရန်အတွက် အမှန်အတိုင်း ကြိုးပမ်းဆောင်ရွက်မှသာ ရလဒ်ကောင်းများ ရရှိလာနိုင်မည်ဖြစ်ပါသည်။ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း၏ အောင်မြင်မှုများကို ပြည်သူလူထု အသိအမှတ်ပြုနိုင်ရန်၊ လက်တွေ့နှင့် သမိုင်း၏စမ်းသပ်မှုခံယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပန်းထိုးသည့်အလားအလှပြရန် သက်သက်မလုပ်ရပါ။ အတင်းကျပ်ဆုံး စစ်ဆေးအကဲဖြတ်သော နည်းလမ်းအတိုင်း စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကြီးကြပ်စစ်ဆေးထိန်းသိမ်းခြင်းနှင့် လှည့်လည်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မမှန်ကန်သော၊ အတုပြုလုပ်သော လုပ်ရပ်များကို ပြင်းပြင်းထန်ထန် အရေးယူရမည် ဖြစ်ပါသည်။

——တရုတ်နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်

ဆောင်းဦးရာသီအချိန်တွင် ရာသီဥတုသည် တဖြည်းဖြည်း အေးလာပါသည်။ ယူနန်ပြည်နယ် ကျောက်ထုံးမြို့ ယီလျန်ခရိုင် တာ့မာကျေးရွာ လူဖန်အဖွဲ့မှ လျူလွင်ရှမ်းသည် စိတ်ထဲတွင် နွေးထွေးစွာ ခံစားရပါသည်။ နောက်ထပ်တစ်လနှစ်လကြာသည်နှင့် သူတို့မိသားစုဝင် ၆ ယောက်တို့သည် ရွာထဲရှိ အိမ်ထောင်စု ၂၈ စုနှင့်အတူ မြို့ထဲသို့ ပြောင်းရွှေ့တော့မည် ဖြစ်ပါသည်။ လျူလွင်ရှမ်းမိသားစုဘိုးစဉ်ဘောင်ဆက်တို့သည် တောင်ပေါ်တွင် နေထိုင်ခဲ့ပါသည်။ တောင်ပေါ်မှ အိမ်ပြောင်းရွှေ့ခြင်းသည် သူ၏နှစ်အတော်ကြာသည့် မျှော်မှန်းချက် ဖြစ်ပါသည်။

လွန်ခဲ့သောတစ်နှစ်က ချမ်းမြေ့သာယာသည့်ဘဝသည် လျူလွင်ရှမ်းအိမ်သို့ ရောက်ရှိလာပါသည်။ နေရာပြောင်းရွှေ့ရေးပေါ်လစီများအရ လျူလွင်ရှမ်းမိသားစုသည် တောင်ပေါ်မှ အိမ်ပြောင်းနိုင်ရုံတင်မကပဲ ပြန်လည်နေရာချထားသော အိမ်ရာတွင်လည်း အခမဲ့နေထိုင်နိုင်တော့မည် ဖြစ်ပါသည်။

ယခုလိုအခွင့်အရေးသည် လျူလွင်ရှမ်းအားအထူးဝမ်းသာအားရဖြစ်မိခဲ့သော်လည်း သိပ်မကြာမီမှာပင် ဇဝေဇဝါ ဖြစ်လာပါတော့သည်။ တောင်ပေါ်မှ အိမ်ပြောင်းခြင်းသည် တောင်ပေါ်ရှိ မြေယာများကို စွန့်လွှတ်ရတော့မည်ဟူသည့် သံသယ ဖြစ်ပါသည်။ “တောင်ယာစိုက်ပျိုးမှု မလုပ်ပါက မိသားစုဝင်များသည် မည်သူ့အားကိုးမှုဖြင့် နေနိုင်ပါ့မည်နည်း” ဟု စိုးရိမ်နေမိပါသည်။

ယီလျန်ခရိုင်တွင် အခြေစိုက်သောဆင်းရဲမှုလျှော့ချရေး အကူအညီပေးရေးအဖွဲ့ခေါင်းဆောင် ရန်ရှူက သူ၏စိုးရိမ်စိတ်ကို ရိပ်မိခဲ့ရာ သူ၏လက်ကိုဆွဲပြီး “ခင်ဗျားက စိတ်ချပါ။ ခင်ဗျား၏ စိုးရိမ်မှုကို အစိုးရ အနေဖြင့် စောလျင်စွာစဉ်းစားခဲ့ပါကြောင်း၊ တောင်အောက်သို့ ရွှေ့ပြောင်းပြီးနောက်ပိုင်းတွင် ခင်ဗျားအတွက် ကျွန်တော်တို့နည်းလမ်းရှာကြံပြီး အကူအညီပေးမည် ဖြစ်ပါကြောင်း” ပြောပြခဲ့ပါသည်။

ယီလျန်ခရိုင်သည် ယူနန်၊ စီချွမ်းနှင့် ကွေ့ကျိုးပြည်နယ် ၃ ခုတို့ ဆက်စပ်ရာနေရာတွင် တည်ရှိရာ တရုတ်နိုင်ငံအတွင်း အထူးဆင်းရဲသော ခရိုင်တစ်ခုဖြစ်ပါသည်။ ခရိုင်တစ်ခုလုံးတွင် ဆင်းရဲသူဦးရေစုစုပေါင်း ၂.၅၅ သိန်းရှိပြီး နေရာရွှေ့ပြောင်းရမည့်လူဦးရေပေါင်း ၀.၅၂၁ သိန်းအထိရှိပါသည်။ အိမ်များ ရွှေ့ပြောင်းပြီးသော နောက်ပိုင်းတွင် ချောင်ကျသောနေရာမှ ရောက်ရှိလာသည့် ပြည်သူလူထုများသည် မြေယာများနှင့် ဝေးရာသို့ ရောက်ရှိလာရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းသည် အရေးအကြီးဆုံး လိုအပ်မှုများ ဖြစ်လာပါတော့သည်။

သိပ်မကြာခင်နှစ်များအတွင်း တရုတ်အစိုးရပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းထဲသို့ အရေးကြီးသည့် အင်အားအနေဖြင့် ပါဝင်ဆောင်ရွက်လာပါသည်။ ယခုနှစ် မေလတွင် ယူနန်ပြည်နယ် ဆေးကရစ်ကုမ္ပဏီသည် လက်တွေ့နေရာသို့ ကွင်းဆင်းလေ့လာခြင်းဖြင့် ကျောက်ထုံးမြို့ ကျိန့်ရှုန်နှင့် ယီလျန်ခရိုင် နှစ်ခုအတွက် အလှူငွေ ယွမ်ငွေသန်းပေါင်း ၃၀၀ ကို အသီးသီးပေးအပ်ခဲ့ရာ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အကူအညီပေးရေးစက်ခန်းများပြင်ဆင်ရေး၊ မှိုစိုက်မှန်လုံအိမ်တည်ဆောက်ရေး၊ မူကြိုကျောင်းဖွင့်လှစ်ရေး၊ ဆေးပေးခန်းစသော နေရာပြောင်းရွှေ့ရေးဆိုင်ရာ လုပ်ငန်းတည်ဆောက်တပ်ဆင်မှုများကို ဖော်ဆောင်ခြင်းဖြင့် အိမ်ရာရွှေ့ပြောင်းသော ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ ပညာရေးနှင့် ကျန်းမာရေးစသော အခက်အခဲများကို ဖြေရှင်းနိုင်ခဲ့ပါသည်။

အဆောက်အအုံများ တစ်လုံးပြီးတစ်လုံးတည်ဆောက်ပြီးသည်နှင့် မူကြိုကျောင်း၊ ကျန်းမာရေးစခန်းနှင့် တရုတ်ဇကေပေါင်း ရာချီရှိသော မြေယာများပေါ်တွင် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အကူအညီပေးရေး စက်ခန်းများကို အရေးတကြီးဆက်လက်တည်ဆောက်နေပါသည်။ လျူလွင်ရှမ်းကလည်း အထူးစိတ်အေးသွားခဲ့ပါသည်။ “နိုင်ငံတော်၏ ပေါ်လစီများသည် ကောင်းမွန်ပါကြောင်း၊ ကျွန်တော်တို့ပြည်သူလူထုများအတွက် လိုလေသေးမရှိအောင် စီမံဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ကျွန်တော်တို့သည် အထူးစိတ်ချမ်းသာပါကြောင်း” သူက ပြောပြပါသည်။

稿件来源：新华网

ယူနန်ပြည်နယ်၊ ကျောက်ထုံးမြို့၊ ယီလျန်ခရိုင်တွင် ခရိုင်မြို့ဟောင်းပြုပြင်တည်ဆောက်ရေးနှင့် မြို့သစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေ။
云南省昭通市彝良县加大县城旧城改造和新区开发力度 CNSphoto

## 要闻 သတင်းအချက်အလက်




8 月 30 日，中国（云南）自由贸易试验区挂牌仪式在昆明举行。中国（云南）自由贸易试验区挂牌后，根据要求，云南将着力打造“一带一路”和长江经济带互联互通的重要通道，建设连接南亚东南亚大通道的重要节点，推动形成中国面向南亚东南亚辐射中心、开放前沿 CNSphoto

ဩဂုတ်လ(၃၀)ရက်နေ့က တရုတ်(ယူနန်) လွတ်လပ်သောကုန်သွယ်ရေး စမ်းသပ်ဇုန် ကူမင်းမြို့တွင် တရားဝင် ဆိုင်းဘုတ်တင်ခဲ့ပါသည်။ တရုတ်(ယူနန်) လွတ်လပ်သော ကုန်သွယ်ရေး စမ်းသပ်ဇုန်ဆိုင်းဘုတ်တင်ပြီးနောက် ယူနန်သည် တောင်းဆိုချက်အလိုက် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” နှင့် ယန်ဇီမြစ်စီးပွားရေးဇုန်အကြား အပြန်အလှန်ချိတ်ဆက်ရေး အဓိက လမ်းကြောင်းကို အစွမ်းကုန် တည်ဆောက်မည်ဖြစ်ပါသည်။ တောင်အာရှ၊ အရှေ့တောင်အာရှတို့နှင့် ချိတ်ဆက်သည့် လမ်းကြောင်းကြီး၏ အဓိကနေရာကို တည်ဆောက်မည်ဖြစ်သည်။ တရုတ်နိုင်ငံမှ တောင်အာရှ၊ အရှေ့တောင်အာရှကို မျက်နှာပြုသော အထွေထွေအကျိုးပြုမှုစင်တာ၊ တံခါးဖွင့်လှစ်မှုရှေ့တန်းနေရာ ဖြစ်မြောက်လာစေအောင် တွန်းတင်မည်ဖြစ်ပါသည်။

## 声音 အသံ

“一带一路”是一个开放、包容和突破地域、文化界限的国际倡议，而香港是通往“一带一路”国家的重要通道。

——香港特区行政长官林郑月娥在第四届“一带一路”高峰论坛上表示

“ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်”သည် တံခါးဖွင့်လှစ်ခြင်း၊ အားလုံးပါဝင်လာစေခြင်းနှင့် နယ်ပယ်၊ ယဉ်ကျေးမှုကန့်သတ်ချက်များကို ထိုးဖောက်နိုင်သည့် အပြည်ပြည်ဆိုင်ရာ မဟာဗျူဟာဖြစ်ပါသည်။ ဟောင်ကောင်သည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်”လမ်းတစ်လျှောက်ရှိနိုင်ငံများသို့ သွားရောက်နိုင်သည့် အရေးကြီးသောလမ်းကြောင်းဖြစ်ပါသည်။

--(၄)ကြိမ်မြောက် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်”ထိပ်သီးဖိုရမ်တွင် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးလင်ကျိန့်ယွဲ့အော်က ပြောကြားခဲ့သည်။

## 交流 ဖလှယ်ရေး



8 月 27 日，中国—缅甸中医药中心在缅甸第二大城市曼德勒揭牌，该中心旨在推动中医药与缅甸传统医药共同发展 新华社 图

ဩဂုတ်လ(၂၇)ရက်နေ့တွင် မြန်မာနိုင်ငံဒုတိယအကြီးဆုံးမြို့ဖြစ်သည့် မန္တလေးမြို့၌ တရုတ်-မြန်မာတိုင်းရင်းဆေးစင်တာ ဆိုင်းဘုတ်တင် ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါစင်တာမှာ တရုတ်တိုင်းရင်းဆေးနှင့် မြန်မာ့ရိုးရာတိုင်းရင်းဆေး အတူဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထားပါသည်။

ပုံ၊ ဆင်ဟွာသတင်းဌာန။



近日，2019 年发展中国家热带作物病虫害防控技术培训班在海南省海口市举行。来自古巴、斐济、缅甸、赞比亚等 16 个国家的 40 名余学员在海南学习热带作物病虫害防控技术、采后保鲜、农产品质量安全等农业知识 新华社 图

ယခုရက်ပိုင်း ၂၀၁၉ ခုနှစ် ဖွံ့ဖြိုးဆဲနိုင်ငံ အပူပိုင်းကောက်ပဲသီးနှံ ပိုးမွှားကာကွယ်ရေး နည်းပညာသင်တန်းကို ဟိုင်နန်ပြည်နယ် ဟိုင်ခိုမြို့တွင် ကျင်းပခဲ့ပါသည်။ ကျူးဘား၊ ဖီဂျီ၊ မြန်မာ၊ ဇမ်ဘီယာ စသည့် နိုင်ငံပေါင်း (၁၆)နိုင်ငံမှ သင်တန်းသားပေါင်း (၄၀)ကျော်သည် ဟိုင်နန်တွင် အပူပိုင်းကောက်ပဲသီးနှံ ပိုးမွှားကာကွယ်ရေးနည်းပညာ၊ သိုလှောင်သိမ်းဆည်းခြင်း၊ စိုက်ပျိုးကုန်ပစ္စည်းအရည်အသွေးလုံခြုံခြင်းစသည့် စိုက်ပျိုးရေးလုပ်ငန်း ဗဟုတုသများကို သင်ယူလေ့လာခဲ့ပါသည်။ ပုံ၊ ဆင်ဟွာသတင်းဌာန။

## 科技 သိပ္ပံနည်းပညာ



在贵州省黔南布依族苗族自治州平塘县，被誉为“中国天眼”的 500 米口径球面射电望远镜（FAST）在不同的光线环境下，呈现出别样的美丽。新华社 图

ကွေ့ကျိုးပြည်နယ် ကျင်နန်ပုရီးနှင့် မြောင်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ဖင်ထမ်ခရိုင်တွင် “တရုတ်ထျမ်ရန် (နတ်မျက်လုံး)” ဟုအမည်ရသော (၅၀၀)မီတာအချင်းရှိသည့် အခုံးပုံလေဆာအဝေးကြည့်မှန်ပြောင်း (FAST) သည် မတူသောအလင်းရောင် ပတ်ဝန်းကျင်အောက်တွင် ဆန်းပြားသောအလှကို ဖော်ပြနေလျက်ရှိပါသည်။ ပုံ၊ ဆင်ဟွာသတင်းဌာန။

9 月 9 日至 11 日，2019 世界计算机大会在“银河”“天河”超算之乡湖南省长沙市举行，来自全球的计算机“大咖”共话计算机技术和产业的未来。

စက်တင်ဘာလ(၉)ရက်နေ့မှ (၁၁) ရက်နေ့အထိ ၂၀၁၉ ခုနှစ် ကမ္ဘာ့ကွန်ပျူတာပွဲတော်ကို “ရင်ဟော်”၊ “ထျမ်ဟော်”စူပါကွန်ပျူတာတို့၏ ဇာတိမြေဖြစ်သော ဟူနန်ပြည်နယ် ချန်စားမြို့တွင် ကျင်းပခဲ့ပါသည်။ ကမ္ဘာအနှံ့မှ ကွန်ပျူတာပညာရှင်များက ကွန်ပျူတာနည်းပညာနှင့် လုပ်ငန်းအနာဂတ်ကို ဆွေးနွေးခဲ့ကြပါသည်။

## 数字 ကိန်းဂဏန်း




### လူ(၃၀၀)ကျော် 300多名

9 月 11 日，第二届“一带一路”热带农业科技合作论坛在海口开幕，来自中国、泰国、巴基斯坦、津巴布韦等 20 多个国家的 300 多名农业科学家参加论坛 新华社 图

စက်တင်ဘာလ (၁၁) ရက်နေ့တွင် ဒုတိယအကြိမ် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်”အပူပိုင်းဒေသ စိုက်ပျိုးရေးသိပ္ပံနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ဟိုင်ခိုမြို့၌ ဖွင့်လှစ်ခဲ့သည်။ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ ဇင်ဘာဘွေ စသည့်နိုင်ငံ(၂၀)ကျော်မှ စိုက်ပျိုးရေး သိပ္ပံပညာရှင်ပေါင်း (၃၀၀) ကျော်က ဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ပုံ၊ ဆင်ဟွာသတင်းဌာန။



### တန်ချိန်(၀.၃၆)သိန်း 3.6万吨

9月11日，在湖北省武汉市，总重达3.6万吨的武汉杨泗港快速通道青菱段跨铁路斜拉桥顺利完成转体，成功跨越包括京广铁路在内的11条铁路线 新华社 图

စက်တင်ဘာလ(၁၁)ရက်နေ့တွင် ဟူပေပြည်နယ် ဝူဟန့်မြို့ စုစုပေါင်းတန်ချိန် (၀.၃၆)သိန်းရှိ ဝူဟန့်ရန်ရှီဆိပ်ကမ်းအမြန်လမ်း ချင်းလင်အပိုင်း ရထားလမ်းဖြတ် အစောင်းဆွဲတံတားကို အောင်မြင်စွာ ပြောင်းရွှေ့နိုင်ခဲ့သည်။ ပေကျင်း–ကွမ်ကျိုးသံလမ်းအပါအဝင် သံလမ်း(၁၁)ကြောင်းကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပါသည်။ ပုံ၊ ဆင်ဟွာသတင်းဌာန။

## 商机 စီးပွားရေးအခွင့်အလမ်းများ




10月24日至27日，2019中国（北京）国际科技产业博览会（CHITEC简称“科博会”）将在中国国际展览中心举办。科博会上届展会总面积60000平方米，参展企业900家，参展人数达120000人。展会先后共举办221个专题近千场次高层论坛和专项交流活动。现场签署合同、协议、意向5509个，总金额9961.9亿元人民币 新华社 图

အောက်တိုဘာလ (၂၄)ရက်နေ့မှ (၂၇)ရက်နေ့အထိ ၂၀၁၉ ခုနှစ် တရုတ်(ပေကျင်း) နိုင်ငံတကာ သိပ္ပံနည်းပညာလုပ်ငန်း ကုန်စည်ပြပွဲ (“သိပ္ပံကုန်စည်ပြပွဲ”ဟု အတိုချုံးခေါ်ဝေါ်သည်) ကို တရုတ်နိုင်ငံ နိုင်ငံတကာပြပွဲစင်တာတွင် ကျင်းပမည်ဖြစ်သည်။ ပြီးခဲ့သည့် သိပ္ပံကုန်စည်ပြပွဲ၏ စုစုပေါင်း ဧရိယာ အကျယ်အဝန်းသည် စတုရန်းမီတာ (၆၀၀၀၀)ရှိပါသည်။ ပါဝင်ပြသသော လုပ်ငန်းအဖွဲ့ပေါင်း (၉၀၀) ရှိပြီး ပါဝင်ပြသသူလူဦးရေမှာ (၁၂၀၀၀၀)အထိ ရောက်ရှိခဲ့ပါသည်။ ပြပွဲတွင် အထူးခေါင်းစဉ်ပေါင်း (၂၂၁)ခုနှင့်သက်ဆိုင်သော ထိပ်သီးဖိုရမ်နှင့်အထူးဆွေးနွေးပွဲ အကြိမ်ပေါင်း တစ်ထောင်နီးပါးကို ကျင်းပခဲ့ပါသည်။ ပြပွဲကျင်းပသောကာလအတွင်း သဘောတူစာချုပ်နှင့်နားလည်မှုစာချွန်လွှာ စုစုပေါင်း (၅၅၀၉)ခုခန့်ကို လက်မှတ်ရေးထိုးခဲ့ပြီး စုစုပေါင်းငွေပမာဏသည် ယွမ်ငွေပေါင်း(၉၉၆.၁၉၀)ဘီလီယံရှိပါသည်။ ပုံ၊ ဆင်ဟွာသတင်းဌာန။

10月13日至15日，中国国际汽车商品交易会将在上海国家会展中心举办。中国国际汽车商品交易会（CIAPE）涵盖了所有与汽车相关的产品、技术、金融、服务等领域，是联通中外汽车产业交流、融合、发展、共赢的盛会。

အောက်တိုဘာလ (၁၃) ရက်နေ့မှ (၁၅) ရက်နေ့အထိ တရုတ်နိုင်ငံတကာ မော်တော်ကားကုန်ပစ္စည်းဆိုင်ရာ ကုန်စည်ပြပွဲကို ရှန်ဟိုင်းအမျိုးသားပြပွဲစင်တာတွင် ကျင်းပမည် ဖြစ်ပါသည်။ တရုတ် နိုင်ငံတကာ မော်တော်ကားကုန်ပစ္စည်းဆိုင်ရာကုန်စည်ပြပွဲ (CIAPE)တွင် မော်တော်ကားနှင့် သက်ဆိုင်သည့် ကုန်ပစ္စည်းများ၊ နည်းပညာများ၊ ငွေကြေးစီးပွားရေးများ၊ ဝန်ဆောင်မှုများ စသည့်နယ်ပယ်အားလုံး ပါဝင်ပြသမည်ဖြစ်ပါသည်။ ပြည်တွင်းပြည်ပ မော်တော်ကားလုပ်ငန်းများ ဖလှယ်ရေး၊ ရောစပ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျိုးတူအောင်မြင်ရေးကို ချိတ်ဆက်ပေးသည့် ပွဲတော်ဖြစ်ပါသည်။



10月23日至27日，2019中国进出口商品交易会（广交会）秋季二期将在中国进出口商品交易会展馆（广州琶洲馆）举办。展会期间还举办各种大型论坛：国际市场论坛；品牌遇见未来的论坛；品牌营销设计论坛；以消费为中心的技术论坛等。来自世界各地的客商云集广州，互通商情，增进友谊 新华社 图

အောက်တိုဘာလ (၂၃)ရက်နေ့မှ (၂၇)ရက်နေ့အထိ ၂၀၁၉ ခုနှစ်တရုတ်သွင်းကုန်ပို့ကုန်ပစ္စည်းဆိုင်ရာ ကုန်စည်ပြပွဲ (ကွမ်ကျိုးကုန်စည်ပြပွဲ) ဆောင်းဦးရာသီဒုတိယကာလပိုင်း၏ ပြပွဲအစီအစဉ်ကို တရုတ်သွင်းကုန်ပို့ကုန်ပစ္စည်းဆိုင်ရာပြတိုက် (ကွမ်ကျိုးဖာကျိုးပြတိုက်) တွင် ကျင်းပမည်ဖြစ်ပါသည်။ ပြပွဲကာလအတွင်း အတိုင်းအတာကြီးမားသော ဖိုရမ်များကိုလည်း ကျင်းပမည်ဖြစ်ပါသည်။ ဥပမာ–နိုင်ငံတကာ ဈေးကွက်ဖိုရမ်၊ နာမည်ကျော်ကုန်အမှတ်တံဆိပ်မှ အနာဂတ်စောင့်မျှော်ခြင်းဖိုရမ်၊ နာမည်ကျော်ကုန်အမှတ်တံဆိပ်ရောင်းချမှုဒီဇိုင်းဖိုရမ်၊ သုံးစွဲသူဖြင့်စင်တာပြုသည့် နည်းပညာဖိုရမ် စသည်တို့ဖြစ်ပါသည်။ ကမ္ဘာအနှံ့မှကုန်သည်များသည် ကွမ်ကျိုးတွင် စုဝေးပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးပွားစေကာ စီးပွားရေးအပြန်အလှန်ဖလှယ်ကြမည်ဖြစ်ပါသည်။

## 文化 ယဉ်ကျေးမှု



9 月 10 日，在第 35 个教师节到来之际，河北省廊坊市永清县永清镇北关小学举行主题活动，以行敬师礼、手工制作礼物、献花等方式表达对老师的感恩之情 新华社 图

စက်တင်ဘာလ(၁၀)ရက်နေ့တွင် ကျရောက်သော (၃၅)ကြိမ်မြောက် ဆရာများနေ့ အခါသမယတွင် ဟော်ပေပြည်နယ်၊ လန်ဖန်းမြို့၊ ယုံချင်းခရိုင် ပေကွမ်းမူလတန်းကျောင်း၌ ဆရာများထံ ရိုသေအလေးပြုခြင်း၊ လက်ဆောင်များပြုလုပ်ပေးအပ်ခြင်း၊ ပန်းပေးအပ်ခြင်း စသည့် နည်းလမ်းများဖြင့် ဆရာများ၏ဂုဏ်ကျေးဇူးကို ကျေးဇူးဆပ်ခဲ့ကြပါသည်။ ပုံ၊ ဆင်ဟွာသတင်းဌာန။

9 月 6 日，2019• 西藏“中国农民丰收节”暨扎囊氆氇文化节在西藏自治区山南市扎囊县举行。在 2019• 西藏“中国农民丰收节”暨扎囊氆氇文化节开幕式上，扎囊县群众演员表演青稞丰收节目 新华社 图

စက်တင်ဘာလ(၆)ရက်နေ့တွင် ၂၀၁၉ ခုနှစ် တိဗက်“တရုတ်လယ်သမားများကောက်သစ်စားပွဲ”နှင့် ကျာနှောင်ဖူလူယဉ်ကျေးမှုပွဲတော်ကို တိဗက်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှန်နန်မြို့ကျာနှောင်ခရိုင်တွင် ကျင်းပခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ကျာနှောင်ခရိုင်မှ အနုပညာရှင်များသည် မုယောစပါး ရိတ်သိမ်းပြဇာတ်ကို တင်ဆက်ခဲ့ပါသည်။ ပုံ၊ ဆင်ဟွာသတင်းဌာန။

9 月 16 日，第十一届中国少数民族传统体育运动会在河南省郑州市奥体中心落下帷幕。34 个代表团、56 个民族的运动健儿们，在为期 9 天的运动会上，充分展现中国少数民族健儿顽强拼搏、团结一心的精神风貌。

စက်တင်ဘာလ ၁၆ ရက်နေ့က ၁၁ ကြိမ်မြောက် တရုတ်တိုင်းရင်းသားရိုးရာအားကစားပြိုင်ပွဲပိတ်ပွဲအခမ်းအနားကို ဟိုနန်ပြည်နယ်ကျိန့်ကျိုးမြို့ အိုလံပစ်အားကစားစင်တာတွင် ကျင်းပခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့(၃၄)ဖွဲ့၊ တိုင်းရင်းသားလူမျိုးစု(၅၆)စုမှလက်ရွေးစင်များသည် ၉ ရက်တာပြိုင်ပွဲကာလအတွင်း တရုတ်တိုင်းရင်းသား အားကစားလက်ရွေးစင်များ၏ ကျန်းမာကြံ့ခိုင်သန်မာသော၊ စည်လုံးညီညွတ်သောစိတ်ဓာတ်ကို အပြည့်အဝ ဖော်ပြခဲ့ကြသည်။





庆祝中华人民共和国成立70周年系列策划

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်းနှစ်(၇၀)ပြည့်အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ်--

# ကြီးမားစွာပြောင်းလဲမှုရှိသော နှစ် ၇၀ ပြည့်နှစ်၊ အမျိုးသားပြန်လည်အားသစ်လောင်းရာမှ ထွန်းလင်းတောက်ပမှုများ ဖော်ဆောင်--

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်း နှစ် ၇၀ ပြည့်နှစ်အချိန်ကာလအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အောင်သီးအောင်နှံများ

# 沧桑巨变七十载　民族复兴铸辉煌

## ——新中国成立 70 周年经济社会发展成就

2019年，是新中国成立70周年。70年来，在中国共产党的领导下，中国各族人民团结一心，迎难而上，开拓进取，奋力前行，从封闭落后迈向开放进步，从温饱不足迈向全面小康，从积贫积弱迈向繁荣富强，创造了一个又一个人类发展史上的伟大奇迹，中华民族迎来了从站起来、富起来到强起来的伟大飞跃，正阔步走在中华民族伟大复兴的新征程上。

တရုတ်နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်က ၂၀၁၉ ခုနှစ် နှစ်သစ်ကူးသဝဏ်လွှာတွင် မိန့်ခွန်းပြောကြားသည်မှာ ၂၀၁၉ ခုနှစ်တွင် မိမိတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးနှစ် ၇၀ ပြည့်နှစ်ဂုဏ်ပြုအထိမ်းအမှတ်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း၊ နှစ်ပေါင်း ၇၀ ကာလအတွင်း အခက်အခဲများစွာကို ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ ပြည်သူလူထုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခိုင်မာသောအခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ပြည်သူလူထုသည် ကျွန်တော်တို့အစိုးရ၏ အကြီးမားဆုံးထောက်ခံအင်အားဖြစ်ပါကြောင်း၊ လမ်းတစ်လျှောက်လုံးတွင် တရုတ်ပြည်သူများသည် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ဇွဲသတ္တိရှိစွာဖြင့် အခက်အခဲများစွာကို တိုက်ဖျက်ခဲ့ရာ တစ်ကမ္ဘာလုံးအံ့ဩလောက်အောင် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၉ ခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်း နှစ်(၇၀)ပြည့်နှစ်ဖြစ်ပါသည်။ နှစ်ပေါင်း (၇၀) ကာလအတွင်း တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် တရုတ်နိုင်ငံ လူမျိုးစုအသီးသီး ပြည်သူလူထုသည် စိတ်ရောကိုယ်ပါစည်းလုံးညီညွတ်စွာဖြင့် အခက်အခဲများကို ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ တီထွင်ဆန်းသစ်မှုရှိစွာဖြင့် ရှေ့သို့ လျှောက်လှမ်းရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ဇွဲသတ္တိရှိစွာ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တံခါးပိတ်ကာလ အရာရာနောက်ကျခဲ့ရာမှ တံခါးဖွင့်တိုးတက်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ဆင်းရဲမှု








နှင့် အားနည်းမှုများမှသည် စည်ပင်သာယာဝပြောမှုနှင့် အားကောင်းမှုဖက်သို့ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ လူ့လောက ဖွံ့ဖြိုးတိုးတက်မှုသမိုင်းတွင် ကြီးမားသော အံ့သြဖွယ်ဆန်းသစ်မှုများ တစ်ခုပြီးတစ်ခု ဖန်တီးနိုင်ခဲ့ပါသည်။ တရုတ်အမျိုးသားလည်း မားမားမတ်မတ်ရပ်တည်ရာမှ ချမ်းမြေ့သာယာမှုနှင့်အင်အားတောင့်တင်းလာမှုဖက်သို့ ကြီးမားသော ခုန်လွှားတိုးတက်မှုများဖြစ်ပေါ်စေနိုင်ခဲ့ရာ တရုတ်အမျိုးသား ပြန်လည်အားသစ်လောင်းရေး ခရီးစဉ်အသစ်အတိုင်း ခြေလှမ်းကျယ်ကျယ်ဖြင့် ရှေ့သို့တိုးတက်လာပါသည်။




# နိုင်ငံတော်၏အထွေထွေအင်အားသည် သမိုင်း ခုန်ပျံကျော်လွှားတိုးတက်မှုဖော်ဆောင်ခဲ့

## 综合国力实现历史性跨越

孙勇刚 制图

တရုတ်နိုင်ငံတော်စာရင်းအင်း၌ာနချုပ်မှ ထုတ်ပြန်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ပြီးနှစ် ၇၀ ပြည့်နှစ်လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး အောင်မြင်မှုများဆိုင်ရာတင်ပြချက်အရ တရုတ်နိုင်ငံအမျိုးသားစီးပွားရေးသည် အဆက်မပြတ် အရှိန်အဟုန်ဖြင့် တိုးတက်လာလျက်ရှိပါသည်။ ကိန်းသေစျေးနှုန်းများအရ ၂၀၁၈ ခုနှစ်တွင် ပြည်တွင်းထုတ်လုပ်မှုစုစုပေါင်းတန်ဖိုးသည် ၁၉၅၂ ခုနှစ်ထက် အဆပေါင်း ၁၇၅ ဆ အထိ တိုးတက်လာခဲ့ရာ နှစ်စဉ်တိုးတက်မှုနှုန်းသည် ၈.၁ ရာခိုင်နှုန်းရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် တရုတ်အမျိုးသားများ၏ လူတစ်ဦးချင်း စုစုပေါင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၉၇၃၂ အထိ ရှိလာပါသည်။

၁၉၅၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တရုတ်နိုင်ငံအခွန်ရငွေသည် နှစ်စဉ်ပျမ်းမျှ ၁၂.၅ ရာခိုင်နှုန်းအထိ တိုးတက်လာပါသည်။ ၎င်းအနက် ၁၉၇၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်းသည် ၁၃.၆ ရာခိုင်နှုန်းအထိရှိပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထု၏ ဘဝကောင်းမွန်ရန်အတွက် ငွေရေးကြေးရေးအရ အားကောင်းစွာ အထောက်အကူပြုနိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်ကုန်အထိ နိုင်ငံခြားငွေရန်ပုံငွေသည် အမေရိကန်ဒေါ်လာ ၃၀၇၂.၇ ဘီလီယံရှိပြီး ၁၃ နှစ်ဆက်တိုက် ကမ္ဘာပေါ်တွင် နံပါတ် ၁ နေရာ၌ တည်ငြိမ်စွာ ရပ်တည်လာပါသည်။



ထို့အပြင် တရုတ်နိုင်ငံမြို့ပြဖြစ်ထွန်းရေး အဆင့်အတန်းလည်း သိသိသာသာ မြှင့်တင်လာပါသည်။ ၂၀၁၈ ခုနှစ်ကုန်အထိ၊ တရုတ်နိုင်ငံ မြို့ပြအမြဲနေထိုင်သူနှုန်းသည် ၅၉.၆ ရာခိုင်နှုန်း အထိ ရောက်ရှိလာပြီး ၁၉၇၈ ခုနှစ်ကုန်ထက် ၄၁.၇ ရာခိုင်နှုန်းအထိ တိုးတက်လာပါသည်။ ၂၀၁၈ ခုနှစ်ကုန်တွင် မြို့ပြနေသန်းခေါင်စာရင်းသည် ၄၃.၃ ရာခိုင်နှုန်းအထိ ရှိပြီး ၂၀၁၂ ခုနှစ်ကုန်ထက် ၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသည်။ ၁၉၄၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြို့ပြပမာဏသည် ၁၃၂ မှ ၆၇၂ အထိ တိုးတက်လာခဲ့ပါသည်။

**တရုတ်တစ်ပြည်လုံးအခွန်ရငွေ 全国财政收入**



၂၀၁၈ ခုနှစ်တွင် (၁၈၃၃၅.၂)ဘီလီယံ ရောက်ရှိခဲ့သည်။
2018年 183352 亿元

၂၀၁၂ ခုနှစ်တွင် ယွမ်ငွေ(၁၁၇၂၅.၄)ဘီလီယံ ရောက်ရှိခဲ့သည်။
2012年 117254 亿元

၁၉၉၉ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ အခွန်ရငွေသည် ပထမဆုံးအကြိမ် ယွမ်ငွေပေါင်း(၁၀၀၀)ဘီလီယံကျော် ရောက်ရှိခဲ့သည်။
1999年突破 10000亿元

၁၉၇၈ ခုနှစ်တွင် (၁၁၃.၂)ဘီလီယံအထိ မြင့်တက်ခဲ့သည်။
1978年 1132 亿元

၁၉၅၀ ခုနှစ်တွင် တစ်နိုင်ငံလုံးအခွန်ရငွေမှာ ယွမ်ငွေ(၆.၂)ဘီလီယံသာ ရှိသည်။
1950年 62 亿元

## ကုန်ထုတ်လုပ်မှုဖွဲ့စည်းပုံ စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်အဆင့်မြှင့်တင်လာခြင်း

## 产业结构持续优化升级

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီး နှစ် ၇၀ ပြည့်နှစ်ကာလအတွင်း တရုတ်နိုင်ငံ စိုက်ပျိုးရေးအခြေခံလုပ်ငန်း၏အခန်းကဏ္ဍသည် အဆက်မပြတ်တိုးတက်အားကောင်းလာလျက်ရှိရာ စက်မှုလုပ်ငန်းဦးဆောင်သောအခန်းကဏ္ဍလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာပါသည်။ ဝန်ဆောင်မှုလုပ်ငန်းက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လာသည်မှာ တစ်နေ့တခြား ပိုမိုသိသာထင်ရှားလာပါသည်။ ကုန်ထုတ်ရေး လုပ်ငန်းပိုင်းဆိုင်ရာ ၃ ခုစလုံးသည် ညီမျှစွာ တိုးတက်လာလျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကဏ္ဍစုံလင်မှု၊



၂၀၁၈ ခုနှစ်တွင် ရှန်းတုန်းပြည်နယ်၊ လင်ရီမြို့၊ ရိန်ချိန်ခရိုင်၊ ရိန်ချိန်ရပ်ကွက် ကွေ့ရီရှီရွာရှိ ဆန်စပါးစိုက်ပျိုးရေး အဓိက လုပ်ငန်းရှင်ဖြစ်သူ ဆွန်ကျုန်ရှာသည် စပါးများ ရိတ်သိမ်းနေသည်ကို တွေ့ရစဉ်။
2018 年，山东省临沂市郯城县郯城街道归义四村种粮大户孙宗侠喜迎收获 新华社 图




ညှိနှိုင်းဆောင်ရွက်နိုင်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်အားကောင်းလာမှုတို့သည်လည်း ပိုမိုခိုင်မာတိုးတက်လာပါသည်။

တင်ပြချက်အရ စိုက်ပျိုးရေးလုပ်ငန်းအခြေအနေသည် စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်လာပါသည်။ အထွေထွေကုန်ထုတ်လုပ်ငန်းစွမ်းဆောင်ရည်သည် အရှိန်အဟုန်ဖြင့် တိုးတက်အဆင့်မြှင့်တင်လာပါသည်။ တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာထုတ်လုပ်မှု စုစုပေါင်းပမာဏသည် ၁၉၄၉ ခုနှစ်မှ တန်ချိန် ၁၁၃.၁၈ သန်းမှ ၂၀၁၈ ခုနှစ်၏တန်ချန် ၆၅၇.၈၉ သန်းအထိ တိုးတက်လာပါသည်။

မျက်မှောက်အချိန်ကာလတွင် တရုတ်နိုင်ငံသည် ကုလသမဂ္ဂ၏ လုပ်ငန်းပိုင်းဆိုင်ရာ အမျိုးအစားသတ်မှတ်မှုများအတွင်း စက်မှုလုပ်ငန်းအမျိုးအစား အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာပါသည်။ စက်မှုထုတ်ကုန် ၂၀၀ ကျော်၏ ထုတ်လုပ်မှုပမာဏသည် ကမ္ဘာ့စက်မှုထုတ်ကုန်ပမာဏ၏ နံပတ် ၁ နေရာတွင် ရပ်တည်လာပါသည်။ ကုန်ထုတ်လုပ်မှုစုစုပေါင်းပမာဏသည် ၂၀၁၀ ခုနှစ်မှစပြီး ကမ္ဘာပေါ်တွင် နံပါတ် ၁ နေရာတွင် ရပ်တည်လာပါသည်။ ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ကျောက်မီးသွေးထုတ်လုပ်မှုပမာဏသည် တန်ချိန် ၃.၆၈ ဘီလီယံရှိပြီး ၁၉၄၉ ခုနှစ်ထက် အဆပေါင်း ၁၁၄ ဆ အထိ တိုးတက်လာပါသည်။ သံမဏိထုတ်လုပ်မှုပမာဏသည် တန်ချိန် ၁.၁၁ ဘီလီယံရှိပြီး အဆပေါင်း ၈၅၀၃ ဆအထိ တိုးတက်လာပါသည်။ ဘိလပ်မြေထုတ်လုပ်မှုပမာဏသည် တန်ချိန် ၂.၂၁ ဘီလီယံရှိပြီး အဆပေါင်း ၃၃၄၄ ဆအထိ တိုးတက်လာပါသည်။

တရုတ်နိုင်ငံ၏ဝန်ဆောင်မှုလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်လာပါသည်။ ၂၀၁၈ ခုနှစ်တွင် ဝန်ဆောင်မှုလုပ်ငန်း၏ တိုးတက်မှုတန်ဖိုးသည် ယွမ်ငွေပေါင်း ၄၆၉၅၇.၅ ဘီလီယံအထိရောက်ရှိလာပြီး ၁၉၇၈ ခုနှစ်ထက် ၅၁ ဆအထိ တိုးတက်လာရာ နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်းသည် ၁၀.၄ ရာခိုင်နှုန်းအထိ ရှိလာပါသည်။

ဂျာမနီနိုင်ငံအတွက် ဆောက်လုပ်ထားသော အမှတ်(၁၆) သင်္ဘောကို တွေ့ရစဉ်။
为德国建造的16号船 新华社 图

# အခြေခံစက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများသည် အရေးကြီးသော ခုန်ပျံကျော်လွှားတိုးတက်မှု အရှိန်အဟုန်ဖြင့် မြင့်တက်လာခြင်း

# 基础产业和基础设施实现重大飞跃

孙勇刚 制图

တရုတ်ပြည်သူ့တသမ္မတနိုင်ငံည်ထောင်ပြီး နှစ်ပေါင်း ၇၀ ပြည့်ကာလအတွင်း တရုတ်နိုင်ငံ၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်လာလျက်ရှိရာ လူမှုစီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ခိုင်မာသော အာမခံချက် ပေးနိုင်ခဲ့ပါသည်။

တင်ပြချက်အရ တရုတ်နိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုလည်း အောင်မြင်မှုများစွာရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်ကုန်အထိ တရုတ်နိုင်ငံ၏သံလမ်းစုစုပေါင်းသည် ကီလိုမီတာ ၁.၃၁ သိန်းရှိပြီး ၁၉၄၉ ခုနှစ်ထက် ၅ ဆအထိ တိုးတက်လာပါသည်။ ၎င်းအနက် မြန်နှုန်းမြင့်သံလမ်းသည် ကီလိုမီတာ ၂၉၀၀၀ အထိရှိပြီး ကမ္ဘာ့မြန်နှုန်းမြင့်သံလမ်းစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းအထက် ပိုင်ဆိုင်




ထားပါသည်။ ကားလမ်းအရှည်သည် ကီလိုမီတာ ၄.၈၅ သန်းအထိရှိပြီး တိုးတက်မှုနှုန်းသည် ၅၉ ဆအထိ ရှိလာပါသည်။ ပုံမှန်လေကြောင်းလိုင်းသည် ကီလိုမီတာ ၈.၃၈ သန်းရှိပြီး ၁၉၅၀ ပြည့်နှစ်ထက် အဆပေါင်း ၇၃၄ ဆ အထိ တိုးတက်လာပါသည်။

တင်ပြချက်အရ တရုတ်နိုင်ငံ စွမ်းအင်ထောက်ပံ့မှုစွမ်းဆောင်ရည်သည် များစွာတိုးတက်အားကောင်းလာပါသည်။ ၂၀၁၈ ခုနှစ်ကုန်အထိ တရုတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားစက်တပ်ဆင်မှုသည် ၁.၉ ဘီလီယံ ကီလိုဝပ်ရှိပြီး ၁၉၇၈ ခုနှစ်ထက် ၃၂.၃ ဆအထိ တိုးတက်လာပါသည်။

ကူမင်းချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံကို တွေ့ရစဉ်။
昆明长水国际机场航站楼 新华社 图

## ကုန်ကြမ်းထုတ်အခြေခံစီးပွားရေး၊ စက်မှုနှင့်ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းအချိုးအစားတင်ပြခြင်း 一、二、三产业值比值



# သိပ္ပံနှင့် နည်းပညာ၊ ပညာရေး၊ လူမှုရေး အညွန့်တလူလူတိုးတက်လာ လျက်ရှိခြင်း

# 科学、教育、社会事业欣欣向荣

နှစ်ပေါင်း ၇၀ သောကာလအတွင်း တရုတ်နိုင်ငံ၏ သိပ္ပံနှင့် နည်းပညာလုပ်ငန်းများသည် အားကောင်းစွာ တိုးတက်လာရာ အရေးကြီးသည့် အောင်သီးအောင်နှံများလည်း စဉ်ဆက်မပြတ် ပေါ်ထွန်းလာပါသည်။ ၂၀၁၈ ခုနှစ်တွင် လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် သုတေသနပြုခြင်းနှင့် စမ်းသပ်ဖွံ့ဖြိုးခြင်းဆိုင်ရာ သုံးငွေသည် ယွမ်ငွေ ၁၉၆၅.၇ ဘီလီယံ အထိရှိပြီး ၁၉၉၅ ခုနှစ်ထက် ၅၅.၄ ဆအထိ တိုးလာပါသည်။ ပြည်တွင်းထုတ်လုပ်မှု စုစုပေါင်းပမာဏနှင့် အချိုးနှုန်းသည် ၂.၁၈ ရာခိုင်နှုန်းဖြစ်ပြီး ၁၉၉၅ ခုနှစ်ထက် ၁.၆၁ ရာခိုင်နှုန်းအထိ တိုးတက်လာရာ ဥရောပဘုံဈေးအဖွဲ့ဝင် ၁၅ နိုင်ငံ၏ ပျမ်းမျှခြင်းအဆင့်အတန်းထက်ကျော်လွန်သွားခဲ့ပါသည်။ တရုတ်နိုင်ငံသည် ၂၀၁၃ ခုနှစ်မှစပြီး ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံး သုတေသနအသုံးစရိတ် ရင်းနှီးမြှုပ်နှံသောနိုင်ငံဖြစ်ပြီး သုတေသနပြုသူ အရေအတွက်နှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ မူပိုင်ခွင့်လျှောက်လွှာတင်မှုတို့သည် ၆ နှစ်နှင့် ၈ နှစ်ကာလအသီးသီးတွင် ကမ္ဘာ့ပထမဦးဆုံးနေရာ ဆက်တိုက်ရပ်တည် လျက်ရှိသည်။

ပညာပေးရေးလုပ်ငန်းအခြေအနေနှင့်အဆင့်အတန်းသည် များစွာတိုးတက်လာပြီး ကမ္ဘာပေါ်တွင် အလယ်အလတ်နှင့် အထက်အဆင့်အတန်းသို့ ရောက်ရှိလာပါသည်။ ၂၀၁၈ ခုနှစ်တွင် ရိုးရိုးကောလိပ်နှင့် အဆင့်မြင့်တက္ကသိုလ်တွင် ကျောင်းတက်နေသော ကျောင်းသားကျောင်းသူများဦးရေသည် ၂၈.၃၁ သန်းရှိပြီး ၁၉၇၈ ခုနှစ်ထက် ၃၂ ဆအထိ တိုးတက်လာပါသည်။ ၁၅ နှစ်နှင့်အထက်တွင်ရှိသော လူဦးရေအတွင်း ကျောင်းတက်သော ပျမ်းမျှခြင်းသက်တမ်းသည် ၁၉၈၂ ခုနှစ်၏ ၅.၃ နှစ်မှ ၉.၆ နှစ်အထိ တိုးတက်လာပါသည်။

တရုတ်နိုင်ငံ၏ ဆေးဝါးကုသမှုအခြေအနေလည်း များစွာတိုးတက်လာပြီး နိုင်ငံသားများ၏ ကျန်းမာရေး အဆင့်အတန်းသည် စဉ်ဆက်မပြတ် တိုးတက်လာပါသည်။ ပြည်သူများ၏ ခန့်မှန်းသက်တမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခါစတွင် ၃၅ နှစ်မှ ၂၀၁၈ ခုနှစ်တွင် ၇၇ နှစ်အထိ ရောက်ရှိလာပါသည်။ မွေးကင်းစကလေး သေဆုံးမှုနှုန်း (infant mortality rate, IMR) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခါစတွင် ၂၀၀ ထောင်ခိုင်နှုန်းမှ ၂၀၁၈ ခုနှစ်၏ ၆.၁ ထောင်ခိုင်နှုန်းအထိ ကျဆင်းလာပါသည်။ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းတစ်ခုလုံးအခြေအနေသည် အလယ်အလတ်တန်းစားနှင့် အထက်တန်းစားဝင်ငွေရရှိသောနိုင်ငံများ၏ ပျမ်းမျှခြင်းအဆင့်အတန်းထက် ပိုမို ကောင်းမွန်သည့် အခြေအနေတွင် ရပ်တည်လာပါသည်။



## မူပိုင်ခွင့်များလျှောက်ထားခြင်းအရေအတွက်—

## 专利申请数量

၂၀၁၈ ခုနှစ်ကုန်တွင် တရုတ်တစ်နိုင်ငံလုံးရှိ မူပိုင်ခွင့်အရေအတွက်ပေါင်း (၈၃.၈) သိန်းရှိခဲ့ပြီး ၎င်းအနက် ပြည်တွင်းတီထွင်ခြင်းမူပိုင်ခွင့်အရေအတွက်မှာ (၁၆) သိန်းရှိသည်။ ပျမ်းမျှခြင်းအားဖြင့် လူဦးရေ(၁)သောင်းတွင် တီထွင်ခြင်းမူပိုင်ခွင့်အရေအတွက် (၁၁.၅)ခု ရှိသည်။ တရုတ်နိုင်ငံသည် ၂၀၁၃ ခုနှစ်မှစ၍ ကမ္ဘာ့တီထွင်ဖန်တီးခြင်းအတွက် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံသောနိုင်ငံဖြစ်ပြီး တီထွင်သူဦးရေနှင့်တီထွင်ခြင်း မူပိုင်ခွင့်လျှောက်ထားခြင်းအရေအတွက်များသည် (၆)နှစ်နှင့်(၈)နှစ်ကာလအသီးသီးတွင် ကမ္ဘာ့ပထမဦးဆုံးနေရာ ဆက်တိုက်ရပ်တည်လျက်ရှိသည်။



## ဆေးဝါးကုသရေးနှင့် ကျန်းမာရေးလုပ်ငန်းများ—

## 医疗卫生体系

၁၉၇၈ ခုနှစ်ကုန်တွင် တရုတ်ဆေးကုသရေးအဖွဲ့အစည်း (၁.၇)သိန်း၊ ခုတင်အရေအတွက်မှာ (၂၀.၄)သိန်း၊ ဆေးကုသရေးနည်းပညာရှင်ပေါင်း (၂၄.၆)သိန်းသာ ရှိသည်။ ၂၀၁၈ ခုနှစ်ကုန်တွင် တစ်နိုင်ငံလုံးရှိ ဆေးကုသရေးအဖွဲ့အစည်းမှာ (၉.၉၇)သိန်း၊ ၁၉၄၉ ခုနှစ်ကုန်ထက် (၂၇၁)ဆအထိ တိုးတက်ခဲ့သည်။ ဆေးကုသရေးနည်းပညာရှင်ဦးရေမှာ (၉၅.၂)သိန်း၊ ယခင်ထက်(၁၇.၈)ဆ အထိ တိုးတက်ခဲ့သည်။

## ပြည်သူလူထု၏ဘဝသည် ကြီးမားသော ပြောင်းလဲမှုရှိလာခြင်း

## 人民生活发生翻天覆地变化

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီး နှစ်ပေါင်း ၇၀ ပြည့်ကာလအတွင်း တရုတ်ပြည်သူများ၏ ဘဝသည် ဝမ်းမဝခါးမလုံသော အခြေအနေမှ အများအားဖြင့် ချမ်းမြေ့သာယာဝပြောသောဘဝသို့ရောက်ရှိလာပြီး ဘက်စုံချမ်းမြေ့သာယာသောဘဝသို့ ရှေ့ရှုချီတက်လျက်ရှိနေပါသည်။ ၂၀၁၈ ခုနှစ်ကုန်တွင် တရုတ်နိုင်ငံ၏ အလုပ်အကိုင်ရရှိသူဦးရေသည် ၇၇၅.၈၆ သန်းအထိ တိုးတက်လာပါသည်။ ၎င်းအနက် စက်မှုနှင့် ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်လုပ်သူဦးရေသည် ၂၇.၆ ရာခိုင်နှုန်းနှင့် ၄၆.၃ ရာခိုင်နှုန်းအသီးသီးရှိပြီး ၁၉၅၂ ခုနှစ်ထက် ၂၀.၂ ရာခိုင်နှုန်းနှင့် ၃၇.၂ ရာခိုင်နှုန်းအထိ အသီးသီးမြင့်တက်လာပါသည်။

ပြည်သူများ၏ဝင်ငွေသည် စဉ်ဆက်မပြတ်တိုးတက်လာလျက်ရှိရာ စားသုံးမှုအရည်အချင်းလည်း တိုးတက်လာပါသည်။ ၂၀၁၈ ခုနှစ်တွင် တရုတ်ပြည်သူများ၏ လူတစ်ဦးချင်းကိုယ့်ဆန္ဒအလျှောက်စီစဉ်နိုင်သော ဝင်ငွေသည် ၂၈၂၂၈ ယွမ်ရှိပြီး ၁၉၇၈ ခုနှစ်ထက် ၂၄.၃ ဆအထိတိုးတက်လာပါသည်။ စားသုံးမှုအသုံးစရိတ်သည် ၁၉၈၅၃ ယွမ်ရှိပြီး ၁၉၇၈ ခုနှစ်ထက် ၁၉.၂ ဆအထိ တိုးတက်လာပါသည်။



ရန်ရွှေမေ (ညာ ၃) သည် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင်မွေးဖွားသော မိန်းကလေးတစ်ယောက်ဖြစ်ပါသည်။ သူမကဘွဲ့ရပြီးနောက် ဘိုးဘွားရိပ်သာတစ်ခုကို ဖွင့်လှစ်ခဲ့ပါသည်။
杨瑞美（右三）是个“80 后”女孩，毕业后自己创业，开办了一家养老院 新华社 图



### အလုပ်အကိုင်ရရှိမှုနှုန်း—

### 就业规模

၁၉၄၉ ခုနှစ်ကုန်တွင် တစ်နိုင်ငံလုံးရှိ အလုပ်ရသူဦးရေမှာ (၁၈၀.၈၂) သန်းရှိပြီး ၎င်းအနက် မြို့ပြတွင် အလုပ်အကိုင်ရရှိသူမှာ (၁၅.၃၃)သန်းသာ ရှိသည်။ မြို့ပြတွင် အလုပ်လက်မဲ့ဦးရေမှာ (၂၃.၆%)အထိ ရှိခဲ့ပါသည်။

ပြီးခဲ့သော ၁၉၅၀ မှ ၁၉၇၀ ခုနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် တရုတ်အလုပ်အကိုင်ရရှိသူများ ပိုမိုများပြားခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အလုပ်ရရှိသူဦးရေမှာ (၄၀၁.၅၂) သန်းရှိပြီး ၎င်းအနက် မြို့ပြတွင် အလုပ်ရရှိသူဦးရေမှာ (၉၅.၁၄)သန်းရှိပါသည်။

၂၀၁၈ ခုနှစ်ကုန်တွင် တရုတ်နိုင်ငံအလုပ်အကိုင်ရရှိသူဦးရေမှာ (၇၇၅၈.၆)သိန်းအထိရှိပြီး ၎င်းအနက် စက်မှုနှင့်ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်အကိုင်ရရှိသူဦးရေအချိုးမှာ (၂၇.၆%) နှင့် (၄၆.၃%) အသီးသီး ဖြစ်သည်။

## ဝန်ဆောင်မှုလုပ်ငန်းသည် တရုတ်စီးပွားရေး၏ အကြီးမားဆုံးကုန်ထုတ်လုပ်ငန်းဖြစ်လာ

## 服务业成为中国经济的第一大产业

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီး နှစ်ပေါင်း ၇၀ ပြည့်ကာလအတွင်း ဝန်ဆောင်မှုလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်နေပါသည်။ ၁၉၅၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တရုတ်နိုင်ငံရှိ ဝန်ဆောင်မှုလုပ်ငန်း၏ ထုတ်လုပ်မှုတန်ဖိုးသည် ယွမ်ငွေ ၁၉.၅ ဘီလီယံမှ ၄၆၉၅၇.၅ ဘီလီယံအထိ တိုးတက်လာခဲ့ပါသည်။ ကိန်းသေဈေးနှုန်းများအရ နှစ်စဉ် တိုးတက်မှုနှုန်းသည် ၈.၄ ရာခိုင်နှုန်းရှိပြီး ပြည်တွင်း ဂျီဒီပီ၏ နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်းထက် ၀.၃ ရာခိုင်နှုန်း ပိုမိုမြင့်မားလာပါသည်။

## တရုတ်နိုင်ငံ၏ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းသည် ကမ္ဘာ့ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကြီးအတွက် ကြီးမားစွာ အကျိုးပြုခဲ့

## 中国减贫为世界减贫做出卓越贡献

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီး နှစ်ပေါင်း ၇၀ ပြည့်ကာလအတွင်း တရုတ်နိုင်ငံသည် တည်ဆောက်မှုလုပ်ငန်းများ အရှိန်မြန်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲရေး ပိုမို နက်ရှိုင်းလာအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာထောက်ပံ့ကူညီမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အတိုင်းအတာကြီးမားစွာ ပြုလုပ်ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဆင်းရဲသားလူဦးရေ ကြီးမားစွာ ကျဆင်းလာစေပြီး တစ်ကမ္ဘာလုံးတွင် ကုလသမဂ္ဂ၏ ထောင်စုနှစ်စီမံကိန်းပါ ဆင်းရဲမှု လျှော့ချရေး ရည်မှန်းချက်ကို အစောဆုံးအကောင်အထည်ဖော်နိုင်ခဲ့သော ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ ဖြစ်လာပါသည်။ တစ်ကမ္ဘာလုံး၏ ဆင်းရဲမှုလျှော့ချရေးဖြစ်စဉ်ကို အရှိန်မြန်စွာတွန်းအားပေးနိုင်ခဲ့ပြီး တစ်ကမ္ဘာလုံး၏ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် ကြီးမားစွာ အကျိုးပြုနိုင်ခဲ့ပါသည်။

ကမ္ဘာ့ဘဏ်၏ ၂၀၁၈ ခုနှစ်အတွက် ထုတ်ပြန်သော "Systematic country diagnosis in China" ဆိုင်ရာ အစီရင်ခံစာအရ "တရုတ်နိုင်ငံသည် စီးပွားရေးအရှိန်အဟုန်တိုးတက်လာမှုနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဖက်တွင် 'မကြုံစဖူးသော အောင်မြင်မှုများ' ရရှိခဲ့ပါကြောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Guterres က '၂၀၁၇ ခုနှစ် ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဆင့်မြင့်ဖိုရမ်' သို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ပြီး တရုတ်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာအကြံဉာဏ်ကောင်းနှင့် စီမံချက်များကို အထူးချီးကျူးအားပေးခဲ့သည်မှာ 'တိကျမှန်ကန်သော ဆင်းရဲမှုလျှော့ချရေး စီမံချက်များသည် အဆင်းရဲဆုံးပြည်သူများကို အကူအညီပေးပြီး ၂၀၃၀ ပြည့်နှစ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာရေးဆိုင်ရာ ကြီးမားသော ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် သန်းပေါင်းရာချီဆင်းရဲသူများအား ဆင်းရဲမှုမှ လွတ်မြောက်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ တရုတ်နိုင်ငံ၏ အတွေ့အကြုံသည် အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကျိုးရှိစွာ လေ့လာအတုယူနိုင်မည် ဖြစ်ပါကြောင်း' ဟု ဖော်ပြထားပါသည်။"

## "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်" အဆိုပြုတင်ပြချက်သည် တက်ကြွသော အောင်မြင်မှုများရရှိလာခြင်း

## "一带一路"倡议取得积极成果

၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်က "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်" အတူတကွ တည်ဆောက်ရန် အဆိုပြုချက်ကို တင်ပြလာပါသည်။ ဤအဆိုပြုချက်တွင် အပြန်အလှန်ပေါင်းစပ်ဆက်နွယ်မှုရှိခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများကို အဖြစ်မှန်အတိုင်း နက်ရှိုင်းစွာဖော်ဆောင်လာခြင်း၊ အတူညှိနှိုင်းခြင်း၊ အတူတည်ဆောက်ခြင်း၊ အတူတကွအကျိုးအမြတ်မျှဝေခံစားခြင်းဟူသော ခံယူချက်များအတိုင်း တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေရန်နှင့် အတူတကွ ဖွံ့ဖြိုးတိုးတက်လာအောင် ဖော်ဆောင်မည်ဖြစ်ပါသည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်" အဆိုပြုချက်သည် သမိုင်း၏နောက်ခံအကြောင်းပေါ် မူတည်ပြီး လူ့လောက ဘုံကံကြမ္မာအသိုက်အဝန်း တည်ဆောက်ရေးအတွက် အရေးကြီးသည့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ရန် ပလက်ဖောင်း ဖြစ်လာနေသည်။

၆ နှစ်ကျော်ကာလအတွင်း နိုင်ငံနှင့်နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၁၅၀ ကျော်တို့သည် တရုတ်နိုင်ငံနှင့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်" အတူတည်ဆောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ပြီး ပေါင်းစပ်ဆက်နွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကွန်ရက်ကို ဖော်ဆောင်နေပါသည်။ "ရပ်ဝန်းတစ်ခု၊ လမ်း




ကြောင်းတစ်သွယ်” ဆိုင်ရာ အဆိုပြုချက်နှင့် ၎င်း၏သဘောချက်ကျသော သဘောတရားသည် ကုလသမဂ္ဂ၊ ဂျီ ၂၀ နိုင်ငံများအုပ်စုအဖွဲ့၊ APEC နှင့် အခြားသောဒေသအဖွဲ့အစည်းများဆိုင်ရာ စာရွက်စာတမ်းများတွင် ရေးထည့်ခဲ့ပါသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” အဆိုပြုချက်သည် နိုင်ငံအသီးသီးမှ ပြည်သူများ၏ ဘဝအဆင့်အတန်းအားကောင်းစွာ မြှင့်တင်ပေးနိုင်ရုံတင်မကပဲ အချို့နိုင်ငံများတွင် နှစ်ကြာရှည်သောကာလအတွင်း ကားလမ်း၊ သံလမ်း၊ လျှပ်စစ်ဓာတ်အားများ အားနည်းခြင်းစသော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ခဲ့ပါသည်။ ကုလသမဂ္ဂ၏ ၂၀၃၀ ခုနှစ် ရေရှည်စွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ကြီးမားသော အကျိုးဖြစ်ထွန်းနိုင်ခဲ့ပါသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” စီမံချက်များသည် တစ်ကမ္ဘာလုံး၏ ဆင်းရဲမှုလျှော့ချရေးစီမံကိန်းများဖော်ဆောင်ရေးအတွက် အထောက်အကူပေးနိုင်မည်ဖြစ်ပါသည်။

၆ နှစ်ကာလအတွင်း “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” ဆိုင်ရာပေါင်းစပ်ဆက်နွယ်မှု ဖွဲ့စည်းပုံသည် အခြေခံအားဖြင့် ဖော်ဆောင်လာပါသည်။ အရေးကြီးသည့် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများကို စတင်အကောင်အထည်ဖော်ဆောင်လာပါသည်။ တရုတ်နိုင်ငံနှင့် ပိုးလမ်းမတစ်လျှောက်လုံးရှိ နိုင်ငံများအကြားလေကြောင်းလိုင်း ၁၂၃၉ လိုင်းကို အသစ်တိုးချဲ့လာရာ အသစ်ဖွင့်လှစ်သော နိုင်ငံတကာလေကြောင်းလိုင်း စုစုပေါင်းပမာဏ၏ ၆၉.၁ ရာခိုင်နှုန်းအထိ ပါဝင်လာပါသည်။ တရုတ်–ဥရောပ ရထားလိုင်းသည် အာရှနှင့် ဥရောပတိုက်များရှိ ၁၆ နိုင်ငံများမှ မြို့ပြ ၁၀၈ ခုရှိလာရာ ခုတ်မောင်းခဲ့သောရထားတွဲသည် ၁၃၀၀၀ ကျော်အထိ ရောက်ရှိလာပါသည်။ တရုတ်–မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ တရုတ်–ထိုင်းနိုင်ငံအကြားရှိ ကူမင်း–ဘန်ကောက်ကားလမ်းစီမံကိန်းများကို ပြီးမြောက်စွာတည်ဆောက်လာခဲ့သည်။ တရုတ်–လာအိုသံလမ်း၊ တရုတ်–ထိုင်းနိုင်ငံသံလမ်းစီမံကိန်းများသည် အဆင်ပြေစွာ တိုးတက်လာလျက်ရှိပါသည်။ တရုတ်နိုင်ငံနှင့် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” လမ်းတစ်လျှောက်ရှိ နိုင်ငံများအကြား ကုန်သွယ်ရေးစုစုပေါင်းပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်း ၆၀၀၀ ထက်ကျော်လွန်သွားခဲ့ပါသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” လမ်းတစ်လျှောက်ရှိ နိုင်ငံများသို့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်း ၉၀ အထိရှိရာ နိုင်ငံအသီးသီးများအတွက် ပိုမိုကောင်းမွန်သော စီးပွားရေးလည်ပတ်မှုပတ်ဝန်းကျင်၊ ပိုမိုအဆင်ပြေသော နေရေးထိုင်ရေး အချက်အလက်များနှင့် ပိုမိုပုံစံများပြားသော အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးခဲ့ပါသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” သည် ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်မှုတိုးတက်စေရန် မောင်းနှင်အားပေးသော အရေးကြီးသည့်အင်ဂျင်စက်ဖြစ်လာကြောင်း တွေ့ရပါသည်။

နှစ်ပေါင်း ၇၀ သောကာလအတွင်း ဖွံ့သတ္တိရှိစွာ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တရုတ်နိုင်ငံသည် ကြီးမားသော ပြောင်းလဲမှုဖြစ်ပေါ်လာခဲ့ပါသည်။ တရုတ်အမျိုးသား၏သမိုင်းကြောင်းတွင် အလွန်စိတ်လှုပ်ရှားစရာကောင်းသော ကြိုးပမ်းဆောင်ရွက်ရေးသမိုင်းကဗျာ ဖြစ်လာပါကြောင်း ရှုမြင်နိုင်မည်ဖြစ်ပါသည်။

稿件来源：新中国成立 70 周年经济社会发展成就系列报告

၂၀၁၉ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ဒုတိယအကြိမ်မြောက် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ပေကျင်းအမျိုးသားကွန်ဗန်းရှင်းစင်တာ၌ ကျင်းပစဉ်။

2019 年 4 月 26 日，第二届“一带一路”国际合作高峰论坛开幕式在北京国家会议中心举行 新华社 图

# “一个都不能少”

70年来，中国人民的生活发生了翻天覆地的变化。本期，《吉祥》杂志带您走进 26 个普通中国人的生活，他们来自云南 26 个民族。他们之中，有农民，有教师，有村干部，有乡镇企业家，有的自己勤劳致富，有的靠政策脱贫，还有的带领群众一起奔小康。在通往全面小康社会的道路上，云南省 26 个民族，一个都不能少，一个都不会少。

ယူနန်ပြည်နယ်သည် တိုင်းရင်းသားလူမျိုးအများဆုံးနေထိုင်သည့် ပြည်နယ်ဖြစ်သည်။ ဟန်လူမျိုးမှလွဲ၍ ရီတိုင်းရင်းသား၊ ပိုင်တိုင်းရင်းသား၊ ဟာနီတိုင်းရင်းသား၊ တိုင်တိုင်းရင်းသား၊ ကျွမ့်တိုင်းရင်းသား၊ မြောင်တိုင်းရင်းသား၊ ဟွေတိုင်းရင်းသား၊ လီဆူးတိုင်းရင်းသား၊ လားဟူတိုင်းရင်းသား၊ ဝတိုင်းရင်းသား၊ နာရှီတိုင်းရင်းသား၊ ယောင်တိုင်းရင်းသား၊ ဂျိမ်းဖောတိုင်းရင်းသား၊ တိဗက်တိုင်းရင်းသား၊ ပလောင်တိုင်းရင်းသား၊ ပုရီတိုင်းရင်းသား၊ အာချမ်တိုင်းရင်းသား၊ ဖူမီတိုင်းရင်းသား၊ မွန်ဂိုတိုင်းရင်းသား၊ နုတိုင်းရင်းသား၊ ကျီနော့တိုင်းရင်းသား၊ တအောင်းတိုင်းရင်းသား၊ စွေတိုင်းရင်းသား၊ မန်ချူးတိုင်းရင်းသား၊ တူလုံတိုင်းရင်းသားစသဖြင့် တိုင်းရင်းသားလူမျိုး (၂၅)မျိုး၏ လူဦးရေအသီးသီးမှာ (၅၀၀၀)နှင့်အထက်ရှိကြပါသည်။

ဩဂုတ်လ ၁၂ ရက်နေ့တွင် တရုတ်နိုင်ငံတော်ကောင်စီပြန်ကြားရေးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်း နှစ်(၇၀)ပြည့်နှစ်အထိမ်းအမှတ် ယူနန်အကြောင်း သတင်းစာရှင်းလင်းပွဲကို ပေကျင်းမြို့တွင် ကျင်းပခဲ့ပါသည်။ ယူနန်ပြည်နယ်ပါတီကော်မတီအတွင်း



ရေးမှူး၊ ပြည်နယ်ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီညွှန်ကြားရေးမှူး ချန်ဟောင်က ပြည်တွင်းပြည်ပသတင်းမီဒီယာများထံ ယူနန်ပြည်နယ်စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေအကြောင်း မိတ်ဆက်ပြောကြားရာ၌ "တိုင်းရင်းသားလူမျိုးတိုင်းသည် တစ်အိမ်တစ်သားတည်းပင်ဖြစ်သည်။ မိသားစုဝင်အားလုံးနေထိုင်မှုများ အဆင်ပြေစေရမည်။" ဟူသောဆောင်ပုဒ်ဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်နေပြီး အကျိုးထိရောက်မှုရှိသော စီမံကိန်းများကို ချမှတ်နေသည်။ နုကျမ်းပြည်နယ်ခွဲ၊ တီချင့်ပြည်နယ်ခွဲ၊ ကျောက်ထုံးမြို့စသည့် ဆင်းရဲသောနယ်မြေများကို အလေးပေး၍ စားရေးသောက်ရေးနှင့်အဝတ်အစား စိုးရိမ်ပူပန်မှုမရှိစေရန်၊ ပညာရေး၊ အခြေခံဆေးကုသရေးနှင့်နေထိုင်ရေးအာမခံချက်ရှိစေရန် ထိထိရောက်ရောက်ဆောင်ရွက်ပေးခြင်းဖြင့် သိသာထင်ရှားသောအောင်မြင်မှုရလဒ်များကို ဖန်တီးလျက်ရှိသည်ဟု ပြောကြားခဲ့ပါသည်။

၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ယူနန်ပြည်နယ်တွင် ဆင်းရဲနွမ်းပါးသူဦးရေ ၇.၀၇ သန်းခန့်ဆင်းရဲနွမ်းပါးမှုမှလွတ်မြောက်နိုင်ခဲ့ပြီး ကျေးရွာပေါင်း ၅၀၆၈ ခု၊ ခရိုင်ပေါင်း ၄၈ ခု ဆင်းရဲနွမ်းပါးမှုစာရင်းမှထွက်လာနိုင်ခဲ့ကြောင်း၊ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၀၁၂ ခုနှစ်နှစ်ကုန်တွင်ရှိသော ၂၁.၇% မှ ၅.၃၉% အထိ လျော့ကျခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် သတ်မှတ်ထားသည့်အချိန်ကာလအတိုင်း ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းစီမံကိန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယူနန်ပြည်နယ်မှ တိုင်းရင်းသားလူမျိုးအားလုံးသည် တစ်နိုင်ငံလုံးနှင့်အတူ သက်တောင့်သက်သာရှိစွာနေထိုင်နိုင်သော လူနေမှုဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ချန်ဟောင်က ပြောကြားပါသည်။

ယခုလထုတ် "မင်္ဂလာ"မဂ္ဂဇင်းတွင် သာမန်ပြည်သူ (၂၆)ဦး၏ နေ့စဉ်နေထိုင်မှုအကြောင်းကို ဖော်ပြသွားပါမည်။ သူတို့သည် ယူနန်ပြည်နယ်တွင်နေထိုင်သောလူမျိုး (၂၆) မျိုးအပါအဝင်ဖြစ်ကြသည်။ သူတို့ထဲတွင် လယ်သမား၊ ကျောင်းဆရာ၊ ရွာသူကြီး၊ ကျေးရွာလုပ်ငန်းရှင်များ၊ ကိုယ်တိုင်ကြိုးပမ်းအားထုတ်ရင်း ကြီးပွားချမ်းသာသွားသူများနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုမှလွတ်မြောက်သူများ ပါဝင်ပါသည်။ ယူနန်ပြည်နယ်တွင် လူမျိုး (၂၆)မျိုး ရှိပါသည်။ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ပြီး သာယာဝပြောသောလူနေမှုဘဝတွင် နေထိုင်နိုင်ရန် လူမျိုးတစ်မျိုးမျှမကျန်ရစ်စေရ။



# ဟန်လူမျိုး ၊ စပျစ်နီကြောင့် “ချမ်းသာသောဘဝများ”ရရှိလာခြင်း

## 汉族｜红提葡萄带来“甜日子”

本刊记者 沈燕 文／图



魏聪，汉族，云南省大理白族自治州宾川县大营镇排营村委会回子营村村民。2010年，魏聪和其他村民一起，在政府的支持下，开始种植红提葡萄。隔年，收入就实现了翻番，红提葡萄成为回子营村村民脱贫致富的“幸福果”。





အသက် (၂၇) အရွယ်ရှိ ဝေချုံသည် ဟန်လူမျိုးဖြစ်ပြီး တာ့လီပိုင်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ပင်ချွမ်ခရိုင် တာရင်မြို့ဟွေကျီရင်ရွာမှ ရွာသားတစ်ဦးဖြစ်ပါသည်။

ယခင်က ဟွေကျီရင်ရွာသည် လမ်းပန်းဆက်သွယ်ရေး မကောင်းပေ။ လူဦးရေများပြားပြီး လယ်ယာမြေနည်းပါးလှသည်။ အဓိကစီးပွားရေးဝင်ငွေသည် ဆေးရွက်ကြီးမီးကင်ခြင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစိုက်ပျိုးခြင်းတို့မှ ရရှိခြင်းဖြစ်ပြီး ရွာသူရွာသားအများစုမှာ ဆင်းရဲနွမ်းပါးကြသည်။

၂၀၁၀ ပြည့်နှစ်တွင် ဝေချုံသည် အခြားသော ရွာသူရွာသားများနှင့်အတူ အစိုးရ၏ထောက်ပံ့မှုအောက်တွင် စပျစ်နီကို စတင်စိုက်ပျိုးခဲ့ကြရာ နောက်တစ်နှစ်တွင် ဝင်ငွေနှစ်ဆ တိုးပွားလာပါသည်။ ထိုအချိန်မှစ၍ စပျစ်နီစိုက်ပျိုးခြင်းသည် ဟွေကျီရင်ရွာနေရွာသူရွာသားများအား ဆင်းရဲနွမ်းပါးခြင်းဘဝမှ ကြွယ်ဝချမ်းသာခြင်းဘဝသို့ မြှင့်တင်ပေးနိုင်သော လုပ်ငန်းတစ်ခု ဖြစ်လာပါသည်။ “ယခုအချိန်တွင် ကတ္တရာလမ်းများ အိမ်တိုင်းအိမ်တိုင်းသို့ ပေါက်ရောက်နေပြီး အွန်လိုင်းဈေးရောင်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးကုမ္ပဏီများသည် ရွာထဲသို့ တိုက်ရိုက်ဝင်ရောက်လာပြီး အသီးများဝယ်ယူခြင်း၊ ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီဖြစ်သည်။ သစ်သီးများအရောင်းသွက်သောကြောင့် ဈေးလည်း မြင့်တက်လာပါသည်။ ကိုယ်ပိုင်စိုက်ခင်း ၆ ဧက (တရုတ်ဧက) မှ တစ်နှစ်တာအတွင်း ဝင်ငွေတရုတ်ယွမ် ၁၅၀၀၀၀ ကျော်ရရှိနေပြီဖြစ်ပါသည်။

ပုံ ၁၊ ၂၊ ဝေချုံ စိုက်ပျိုးထုတ်လုပ်ထားသော စပျစ်သီးအနီများကို တွေ့ရစဉ်။
图①②魏聪种植的红提葡萄 元德 图

# ရီတိုင်းရင်းသား၊ ရန်လုစန်းနှင့်သူ၏“နေပျော်သော ရီတိုင်းရင်းသားတည်းခိုအိမ်”

## 彝族｜杨禄森和他的“开心彝栈”

本刊记者 段毅 文 / 图



杨禄森，彝族，家住云南省大理白族自治州剑川县大佛殿村。近年来，杨禄森在各级政府的支持下开设了村里第一个农家乐“开心彝栈”，又修建了有四个标间的民宿。外来游客的需求，拉动了村民们养鸡羊、种果蔬以及土豆、蜂蜜、蕨菜、火腿等农特产品的销售，形成了新的致富产业链。





ရန်လုစန်းသည် ရီတိုင်းရင်းသားဖြစ်ပြီး ယူနန်ပြည်နယ်တာ့လီပိုင်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ကျမ်ချွမ်ခရိုင် တာဖော်တယ်ရွာတွင် နေထိုင်သူတစ်ဦးဖြစ်ပါသည်။

တာဖော်တယ်ရွာသည် တာ့လီပြည်နယ်ခွဲ ကျမ်ချွမ်ခရိုင် လောင်ကျွမ်တောင်အောက်တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၆၅၀ မီတာတွင် တည်ရှိရာ အေးမြသောကုန်းမြင့်တောင်ပေါ်ဒေသဖြစ်ပါသည်။ ဒေသအတွင်း တောင်တန်းများပြားခြင်း၊ မြေပြန့်လွင်ပြင် နည်းပါးခြင်းစသည်တို့ကြောင့် ကျေးရွာနေပြည်သူလူထု၏ အဓိကဝင်ငွေမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုသာ အဓိကထားကြရပြီး စိုက်ပျိုးရေးထွက်ကုန် တန်ဖိုးငွေနည်းပါးပါသည်။

ယခုနှစ်ပိုင်းတွင် ရီတိုင်းရင်းသားများ၏ ရိုးရာဓလေ့များဖြင့် ပြည့်နှက်နေပြီး သစ်တောအရင်းအမြစ်နှင့် မြက်ခင်းလွင်ပြင်အရင်းအမြစ်များကို ပိုင်ဆိုင်ထားသောတာဖော်တယ်ရွာသည် လှပသော ကျေးရွာတည်ဆောက်ခြင်းအခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်ထားပါသည်။ ဒေသခံရွာသားရန်လုစန်းသည် အစိုးရဌာနအဆင့်ဆင့်၏ ကူညီထောက်ပံ့မှုဖြင့် ကျေးရွာတွင် ပထမဆုံး “နေပျော်သော ရီတိုင်းရင်းသားတည်းခိုအိမ် ”စားသောက်ဆိုင်ကို ဖွင့်လှစ်ခဲ့ပြီး နှစ်ယောက်အိပ်ခန်းလေးခန်းပါသော လူနေအိမ်တည်းခိုခန်းကိုလည်း တည်ဆောက်ထားပါသည်။ ထို့သို့ဖြင့် ခရီးသွားဧည့်သည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရင်း ဒေသခံရွာသားများ၏ကြက်၊ ဆိတ်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို လက်တွဲခေါ်ဆောင်လာနိုင်ခဲ့သည်။ သစ်သီးဝလံစိုက်ပျိုးရေးလုပ်ငန်းများ၊ အာလူး၊ ပျားရည်၊ ဋရင်ကောက်ပင်၊ ဝက်ပေါင်ခြောက်စသည့် စိုက်ပျိုးရေးထွက်ကုန်များ၏ ရောင်းအားများကို တိုးမြှင့်လာစေပါသည်။ ထို့သို့ဖြင့် ချမ်းသာကြွယ်ဝမှုကွင်းဆက်အသစ်တစ်ခုကို ဖြစ်ပေါ်လာစေပါသည်။

ပုံ ၁၊ ရန်လုစန်းပုံကို တွေ့နေစဉ်။
图①杨禄森

ပုံ ၂၊ ရွာအတွင်းရှိ ကလေးများကို တွေ့ရစဉ်။
图②村里的孩子们

# ပိုင်တိုင်းရင်းသား ၊ ဖန်ကျမ်ဝံ၏ "ချမ်းသာကြွယ်ဝမှုကို သယ်ဆောင်ပေးလာသော အသီး"

## 白族 | 范建文的"致富果"

本刊记者 段建鑫 / 文 胡超 / 图



范建文，白族，家住云南省大理白族自治州苍山西坡腹地的光明村。光明村有 6000 多株树龄在200年以上的核桃树，如今，光明村充分发挥特色优势，大力推动核桃产业发展。"在林业专家指导下，我们将林下中药材种植与核桃种植相结合，土地亩产值不断提高，日子越过越红火。" 范建文说。



ဖန်ကျမ်ဝံသည် ပိုင်တိုင်းရင်းသားဖြစ်ပြီး ယူနန်တာ့လီပိုင်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲချမ်းစန်တောင်အနောက်ဖက်ရှိကွမ်မင်ရွာတွင် နေထိုင်သူတစ်ဦးဖြစ်သည်။ ကွမ်မင်ရွာတွင် သက်တမ်း (၂၀၀)ကျော်ရှိသောသစ်ကြားသီးပင်(၆၀၀၀)ကျော်ရှိသည်။ "အရင်တုန်းက ကျွန်တော်တို့တွေဟာ သစ်ကြားသီးပင်တွေပဲ အမှီပြုအသက်မွေးဝမ်းကြောင်းပြုတယ်။ သစ်ကြားသီးဈေးနှုန်းကလည်း မတည်ငြိမ်ဘူး။ ဖြစ်လာသမျှအားလုံးကကံနှင့်သာ ဆိုင်တယ်လို့ပဲ မှတ်ယူခဲ့ကြတယ်။" ဟု ဖန်ကျမ်ဝံက ပြောပါသည်။

ယခုနှစ်ပိုင်းတွင် ကွမ်မင်ရွာသည် အားသာချက်အားလုံးကို ကောင်းမွန်စွာ အသုံးပြုနိုင်ပြီး သစ်ကြားသီးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အားစိုက်ဆောင်ရွက်ခဲ့ပါသည်။ တာ့လီပြည်နယ်ခွဲ ရမ်းပီခရိုင်သစ်တောရေးဌာနနှင့်အတူ ပူးပေါင်း၍ နိုင်ငံတော်သစ်တောစိုက်ခင်း ထူထောင်ခဲ့ပြီး တရုတ်ဧက ၅၈၂.၆ ရှိသစ်ကြားသီးစမ်းသပ်ဇုန်စိုက်ခင်းနှင့်တရုတ်ဧက ၁၀၀ရှိစံပြအခြေစိုက်စခန်းများကို တည်ဆောက်ကာ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ခဲ့ပါသည်။ နည်းပညာသုတေသနပြုခြင်းကိုလည်း တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ "ယခုအခါ သစ်တောပညာရှင်များ၏ ညွှန်ကြားမှုအောက်တွင် ကျွန်တော်တို့သည် သစ်တောထဲတွင် တရုတ်ဘယဆေးမြစ်စိုက်ပျိုးခြင်းနှင့် သစ်ကြားသီးစိုက်ပျိုးခြင်းတို့ကို ပေါင်းစပ်လိုက်ပါသည်။ ထိုသို့ဖြင့် စိုက်ပျိုးမြေတန်ဖိုးအဆက်



မပြတ် မြင့်မားလာပြီး နေထိုင်မှုဘဝအဆင့်အတန်းလည်း ပိုမိုမြင့်မားလာပါတော့သည်။"

ထို့အပြင်ကျေးရွာကော်မတီသည်သစ်ကြားသီးကွင်းဆက်ကိုပိုမိုချဲ့ထွင်နိုင်အောင် တွေးဆ၍ သက်ဆိုင်သည့်လုပ်ငန်းရှင်များ၊ စက်ရုံပိုင်ရှင်များနှင့် ချိတ်ဆက်ပြီးအကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆောင်ရွက်နေပါသည်။ သစ်ကြားသီး အချောထည်လုပ်ငန်းများကိုလုပ်ဆောင်ပြီး လက်ဆောင်၊ လက်မှုအနုပညာပစ္စည်းများအဖြစ် ထုတ်လုပ်၍သစ်ကြားသီး၏တန်ဖိုးကို မြှင့်တင်ပေးလျက်ရှိပါသည်။ သစ်ကြားသီးထုတ်လုပ်ရေးလုပ်ငန်းကို အမှီပြု၍ ကွမ်မင်ရွာသူရွာသားများ၏ တစ်နှစ်တာပျမ်းမျှဝင်ငွေသည် တရုတ်ယွမ်သောင်းချီကျော်အထိ ရရှိလာခဲ့သည်။

ပုံ ၁၊ ဖန်ကျမ်ဝံက သစ်ကြားသီးများကို နေပူလှန်းနေစဉ်။
图①范建文在晾晒核桃

ပုံ ၂၊ ရွာသူရွာသားများက သစ်ကြားသီးများကို ခြင်းတောင်းထဲထည့်နေစဉ်။
图②村民将核桃装进箩筐

# ဟာနီတိုင်းရင်းသား ၊ ရွာသူရွာသားများကို ကြွယ်ဝချမ်းသာလာစေသော ကျေးရွာခရီးသွားလုပ်ငန်း

## 哈尼族 | 乡村旅游富村民

本刊记者 段建鑫 / 文 受访者供图



李威，哈尼族，家住云南省红河哈尼族彝族自治州红河县宝华乡朝阳行政村龙玛村。红河州哈尼梯田闻名于世，而龙玛村正处于撒马坝梯田环绕之中，风景绝美。依托良好的自然风光，龙玛村乡村旅游迅速发展，农家乐、民宿客栈如雨后春笋般涌现。



လီဝေသည် ဟာနီတိုင်းရင်းသားဖြစ်ပြီး ယူနန်ပြည်နယ် ဟုန်ဟော်ဟာနီတိုင်းရင်းသား၊ ရီတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ဟုန်ဟော်ခရိုင် ပေါင်ဟွာကျေးရွာအုပ်စု၊ ချောင်ရန်အုပ်ချုပ်ရေးကျေးရွာ လုံမာရွာတွင် နေထိုင်သူတစ်ဦးဖြစ်ပါသည်။

ဟုန်ဟော်ပြည်နယ်ခွဲ ဟာနီလှေကားထစ်စိုက်ခင်းသည် နာမည်ကျော်ကြားလှပြီး လုံမာကျေးရွာသည် စိုက်မာပါရှိ လှေကားထစ်စိုက်ခင်းများ၏ ဝိုင်းရံခြင်းကို ခံထားရရာ ရှုခင်းအလွန်လှပပါသည်။ ယခုနှစ်ပိုင်းတွင် လှပကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို အမှီပြုပြီး လုံမာရွာ၏ ခရီးသွားလာရေးလုပ်ငန်းသည် လျင်မြန်စွာ တိုးတက်လာခဲ့ပါသည်။ အိမ်လက်ရာအစားအစာချက်ပြုတ်ပေးသော စားသောက်ဆိုင်များ၊ နေအိမ်များတွင် တည်းခိုနိုင်သော တည်းခိုခန်းများသည် မှိုလိုပေါက်ကာပေါ်များလာပါသည်။

၂၀၁၄ ခုနှစ်တွင် လီဝေသည် ရွာထဲတွင် လုံမာတည်းခိုခန်း ဖွင့်လှစ်လိုက်ပြီး ခရီးသွားဧည့်သည်များအတွက်တည်းခိုနေထိုင်စားသောက်ရေးဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပါသည်။ “နှစ်စဉ်နှစ်တိုင်း အမျိုးသားနေ့ရုံးပိတ်ရက်ရောက်တိုင်း တည်းခိုခန်းအားလုံး လူအပြည့်ဖြင့်စီးပွားရေးကောင်းလှတယ်။ တစ်နှစ်တာဝင်ငွေတရုတ်ယွမ် ၉၀၀၀၀ ကျော် ရရှိပါတယ်။”ဟု လီဝေက ပျော်ရွှင်စွာဖြေကြားပါသည်။ ခရီးသွားလုပ်ငန်း၏ “နွေဦးလေပြေ” ကို အမှီလိုက်ပြီး ရွာသားအများစုသည် လက်လုပ်လက်စားစိုက်ပျိုးရေးလုပ်ငန်းများကို ရပ်နားလိုက်ကြကာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို စတင်လုပ်ဆောင်လာကြပါသည်။



ယခုအချိန်တွင် လီဝေသည် ဒေသခံကျေးရွာခရီးသွားလုပ်ငန်း၏ ရှေ့ဆောင်သူတစ်ဦးဖြစ်သည်သာမက လုံမာရွာ၏ ရွာသူကြီးလည်း ဖြစ်ပါသည်။ ယခုနှစ်ပိုင်းအချိန်ကာလအတွင်း ကျေးရွာအတွင်းပြောင်းလဲမှုများကို ပြောဆိုမိသောအခါတွင် သူသည် စိတ်ခံစားချက်များစွာ ရှိနေပါသည်။ “အရင်တုန်းက ရွာသူရွာသားများသည် ရိုးရာစိုက်ပျိုးရေးလုပ်ငန်းများဖြင့် အဓိကအသက်မွေးကြရသည်။ ထုတ်လုပ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု နှေးကွေးမှုများဖြစ်ပေါ်လာပြီးနောက် ပြည်သူလူထု၏ လူနေမှုဘဝသည် ခက်ခဲလာခဲ့ပါသည်။ ကျေးရွာခရီးသွားလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာသည်ကို အမှီပြုပြီးနောက်နောင်တွင် ကျွန်တော်တို့၏ နေထိုင်မှုဘဝသည် ပိုမိုကောင်းမွန်လာလိမ့်မည်။” ဟု လီဝေက ပြောကြားပါသည်။

ပုံ ၁၊ လီဝေကို တွေ့နေစဉ်။
图①李威

ပုံ ၂၊ လုံမာရွာသည် စိုက်မာပါ လှေကားထစ်စိုက်ခင်းများ၏ ဝိုင်းရံခြင်းကို ခံနေသည်။
图②龙玛村环抱于撒马坝梯田


# တိုင်တိုင်းရင်းသား ၊ “မြေအိုးဘုရင်” တောင်းကျိန့်ဖူ

## 傣族｜ “土锅大王”刀正富

本刊记者 段毅 文 / 图



刀正富，傣族，家住云南省玉溪市新平县嘎洒镇土锅寨。土锅寨因擅长制作花腰傣（傣族的一个分支）生活中常用的器皿——土锅而得名，刀正富是村里的“土锅大王”，30 多年来他坚持传统手工制陶，被评为玉溪市花腰傣土陶技艺代表性传承人。





တောင်းကျိန့်ဖူသည် တိုင်တိုင်းရင်းသားဖြစ်ပြီး ယူနန်ပြည်နယ်ယွီရှီးမြို့ ရှင်းဖျင်ခရိုင်ကားဆားကျေးရွာ ထူကော်ရွာသားဖြစ်ပါသည်။ ထူကော်ရွာသည် ဟွာယောက်တိုင်လူမျိုးတို့ (တိုင်တိုင်းရင်းသားတို့၏ အုပ်စုခွဲတစ်ဖွဲ့ဖြစ်သည်) က နေ့စဉ်သုံးမြေအိုးကို အကျွမ်းတဝင်ပြုလုပ်နိုင်သောကြောင့် နာမည်ကျော်ကြားလာသည်။ တောင်းကျိန့်ဖူသည် ရွာမှ “ မြေအိုးဘုရင်” ဖြစ်သည်။ နှစ်(၃၀)ကျော်မျှရိုးရာလက်မှုပညာကြွေထည်လုပ်ငန်းကို လုံ့လဝီရိယရှိရှိကြိုးစားအားထုတ်လုပ်ဆောင်ခဲ့ခြင်းကြောင့် သူသည် ယွီရှီးမြို့ဟွာယောက်တိုင် အိုးဖုတ်အနုပညာ အမွေဆက်ခံသူအဖြစ် သတ်မှတ်ခြင်းခံရပါသည်။

ယခုနှစ်ပိုင်းတွင် ဒေသခံများသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကို အားစိုက်လုပ်ဆောင်လာသည်။ တောင်းကျိန့်ဖူသည် မြေအိုးအသစ်အဆန်းများကို အဆက်မပြတ် တီထွင်ဖန်တီးလျက်ရှိပြီး မြေအိုးအလှပစ္စည်းများ၊ မြေအိုးပန်းအိုးများ၊ ရေနွေးကရားနှင့်ခွက်များစသဖြင့် ယနေ့ခေတ်နေ့စဉ်သုံးပစ္စည်းများကို ဖန်တီးပြုလုပ်လျက်ရှိရာ ဈေးကွက်တွင် ရေပန်းစားလှပါသည်။ သူ၏နေအိမ်တွင် မြေအိုးဖုတ်ခြင်းအလုပ်ခန်းတစ်ခု သီးသန့်ပြုလုပ်ထားရာ လာရောက်လေ့လာသူခရီးသွားဧည့်သည်များနှင့် ပညာသင်ယူသူလူငယ်လေးများသည် ဤဒြပ်မဲ့ယဉ်ကျေးမှုလက်မှုပညာကို လက်တွေ့ခံစားကြည့်နိုင်လေသည်။ ထိုသို့ဖြင့် သူသည် မြေထည်ပစ္စည်းများကို တစ်နိုင်ငံလုံးအနှံ့ ဖြန့်ဖြူးရောင်းချနေပါသည်။

ပုံ ၁၊ တောင်းကျိန့်ဖူ ထုတ်လုပ်သော ရိုးရာအစဉ်အလာမြေအိုးများကို တွေ့ရစဉ်။
图①刀正富制作传统土锅

ပုံ ၂၊ ဒေသခံဟွာယောက်တိုင်တိုင်းရင်းသားများ ထူးခြားချက်ပါသော မြေအိုးများကို တွေ့ရစဉ်။
图②带有当地花腰傣特色的土陶制品

# ကျွမ့်တိုင်းရင်းသား ၊ ဝမ်ဟိုင်ရွှေ "ကျွန်မရဲ့မိသားစုဘဝ တဖြည်းဖြည်းပြောင်းလဲနေပါတယ်"

## 壮族｜王海锐：我家悄悄在变化

本刊记者 覃雪丹 / 文 受访者供图



王海锐，壮族，家住云南省曲靖市师宗县五龙壮族乡鲁克村委会大当同村。在王海锐的印象里，"干农活"是家里收入的主要来源。但是，这两年她家的收入方式在悄悄发生着变化。"最近两年，妈妈开始给别人缝制传统壮族服装，因为口碑不错，所以生意一直不断。凭借妈妈的手艺，我们家有了新的收入来源，生活越来越好了。"





ဝမ်ဟိုင်ရွှေသည် ကျွမ့်တိုင်းရင်းသူတစ်ဦးဖြစ်ပြီး ယူနန်ပြည်နယ် ချွီးကျင့်မြို့ ရှီးကျုံခရိုင် ဂူလုံကျွမ့်တိုင်းရင်းသားကျေးရွာအုပ်စု လူခပ်ကျေးလက်ကော်မတီတွင် နေထိုင်ပါသည်။

လူခပ်ရွာသည် လူနည်းစုတိုင်းရင်းသားမျိုးနွယ်များ စုဝေးနေထိုင်ရာဆင်းရဲသားကျေးရွာဖြစ်သည်။ မြင့်မားသော တောင်နှင့်ဂူအနက်ပိုင်းတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးပိတ်ဆို့နေရာ သွားလာရန် ခက်ခဲလှသည်။ နေထိုင်မှုပတ်ဝန်းကျင် ညံ့ဖျင်း၍ လူနေမှုအဆင့်အတန်းနိမ့်ကျသော နေရာဖြစ်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်ကြရပါသည်။

"လယ်ယာလုပ်ငန်းလုပ်ခြင်း"သည် အိမ်၏ အဓိကဝင်ငွေရရှိရာ လုပ်ငန်းဖြစ်သည်ဟု ဝမ်ဟိုင်ရွှေက မှတ်ယူခဲ့သည်။ သို့သော် လတ်တလော(၂)နှစ်တွင် သူမတို့ မိသားစု၏ ဝင်ငွေရရှိရာလုပ်ငန်းမှာ တဖြည်းဖြည်းပြောင်းလဲလာပါသည်။

"ယခုနှစ်ပိုင်းမှာ မေမေက သူများအတွက် ကျွမ့်တိုင်းရင်းသားဝတ်စုံများ ချုပ်ပေးခဲ့ရာမှ လူကြိုက်များတဲ့အတွက် အလုပ်နှင့်လက်မပြတ်ခဲ့ဘူး။" ဝမ်ဟိုင်ရွှေ၏ မိခင်သည် နေ့စဉ်ကျွမ့်တိုင်းရင်းသားဝတ်စုံတစ်စုံ ချုပ်နိုင်သည်။ ဝတ်စုံအပ်သူများက ပိတ်စကိုယ်တိုင်ဝယ်လာပါက ကျွမ့်တိုင်းရင်းသားဝတ်စုံတစ်စုံချုပ်ခမှာ ယွမ် ၁၀၀ မှ ၂၀၀ အတွင်းဖြစ်သည်။ အကယ်၍ ပိတ်စကို သူတို့ထံမှဝယ်မည်ဆိုပါက ဝတ်စုံတစ်စုံမှာ ယွမ် ၂၀၀ မှ ၃၀၀ အတွင်း ကျသင့်ပါသည်။ "မေမေ့ရဲ့လက်ရာကြောင့် ကျွန်မတို့အိမ်မှာ ဝင်ငွေအသစ်ရရှိလာပြီး နေထိုင်မှုဘဝလည်း ပိုပြီးကောင်းလာပါတယ်။"ဟု ဝမ်ဟိုင်ရွှေက ပြောကြားပါသည်။

ပုံ ၁၊ ဝမ်ဟိုင်ရွှေ၏ပုံကို တွေ့နေစဉ်။
图①王海锐

ပုံ ၂၊ ဝမ်ဟိုင်ရွှေ၏မေမေက ဖောက်သည်အတွက် အင်္ကျီတိုင်းထွာပေးနေပုံသည်ကို တွေ့ရစဉ်။
图②王海锐妈妈正在给顾客量尺寸

# မြောင်တိုင်းရင်းသား ၊ ကျိုကျူဘာရွာနှင့် လုပ်ငန်းရှင်များ ပူးပေါင်းလုပ်ကိုင်ရာမှ ကြွယ်ဝချမ်းသာလာခြင်း

## 苗族｜村企合作奔小康

本刊记者 刘周 / 文



陶成山，苗族，家住云南省昭通市威信县双河苗族彝族自治乡茨竹坝村。近年来，在扶贫政策的带动和鼓励下，茨竹坝村和广东省东莞市大岭山镇的电子、家具等企业合作，户均劳务输出 1 人以上，村民们的经济条件明显提高。“现在穿得好、吃得好，家家户户盖起了小洋房，日子一天比一天好。”陶成山说。





ထောင်ချိန်ရှမ်သည် မြောင်တိုင်းရင်းသားတစ်ဦးဖြစ်ပြီး ယူနန်ပြည်နယ် ကျောက်ထုံးမြို့ ဝေ့းရှင်ခရိုင် ရွှမ်ဟောမြောင်တိုင်းရင်းသား၊ ရီတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကျေးရွာအုပ်စု ကျိုကျူဘာရွာသားဖြစ်သည်။

ထောင်ချိန်ရှမ်သည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမွေးဖွားသူဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် တက္ကသိုလ်ဘွဲ့ရပြီးနောက် ဇာတိမြေသို့ပြန်လာ၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအထူးတာဝန်ခံအစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုနှစ်ပိုင်းတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းအား တွန်းအားပေးဖော်ဆောင်မှုအောက်တွင် ကျိုကျူဘာရွာနှင့်ကွမ်တုံးပြည်နယ် တုံးကွမ်မြို့ တာလင်ရှမ်မြို့နယ်မှအီလက်ထရောနစ်၊ ပရိဘောဂစသည့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် အိမ်တိုင်းတွင် အလုပ်လုပ်ကိုင်သူ(၁)ဦးနှင့်အထက် ပါဝင်လာခဲ့ပြီး ရွာသားများ၏ စီးပွားရေးအခြေအနေလည်း သိသာစွာ ကောင်းမွန်လာခဲ့ပါသည်။ “အခုဆိုရင် စားဝတ်နေရေးကောင်းမွန်လာပြီး အိမ်တိုင်းတိုက်ဆောက်နိုင်ခဲ့ပြီ။ တစ်နေ့ထက်တစ်နေ့ ပိုမိုကောင်းမွန်လာပါပြီ။” ဟု ရွာ၏ ပြောင်းလဲမှုများကို ထောင်ချိန်ရှမ်က အလွန်ဝမ်းသာအားရစွာ ပြောပြနေပါသည်။

ယခုအချိန်တွင် ကျိုကျူဘာရွာတွင် မူလတန်းကျောင်းမှ အထက်တန်းကျောင်းအထိ (၁၄)နှစ်တာပညာသင်ကာလကို အခမဲ့သင်ယူခွင့်ပေးထားရာရွာမှ ကလေးများအားလုံး ကျောင်းတတ်နိုင်ပြီဖြစ်သည်။ ရွာထဲတွင်လည်း ကတ္တရာလမ်း၊ ရေ၊ လျှပ်စစ်မီး၊ တီဗွီနှင့် 4G အင်တာနက်များ အသုံးပြုနိုင်ပြီး လူနေမှုအဆင့်အတန်း သိသာစွာ တိုးတက်လာခဲ့ပါသည်။

ပုံ ၁၊ ထောင်ချိန်ရှမ်၏ပုံကို တွေ့နေစဉ်။
图①陶成山 受访者供图

ပုံ ၂၊ ကျိုကျူဘာရွာကို တွေ့ရစဉ်။
图②茨竹坝村 受访者供图

# ဟွေတိုင်းရင်းသား၊ မာလျန်ကျွင်း၏ စားသောက်ဆိုင်

## 回族 | 马连君的餐饮店

本刊记者 刘周 / 文



马连君，回族，家住云南省大理白族自治州大理市大理镇下兑村。2013 年，在扶贫政策的支持下，马连君在村里开了一家餐饮店。借着乡村旅游发展的东风，马连君的餐饮店每天游客爆满，“每年分红都有好几万，生活越来越富裕了。”





မာလျန်ကျွင်းသည် ဟွေတိုင်းရင်းသားဖြစ်ပြီး ယူနန်ပြည်နယ် တာ့လီပိုင်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ တာ့လီမြို့ တာ့လီမြို့နယ် ရှတွေ့ရွာသားဖြစ်သည်။

မာလျန်ကျွင်းသည် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းမွေးဖွားသူတစ်ဦးဖြစ်ပြီး ဟွေတိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်ခြင်းကို ဝါသနာပါသည်။ ၂၀၁၃ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းအောက်တွင် မာလျန်ကျွင်းနှင့် အခြားရွာသားတို့အတူ ရွာတွင် ဟွေ(ပန်းသေး)တိုင်းရင်းသားစားသောက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ခဲ့သည်။ ဒေသခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်လာသည့် ကောင်းကျိုးကြောင့် မာလျန်ကျွင်း၏ စားသောက်ဆိုင်မှာ နေ့စဉ် လူပြည့်လျှံနေခဲ့ပါသည်။ “နှစ်စဉ်အမြတ်ခွဲတိုင်း တရုတ်ယွမ်ငွေသောင်းကျော်ရရှိပြီး စားဖိုမှူးဖြစ်တဲ့အတွက် လစာထပ်မံရရှိသေးတယ်။ အခုဆိုရင် နေထိုင်မှုဘဝက ပိုပြီးကြွယ်ဝလာပြီ။”ဟု မာလျန်ကျွင်းက ဝမ်းသာအားရ ပြောပြသည်။

ယခုအချိန်တွင်ရှတွေ့ရွာတွင်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရင်ပြင်တည်ဆောက်ထားကာ ရွာတွင် လမ်းများ၊ အခြေခံအဆောက်အဦးများကို အသွင်သစ်ဖြင့် မြင်တွေ့နိုင်လာပြီး ရွာသူရွာသားများ၏ လူနေမှုပုံစံလည်း ပြောင်းလဲတိုးတက်လာခဲ့ပါသည်။

ပုံ ၁၊ မာလျန်ကျွင်း၏ပုံကို တွေ့နေစဉ်။
图①马连君 马奎 图

ပုံ ၂၊ အိမ်ခြံစားသောက်ဆိုင်။
图②庭院式餐馆 马奎 图

# လီဆူးတိုင်းရင်းသား ၊ နူရှီလုံသည် ရွာသူရွာသားများဦးဆောင်ပြီး တရုတ်ပလာသီးစိုက်ပျိုးခြင်းဖြင့် ချမ်းသာကြွယ်ဝခြင်းရရှိ

## 傈僳族｜怒仕龙带领村民草果致富

本刊记者 李晓芬 / 文



怒仕龙，傈僳族，云南省怒江傈僳族自治州贡山县普拉底乡补久娃村村委会主任。当选村主任后，怒仕龙不仅带领村民种植草果，还常去参加草果管理、提质增效培训，回村教授村民技术。草果种植成功后，村民们有了收入来源，在政府的帮助下，公路也正在修建中。怒仕龙说:“通过村委会这个平台，我想带动更多群众脱贫致富。”





အသက် (၂၇) နှစ်အရွယ်ရှိ နုရှီလုံသည် လီဆူးတိုင်းရင်းသားဖြစ်ပြီးယူနန်ပြည်နယ် နုကျန်း လီဆူးတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ကုံ့ရှမ်ခရိုင် ဖူကျိုဝါရွာကော်မတီ၏ တာဝန်ခံဖြစ်သည်။

ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်နိုင်ရန်အတွက် အလယ်တန်းကျောင်းပညာအရည်အချင်းသာရှိသော နုရှီလုံသည် အချက်အလက်များရှာဖွေခြင်း၊ စာပေများဖတ်ရှုလေ့လာခြင်းမှတစ်ဆင့် တရုတ်ဖာလာသီးစိုက်ပျိုးခြင်းဖြင့် ချမ်းသာကြွယ်ဝနိုင်သောလမ်းစကို ရှာဖွေနိုင်ခဲ့လေသည်။ သူ၏ကြိုးစားအားထုတ်မှုကြောင့် သူတို့မိသားစုသည် တရုတ်ဖာလာသီးစိုက်ပျိုးခြင်းဖြင့် အမြတ်(၁၀)ဆရရှိခဲ့သည်။ တာဝန်ခံအဖြစ် ရွေးချယ်ခြင်းခံရပြီးနောက်တွင် နုရှီလုံသည် ရွာသားများကို ဦးဆောင်၍ တရုတ်ဖာလာသီး စိုက်ပျိုးသည့်အပြင် တရုတ်ဖာလာသီးထိန်းသိမ်းရေး၊ အရည်အသွေး မြှင့်တင်ရေးသင်တန်းများလည်း တက်ရောက်ခဲ့ပြီး ရွာသားများအား ပြန်လည်သင်ကြားပို့ချပေးခဲ့သည်။ “ကျွန်တော်က ရွာကော်မတီမှတစ်ဆင့် ပြည်သူလူထုကို ဆင်းရဲနွမ်းပါးခြင်းမှ လွတ်မြောက်ကာ ကြီးပွားချမ်းသာခြင်းသို့ လက်တွဲခေါ်ဆောင်လိုပါတယ်။”ဟု သူက ပြောကြားသည်။

ဖူကျိုဝါရွာမှာ ယခင်က လမ်းပန်းဆက်သွယ်ရေးအဆင်မပြေခြင်းကြောင့် ကုန်ထုတ်လုပ်မှုပစ္စည်းကိရိယာများ၊ နေ့စဉ်သုံးပစ္စည်းများကို ခက်ခက်ခဲခဲသယ်ဆောင်ခဲ့ရသည်။ တရုတ်ဖာလာသီးစိုက်ပျိုးရေးဖြစ်ထွန်းခဲ့ပြီးနောက် ရွာသားများသည် ဝင်ငွေလမ်းစရှိခဲ့ပြီး နိုင်ငံတော်၏ကူညီဖေးမမှုကြောင့် လမ်းမကြီးများလည်း ဆောက်လုပ်လျက်ရှိလာပါသည်။ အနာဂတ်တွင် ဖူကျိုဝါရွာတွင် မွေးမြူရေးလုပ်ငန်းများကိုလည်း ဆက်လက်အားထုတ်လုပ်ကိုင်သွားနိုင်မည်ဖြစ်ရာ “လုပ်ငန်းများများလုပ်မှသာဝင်ငွေအာမခံချက်ရှိမည်”ဟု နုရှီလုံက ယုံကြည်ချက်အပြည့်ဖြင့် ပြောကြားခဲ့သည်။

ပုံ ၁၊ နုရှီလုံ၏ပုံကို တွေ့နေစဉ်။
图①怒仕龙 何国生 图

ပုံ ၂၊ နုရှီလုံအိမ်တွင် အသစ်တည်ဆောက်ထားသော အဆောက်အအုံကို တွေ့ရစဉ်။
图②怒仕龙家新盖的楼房 何国生 图

# လားဟူတိုင်းရင်းသား ၊ လက်ဖက်ခြောက်ကုန်မှထိုသို့ လက်ဖက်ကို ဖြန့်ဖြူးရောင်းချသော အကြီးစားလုပ်ငန်းရှင်ဖြစ်နေ

## 拉祜族 | 茶农成为大型茶企供应商

本刊记者 段毅 文 / 图



王海青，拉祜族，家住云南省西双版纳傣族自治州勐海县勐宋乡三迈村委会南本老寨。1995 年，王海青一家还住在稻草拌泥巴的糊墙房里，一年到头只有一件衣服可以穿。2000 年后，随着古树茶在高端市场受追捧，王海青一家和其他村民一起，通过劳作的双手和勤劳的汗水，成为云南省内大型茶叶企业的原料供应商，迎来了茶叶致富的幸福生活。“水泥路直通村里，家家盖起了两层楼，我家年收入超百万元。”王海青说。





ဝမ်ဟိုင်ချင်းသည် လားဟူတိုင်းရင်းသူတစ်ဦးဖြစ်ပြီး ယူနန်ပြည်နယ် စစ်ဆောင်ပန်းနားတိုင်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ မုံ့ဟိုင်ခရိုင် မုံ့စုံ့ကျေးရွာအုပ်စု နန်ပိန်လောင်ရွာတွင် နေထိုင်သူဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးအဆင်မပြေခြင်းကြောင့် ၁၉၉၅ ခုနှစ်တုန်းက ဝမ်ဟိုင်ချင်းတို့မိသားစုသည် စပါးရိုးနှင့်ရွှံ့ဖြင့် တည်ဆောက်ထားသော ရွှံ့ထရံအိမ်တွင်သာ နေထိုင်နိုင်ခဲ့ပြီး တစ်နှစ်ပတ်လုံး အဝတ်တစ်ထည်သာ ဝတ်ဆင်ခဲ့ရသည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ဖူအော်လက်ဖက်ခြောက် တဖြည်းဖြည်းရေပန်းစားလာခဲ့သည်။ နန်ပိန်လောင်ရွာမှ လက်ဖက်အပင်အိုများသည် နှစ်ပေါင်း ၅၀၀ မှ ၆၀၀ အထိ သက်တမ်းရှိပြီဖြစ်ကြောင်း ပညာရှင်များ၏ စစ်ဆေးအတည်ပြုချက်အရ သိရပါသည်။ ရှေးဟောင်းလက်ဖက်ပင်များ ဈေးကွက်တွင် ရေပန်းစားလာသည့်အလျောက် ဝမ်ဟိုင်ချင်းတို့မိသားစုသည် အခြားရွာသားများနှင့်အတူ ပင်ပင်ပန်းပန်း ကြိုးစားအားထုတ်ခဲ့ပြီးနောက် ယူနန်ပြည်နယ်အတွင်းရှိ လက်ဖက်ခြောက်လုပ်ငန်းကြီးများကို ကုန်ကြမ်းထောက်ပံ့ပေးသော လုပ်ငန်းရှင်များဖြစ်လာခဲ့ရာ လက်ဖက်ခြောက်ကို အကြောင်းပြု၍ သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်နိုင်ခဲ့ပါသည်။ “လမ်းများရွာအတွင်းသို့ ပေါက်ရောက်ခဲ့ပြီး အိမ်တိုင်းနှစ်ထပ်တိုက်ဆောက်နိုင်ခဲ့ပြီ။ ကျွန်မတို့အိမ်ရဲ့နှစ်စဉ်ဝင်ငွေမှာ တရုတ်ယွမ်ငွေ ၁၀ သိန်းခန့်ရှိလာပါတယ်။”ဟု ဝမ်ဟိုင်ချင်းကပြောပြသည်။

ပုံ ၁၊ ဝမ်ဟိုင်ချင်း၏ပုံကို တွေ့နေစဉ်။
图①王海青

ပုံ ၂၊ ရွာသူရွာသားများက နွေဦးရာသီလက်ဖက်များ ဆွတ်ခူးနေသည်ကို တွေ့ရစဉ်။
图②村民们在采春茶

# ဝတိုင်းရင်းသား၊ "လီဟုန်၏ အိမ်လက်ရာ စားသောက်ဆိုင်"ဖြင့် သုခချမ်းသာမှု ခံစားရခြင်း

## 佤族 | 李宏农家乐奏响幸福曲

本刊记者 张莹琳 / 文



李宏，佤族，家住云南省临沧市沧源佤族自治县翁丁寨。过去，翁丁寨是个名不见经传的小山村，因位置偏僻，交通不便，当地群众生产生活十分困难。近年来，沧源县大力推进“旅游＋扶贫”工作，2005 年，李宏在翁丁管委会的支持下开起了全村第一个农家乐，“生意非常好，收入比以前高了许多。”





လီဟုန်သည် ဝတိုင်းရင်းသားဖြစ်ပြီး ယူနန်ပြည်နယ်လင်ချမ်းမြို့ ချမ်းရွှမ်ဝတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် အုန်တင်ရွာတွင် နေထိုင်ပါသည်။

ယခင်က အုန်တင်ရွာကို မည်သူမျှသတိမထားမိပါ။ အကြောင်းမှာ နေရာချောင်ကျခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် ဒေသခံပြည်သူလူထု၏ ဘဝသည် အလွန်ခက်ခဲလှပါသည်။ "အရင်တုန်းက အိမ်မှာ ကြည့်လို့ကောင်းတဲ့ပရိဘောဂတစ်ခုမှမရှိဘူး။ အပြင်သွားရင် ခြေလျင်ပဲသွားရတာ။"ဟု ရွာသားလီဟုန်က ပြောပါသည်။

ယခုနှစ်ပိုင်းတွင် ချမ်းရွှမ်ခရိုင်သည် "ခရီးသွားလုပ်ငန်း+ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး" လုပ်ငန်းကို အားစိုက်ဆောင်ရွက်လာပြီး ကျေးရွာခရီးသွားလုပ်ငန်းများကို တောင်သူလယ်သမားများ လုပ်ကိုင်လာနိုင်အောင် အားပေးထောက်ပံ့မှုများလုပ်ဆောင်ကာ ချမ်းသာကြွယ်ဝမှုလမ်းသစ်တစ်ခုကို ဖောက်လုပ်ပေးလျက်ရှိပါသည်။ ၂၀၀၅ ခုနှစ်တွင် လီဟုန်သည် အုန်တင်ရွာအုပ်ချုပ်ရေးကော်မတီ၏အထောက်အပံ့ဖြင့်ရွာထဲတွင် အိမ်လက်ရာစားသောက်ဆိုင်တစ်ဆိုင်ကို ပထမဦးစွာ စတင်ဖွင့်လှစ်လိုက်ပါသည်။ "လာစားတဲ့ဧည့်သည် အလွန်များပါတယ်။ အရင်တုန်းကနဲ့ယှဉ်ရင် ဝင်ငွေအဆပေါင်းများစွာ တိုးပွားလာပါတယ်။" မိမိချမ်းသာလာပြီးနောက် လီဟုန်သည် ရွာသားများကို မမေ့ခဲ့ပါ။ သူ၏ ဦးဆောင်မှုအောက်မှာ ရွာထဲတွင် အိမ်လက်ရာစားသောက်ဆိုင်များ ဆက်တိုက်ဖွင့်လှစ်လာခဲ့ကြသည်။ ညအချိန် ရောက်ရှိလာတိုင်း ကျေးရွာထဲတွင် ဝတိုင်းရင်းသားများသည် မီးပုံကို ဝိုင်းရံကာ ပျော်ရွှင်ဖွယ်ရာတေးသီချင်းသံများကို သီဆိုနေကြပါသည်။

ပုံ ၁၊ လီဟုန်၏ပုံကို တွေ့နေစဉ်။
图①李宏 张莹琳 图

ပုံ ၂၊ အုန်တင်ရွာသူရွာသားများက သစ်သားစည်ဆွဲရင်း သီချင်းသီဆိုနေစဉ်။
图②翁丁村村民唱着歌曲拉木鼓 张莹琳 图

# နာရှီတိုင်းရင်းသား ၊ ဟော်လန်းချွမ်၏ ပညာသင်ခရီးစဉ်

## 纳西族 | 和亮全的求学路

本刊记者 李沁颖 / 文



和亮全，纳西族，家住云南省丽江市玉龙纳西族自治县塔城乡塔城村委会老村二组。和亮全读中学时，父亲母亲先后患病，家里因病致贫。后来在政府、学校、老师、社会爱心人士的支持帮助下，和亮全顺利考入云南师范大学。毕业之后，和亮全成为一名小学教师，现在工作快满一年，家里生活正在逐渐变好。





အသက် (၂၈) နှစ်အရွယ်ရှိ ဟော်လန်းချွမ်သည် နာရှီတိုင်းရင်းသားဖြစ်ပြီး ယူနန်ပြည်နယ် လီကျမ်းမြို့ ယုလုံနာရှီတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် ထာချိန်ကျေးရွာကော်မတီ လောင်ချိန်ရွာ အမှတ် (၂)အဖွဲ့တွင် နေထိုင်ပါသည်။

ဟော်လန်းချွမ်သည်ယခင်က ကံမကောင်းရှာသော ဆင်းရဲသားလေးတစ်ဦးဖြစ်သည်။ သူ အလယ်တန်းပညာသင်ကြားနေစဉ်တွင် သူ၏ဖခင်မှာ ခါးရိုးဆစ်ထိုးထွက်ခြင်းရောဂါခံစားနေရကြောင်း စစ်ဆေးတွေ့ရှိခဲ့ရာ မိသားစုတစ်စုလုံးသည် ရောဂါကြောင့် ဆင်းရဲသောဘဝသို့ ရောက်ရှိခဲ့ရလေသည်။ သူ အထက်တန်းကျောင်းတက်ရောက်နေစဉ်တွင် မိခင်မှာလည်း အလုပ်အလွန်အကျွံ လုပ်ဆောင်သောကြောင့် ပင်ပန်းပြီး အိပ်ရာထဲလဲခဲ့ရာ မူလကတည်းက ဆင်းရဲနေသည့်မိသားစုသည် ပိုမိုကျပ်တည်းလာခဲ့လေသည်။

ကံကောင်းသည်မှာ အစိုးရ၊ စာသင်ကျောင်း၊ ဆရာ၊ ဆရာမ၊ လူမှုရေးအသိုင်းအဝိုင်းမှ သဒ္ဓါတရားထက်သန်သူများ၏ ကူညီထောက်ပံ့မှုဖြင့် ဟော်လန်းချွမ်သည် ယူနန်ဆရာအတတ်သင်တက္ကသိုလ်သို့ အောင်မြင်စွာ လျှောက်ထားနိုင်ခဲ့ပါသည်။ ဘွဲ့ရပြီးနောက် ဟော်လန်းချွမ်သည် မူလတန်းပြဆရာတစ်ဦးဖြစ်လာပါသည်။ ယခုအချိန်တွင် သူသည် လုပ်သက်တစ်နှစ်ပြည့်တော့မည်ဖြစ်ပြီး မိသားစုနေထိုင်မှုဘဝသည်လည်း ယခင်နှင့် တစ်ခြားစီ အပြောင်းအလဲကြီး ပြောင်းလဲခဲ့ပါသည်။ “ အိမ်ကို အသင့်အတင့်ပြုပြင်မွမ်းမံမှုများ လုပ်ဆောင်နိုင်ခဲ့ပြီး နေထိုင်မှုအခြေအနေလည်း ပိုမိုကောင်းမွန်လာပါတယ်။ ကျွန်တော်တို့ရဲ့ နေထိုင်မှုဘဝ ပိုမိုကောင်းမွန်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။” ဟု ဟော်လန်းချွမ်က ပြောကြားလေသည်။

ပုံ ၁၊ ဟော်လျန်းချွမ်၏ပုံကို တွေ့နေစဉ်။
图①和亮全 受访者供图

ပုံ ၂၊ ဟော်လျန်းချွမ် (ရှေ့တန်းအလယ်လူ)နှင့် ကျောင်းသားကျောင်းသူတို့ စုပေါင်းဓာတ်ပုံရိုက်နေစဉ်။
图②和亮全（前中）和学生们合影 受访者供图

# ယောင်တိုင်းရင်းသား ၊ လက်ဖက်ခြောက်လုပ်ငန်းမှတစ်ဆင့် မျှော်လင့်ချက်များရရှိခြင်း

## 瑶族 | 从茶叶中收获希望

本刊记者 李亚 / 文



张文高，瑶族，家住云南省普洱市墨江哈尼族自治县文武镇曼兴村。过去，曼兴村村民居无定所，在深山中过着游猎生活。近年来，在各级政府的帮助下，通过易地搬迁、整合土地、产业扶持等一系列工作，村民们过上了小康生活。



ကျမ်ဝံကောင်းသည် ယောင်တိုင်းရင်းသားဖြစ်ပြီး ယူနန်ပြည်နယ် ဖူးအော်မြို့ မော့ကျမ်ဟာနီတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် ဝံဝူမြို့နယ်မန်ရှင်ရွာတွင် နေထိုင်သူတစ်ဦးဖြစ်သည်။

ယခင်ဆင်းရဲနွမ်းပါးခေတ်နောက်ကျသည့်ကာလက မန်ရှင်ရွာမှ ရွာသားများသည် နေထိုင်ရာ ခိုကိုးရာ မရှိဖြစ်ခဲ့ပြီး တောထဲဂူထဲမှာပင် အမဲလိုက်ခြင်းဖြင့် အသက်မွေးကြရသည်။ ယခုနှစ်ပိုင်းတွင် အစိုးရဌာနအဆင့်ဆင့်၏ကူညီထောက်ပံ့မှုအောက်တွင် ရွှေ့ပြောင်းနေထိုင်ခြင်း၊ မြေယာများ ပေါင်းစပ်တူးဖော်သုံးစွဲခြင်း၊ ထုတ်လုပ်ရေးလုပ်ငန်းများကို ကူညီဖေးမခြင်းစသည့် လုပ်ငန်းဆောင်တာများကို အကောင်အထည်ဖော်ဆောင်ပေးခြင်းဖြင့် ရွာသားများကို ခေတ်မီချမ်းသာသောနေထိုင်မှုဘဝသို့ လက်တွဲခေါ်နိုင်ခဲ့ပါသည်။

ရွာသားကျမ်ဝံကောင်းသည် ထိုအကျိုးကျေးဇူးများကို ခံစားရသူတစ်ဦး ဖြစ်ပါသည်။ မန်ရှင်ရွာတွင် လက်ဖက်အရင်းအမြစ် ပေါများသည်။ ကျမ်ဝံကောင်းတို့ မိသားတစ်စုသည် လက်ဖက်စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် တစ်နှစ်တာဝင်ငွေတရုတ်ယွမ် ၆ သောင်းကျော် ရရှိပါသည်။ ထိုသို့ဖြင့် ဆင်းရဲနွမ်းပါးသောအခြေအနေမှ လွတ်မြောက်ခဲ့ပါသည်။ ယခုအချိန်တွင် ကျမ်ဝံကောင်း၏ နေအိမ်အသစ်သို့ ပြောင်းရွှေ့နေထိုင်ရာ ရေခဲသေတ္တာ၊ တီဗွီ၊ အဝတ်လျှော်စက်စသည့်အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် ပြည့်စုံနေသည်ကို တွေ့နိုင်ပါသည်။ နေအိမ်အရှေ့နှင့် အနောက်ဖက်တွင် လမ်းပန်းဆက်သွယ်ရေးလည်း အဆင်ပြေချောမွေ့၍ သန့်ရှင်းသပ်ရပ်လျက်ရှိပါသည်။

လက်ဖက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် မန်ရှင်ရွာအတွက် လိုအပ်နေသောထုတ်လုပ်ရေးလုပ်ငန်းကို ဖြည့်စွက်ပေးနိုင်ခဲ့ပြီး ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေခဲ့ပါသည်။ ရွာသားများအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး ဆင်းရဲမှုမှလွတ်မြောက်၍ ချမ်းသာကြွယ်ဝစေသော မျှော်လင့်ချက်သစ်ကို ထွန်းလင်းလာစေခဲ့ပါသည်။



ပုံ ၁၊ ကျမ်ဝံကောင်း၏သား။
图①张文高之子 墨江县委宣传部供图

ပုံ ၂၊ ကျမ်ဝံကောင်း(ညာပုံ) လက်ဖက်ဆွတ်ခူးနေသည်ကို တွေ့ရစဉ်။
图②张文高（右）在采茶 墨江县委宣传部供图

# ဂျိမ်းဖောတိုင်းရင်းသား၊ ထူးဆန်းသောအစားအသောက်ဖြင့် ခရီးသည်များဆွဲဆောင်နေ

## 景颇族 | 特色美味引客来

本刊记者 段建鑫 / 文 张永强 / 图



余根金，景颇族，家住云南省德宏傣族景颇族自治州盈江县勐弄乡龙门古寨。近年来，依托丰富的文化旅游资源，龙门古寨乡村旅游迅猛发展。在政府支持下，余根金于 2017 年开办起农家乐，“几年前，我们全家 6 口人以种植玉米、草果谋生，年收入不足 1 万元。开办农家乐后，我们买了新房新车，过上了过去不敢想的生活。”



ရှီကိန်ကျင်သည် ဂျိမ်းဖောတိုင်းရင်းသူတစ်ဦးဖြစ်ပြီး ယူနန်ပြည်နယ်တယ်ဟုန်တိုင်တိုင်းရင်းသား၊ ဂျိမ်းဖောတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲရင်ကျမ်းခရိုင် မိုင်းနုံကျေးရွာအုပ်စုလုံမိန်ရှေးဟောင်းရွာတွင် နေထိုင်သူတစ်ဦးဖြစ်သည်။

ယခင်က ဤဒေသတွင် လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် ရွာသားများသည် တောင်ခြေတွင်သာ အသီးသီးနေထိုင်ကြရသည်။ နေအိမ်အဆောက်အဦးများမှာ သေးငယ်အိုဟောင်းပြီး လမ်းပန်းဆက်သွယ်ရေးသည်လည်း နေသာလျှင် သွားလာနိုင်ပြီး မိုးရွာလျှင် လမ်းပိတ်သွားရာ နေထိုင်သွားလာမှုမှာ အလွန်ခက်ခဲလှပေသည်။

ယခုနှစ်ပိုင်းကာလတွင် များပြားသောခရီးသွားယဉ်ကျေးမှုအရင်းအမြစ်ကို အမှီပြု၍လုံမိန်ရှေးဟောင်းကျေးရွာ ခရီးသွားလုပ်ငန်းသည် လျင်မြန်စွာ တိုးတက်လာခဲ့ရာ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့်အလုပ်များတွင် ရွာသားအများအပြား ပါဝင်လာအောင် ဆွဲဆောင်နိုင်ခဲ့လေသည်။ အစိုးရ၏အထောက်အပံ့ဖြင့် ရှီကိန်ကျင်သည် ၂၀၁၇ ခုနှစ်တွင် အိမ်လက်ရာ စားသောက်ဆိုင်တစ်ဆိုင်ဖွင့်လှစ်ခဲ့ပြီး ၎င်းဆိုင်ကို “ဂျိမ်းဖောစန်ကွမ်”ဟု အမည်ပေးကာ တောင်သူလယ်သမားတိုင်းရင်းသားများစားလေ့စားထရှိသော အစားအသောက်များကို အဓိကချက်ပြုတ်ရောင်းချခဲ့ပါသည်။ ရုံးပိတ်ရက်နှင့်ကြုံကြိုက်သော အချိန်တိုင်း အိမ်လက်ရာစားသောက်ဆိုင်တွင် လူအပြည့်ဖြစ်နေပြီး အစားအသောက်များမှာ ယူစားသောက်ရန် တန်းစီစောင့်ဆိုင်းနေသော မော်တော်ယာဉ်တန်းသည် ဆယ်မီတာကျော်ရှည်လျားနေတတ်သည်။ ယခုနှစ်ပိုင်းအချိန်ကာလ၏ အပြောင်းအလဲကို ပြန်လည်သုံးသပ်ရာ ရှီကိန်ကျင်က “လွန်ခဲ့တဲ့နှစ်ပိုင်းက ကျွန်မတို့ မိသားစုဝင်(၆)ဦးဟာ ပြောင်းဖူး၊ တရုတ်ဖာလာသီးတွေ စိုက်ပျိုးခြင်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး တစ်နှစ်ဝင်ငွေဟာ ယွမ်ငွေ ၁ သောင်းတောင် မရှိခဲ့ဘူး။ အိမ်လက်ရာစားသောက်ဆိုင်ဖွင့်လှစ်ပြီးနောက်မှာ ကျွန်မတို့အိမ်သစ်၊ မော်တော်ယာဉ်အသစ်ဝယ်နိုင်လာပြီး မမျှော်မှန်းဖူးတဲ့၊ သာယာချမ်းမြေ့တဲ့နေထိုင်မှုဘဝကို ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။” ဟု သူမက ဆိုလေသည်။



ပုံ ၁၊ ရှီကိန်ကျင်၏ပုံကို တွေ့နေစဉ်။
图①余根金

ပုံ ၂၊ လုံမိန်ရှေးဟောင်းရွာရှိ နေအိမ်ကို တွေ့ရစဉ်။
图②龙门古寨民居

# တိဗက်တိုင်းရင်းသား၊ လာယုံဖီချူ၏ "မြေထည်ပြုလုပ်ခြင်းမှတ်တမ်း"

## 藏族｜拉茸批初 "陶金记"

本刊记者 段建鑫 / 文 受访者供图



拉茸批初，藏族，家住云南省迪庆藏族自治州尼西乡汤堆村。汤堆村是著名的尼西黑陶产地，虽然有近 2000 年制陶历史，但该村制陶产业存在散、小、弱的情况，发展严重滞后。为走出困境，拉茸批初成立了专业的公司，采用"农户＋公司"的合作模式，号召村民投入生产，由公司负责统一包装销售。如今，汤堆村已有 120 余户村民以制陶为生，每户年收入可达 5 万余元。





လာယုံဖီချူသည် တိဗက်တိုင်းရင်းသားဖြစ်ပြီး ယူနန်ပြည်နယ်တီချင့်တိဗက်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ နီစီကျေးရွာအုပ်စုထန်တွေရွာတွင် နေထိုင်သူတစ်ဦးဖြစ်သည်။ ထန်တွေရွာသည် နီစီမြေထည်အမည်းထွက်သောနေရာဟု နာမည်ကျော်ကြားပါသည်။ မြေထည်ပြုလုပ်သော သမိုင်းနှစ်ပေါင်း (၂၀၀၀) ကျော်ရှိခဲ့သော်လည်း အဆိုပါရွာတွင် မြေထည်ပြုလုပ်သောလုပ်ငန်းသည် တသီးတခြားစီဖြစ်ခြင်း၊ လုပ်ငန်းမကြီးမားခြင်း၊ လုပ်ငန်းအားနည်းခြင်းစသည့် အခြေအနေများဖြစ်ပေါ်ပြီး အလွန်ခေတ်နောက်ကျနေခဲ့ပါသည်။ "ယခင်က ဘိုးဘွားများလက်ထက်တွင် မြေထည်အမည်းကိုသယ်ဆောင်ကာ တစ်ဆယ်ကီလိုမီတာကျော်ခရီးကိုခြေလျင်လမ်းလျှောက်၍ မိမိလိုအပ်သည့်နေ့စဉ်သုံးအဆောင်ပစ္စည်းအချို့ကို လဲလှယ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြရသည်။ ကျေးရွာတွင် မြေထည်ပြုလုပ်သူများ တဖြည်းဖြည်း လျော့နည်းလာလျက်ရှိသည်။" ဟု လာယုံဖီချူက ပြောပြပါသည်။

ထိုသို့ခက်ခဲသောအခြေအနေမှ ရုန်းထွက်နိုင်ရန်အတွက် လာယုံဖီချူသည် ကုမ္ပဏီထူထောင်ခဲ့ပြီး "တောင်သူ+ကုမ္ပဏီ"အကျိုးတူပူးပေါင်းဆောင်ရွက်မှုပုံစံကို ကျင့်သုံးပြီး ရွာသူရွာသားများကို ထုတ်လုပ်မှုလုပ်ငန်းထဲ ဝင်ရောက်လာအောင် နှိုးဆော်ခဲ့ကာ ထွက်ကုန်များကို ကုမ္ပဏီမှ တသမတ်တည်းထုပ်ပိုးမှုများပြုလုပ်ပြီး ရောင်းချခဲ့ပါသည်။ ယခုအခါ ထန်တွေရွာရှိ ကျေးရွာအိမ်ခြေပေါင်း (၁၂၀)ကျော်သည် မြေထည်ပြုလုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပြီး အိမ်ထောင်တစ်စု၏ တစ်နှစ်တာ ပျမ်းမျှဝင်ငွေသည် တရုတ်ယွမ် (၅) သောင်းကျော်ရရှိနေပြီဖြစ်ရာ ရွာသူရွာသားများ၏နေထိုင်မှုဘဝသည်လည်း ချမ်းသာသုခများနှင့် ပြည့်စုံလာပြီဖြစ်သည်။

ပုံ ၁၊ လာယုံဖီချူ၏ပုံကို တွေ့နေစဉ်။
图①拉茸批初

ပုံ ၂၊ မဖုတ်ရသေးသော မြေထည်အမည်းကို တွေ့နေစဉ်။
图②黑陶坯子

# ပလောင်တိုင်းရင်းသား၊ ယုစံ၏ ဖူးအော်လက်ဖက်ခြောက်

## 布朗族 | 玉珊的普洱茶

本刊记者 李晓芬 / 文



玉珊，布朗族，家住云南省西双版纳傣族自治州勐海县西定乡章朗村。章朗村主要种植茶叶、甘蔗和玉米，过去由于交通不便，村里的农产品很难外销。最近几年，随着扶贫工作推进，政府帮助章朗村修通了公路，加上茶叶市场逐渐转好，村民们开始走上靠茶致富的道路。





ယုစံသည် ပလောင်တိုင်းရင်းသူဖြစ်ပြီး ယူနန်ပြည်နယ်စစ်ဆောင်ပန်းနား တိုင်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ မိုင်းဟိုင်ခရိုင် ရှီးတိန်ကျေးရွာအုပ်စုကျန်လန်ရွာတွင် နေထိုင်သူတစ်ဦးဖြစ်ပါသည်။ ကျန်လန်ရွာသည် လက်ဖက်ခြောက်၊ ကြံနှင့် ပြောင်းဖူးတို့ကို အဓိကထားစိုက်ပျိုးသည်။ ယခင်က လမ်းပန်းဆက်သွယ်ရေး အဆင်မပြေခြင်းကြောင့် ကျေးရွာအတွင်းရှိ လယ်ယာထွက်ကုန်များကို ပြင်ပသို့ရောင်းချရန် ခက်ခဲလှပေသည်။

ယခုနှစ်ပိုင်းတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်လာသည်နှင့်အမျှ အစိုးရမှ ကျန်လန်ရွာအတွက် လမ်းများဖောက်လုပ်ပေးခဲ့ပြီး လက်ဖက်ခြောက်ဈေးကွက်လည်း တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာလေရာ ရွာသူရွာသားများသည် လက်ဖက်ခြောက်ကို အမှီပြု၍ ကြွယ်ဝချမ်းသာသောလမ်းကြောင်းပေါ်သို့ စတင်လျှောက်လှမ်းနေပြီဖြစ်သည်။ ယုစံတို့ မိသားစုတစ်စုလုံးသည် လယ်ယာစိုက်ပျိုးရေးမှ လက်ဖက်ခြံစိုက်ပျိုးရေးသို့ ပြောင်းလဲလုပ်ကိုင်လာခဲ့ရာ ယခင်ကထက်စာလျှင် ယခုအလုပ်လုပ်ရသည်မှာ အလွန်သက်သာလာပြီး ဝင်ငွေလည်း ပိုမိုတိုးပွားလာလေသည်။

ပုံ ၁၊ ယုစံ၏ပုံကို တွေ့နေစဉ်။
图①玉珊 岩温 图

ပုံ ၂၊ ယုစံ(ဘယ်ပုံ)က ခရီးသည်တစ်ဦးအား လက်ဖက်ရည်တိုက်နေစဉ်။
图②玉珊（左）请游客品茶 岩温 图

# ပုရီတိုင်းရင်းသား၊ ပန်းထိုးသမလေးမှ သာယာချမ်းမြေ့သော ဘဝကို ပုံဖော်ခြင်း

## 布依族 | 巧手绣娘绣出幸福生活

本刊记者 段建鑫 / 文



李文秀，布依族，家住云南省曲靖市罗平县鲁布革布依族苗族乡。鲁布革乡民间刺绣历史悠久，近年来，依托丰富的文化资源，鲁布革乡大力发展民族民间刺绣产业，为群众增收致富开辟出一条好路子。

လီဝံလျှိုသည် ပုရီတိုင်းရင်းသူဖြစ်ပြီး ယူနန်ပြည်နယ် ချွီးကျင့်မြို့ လောဖျင်ခရိုင် လူပုကော်ပုရီတိုင်းရင်းသား၊ မြောင်တိုင်းရင်းသားကျေးရွာအုပ်စုတွင် နေထိုင်သူတစ်ဦးဖြစ်ပါသည်။

လူပုကော်ကျေးရွာအုပ်စု၏ပန်းထိုးလုပ်ငန်းသည် ရှည်ကြာသော သမိုင်းနောက်ခံရှိပါသည်။ ယခုနှစ်ပိုင်းတွင် ပေါများကြွယ်ဝသောယဉ်ကျေးမှုအရင်းအမြစ်ကို အမှီပြု၍ လူပုကော်ကျေးရွာသည် တိုင်းရင်းသားအရပ်ဖက်ပန်းထိုးလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက်လုပ်ဆောင်လျက်ရှိပြီး ပြည်သူလူထုအား ဝင်ငွေတိုးပွားကြီးထွားစေအောင် လမ်းကောင်းတစ်ခုဖောက်လုပ်ပေးနိုင်ခဲ့ပါသည်။



လီဝံလျှိုသည် သာမန်ပုရီတိုင်းရင်းသူတစ်ဦးဖြစ်ပြီး အစိုးရ၏ကူညီထောက်ပံ့မှုအောက်တွင် သူမသည် အရပ်ဖက်ပန်းထိုးလုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်မှုအသင်းကို တည်ထောင်ခဲ့ပါသည်။ လက်ရှိတွင် ပုရီတိုင်းရင်းသားဝတ်စုံ၊ ပိုက်ဆံအိတ်၊ ညှပ်ဖိနပ်စသည့်လက်မှုအနုပညာပစ္စည်းများကို အဓိကထားပြုလုပ်ပြီး ထုတ်ကုန်ပစ္စည်းများကို ပြည်နယ်တွင်းနှင့် ပြည်နယ်ပြင်ပသို့ ရောင်းချလျက်ရှိရာ အသင်းစတင်တည်ထောင်ချိန်က ချေးငှားထားသော ငွေများကိုလည်း အားလုံးပြန်ဆပ်နိုင်ခဲ့ပြီဖြစ်သည်။

လူပုကော်ကျေးရွာတွင် လက်ရှိအချိန် ပုရီတိုင်းရင်းသားပန်းထိုးသူ ၃၀၀၀ ကျော် ရှိကြောင်း၊ ပန်းထိုးလုပ်ငန်း၏တစ်နှစ်တာထုတ်လုပ်မှုတန်ဖိုးသည် တရုတ်ယွမ်ငွေ ၁၀ သန်းနှင့်အထက်ရှိကြောင်း မစုံလင်သေးသော စာရင်းဇယားများအရ သိရပါသည်။ “လက်ရာကောင်းမွန်သော ပန်းထိုးသမ၏ တစ်လဝင်ငွေသည် တရုတ်ယွမ်ငွေ ၅၀၀၀ ကျော်ရှိရာ ဘိုးဘွားလက်ထက်ကတည်းက အမွေဆက်ခံလာခဲ့သော ပန်းထိုးအနုပညာလက်ရာကို အမှီပြု၍ ကျွန်မတို့ရဲ့နေထိုင်မှုဘဝဟာလည်း ပိုမို ကောင်းမွန်လာပါပြီ။”ဟု လီဝံလျှိုက ရယ်မောရင်း ပြောပြသည်။



ပုံ ၁၊ လီဝံလျှို၏ပုံကို တွေ့နေစဉ်။
图①李文秀 受访者供图

ပုံ ၂၊ ဒေသခံပုရီတိုင်းရင်းသူများ ပန်းထိုးနေသည်ကိုတွေ့ရစဉ်။
图②布依族绣娘 曲靖市罗平县文化和旅游局供图


# အာချမ်တိုင်းရင်းသား ၊ ကျောက်ရှင်ရက်၏ အိမ်သစ်ပြောင်းရွှေ့ရေးအိပ်မက် အကောင်အထည်ဖော်ခြင်း

## 阿昌族 | 赵兴业圆新居梦

本刊记者 刘祥元 文 / 图



赵兴业，阿昌族，家住云南省德宏傣族景颇族自治州梁河县九保乡横路村。以前，赵兴业一家居住条件很差，现在，在阿昌族整族帮扶的支持下，利用 12 万元帮扶资金，赵兴业自己出 16 万元，终于圆了新居梦。除了盖新房，赵兴业家的钱袋子也鼓起来了。他响应政府号召种植烟草、茶叶、甘蔗，发展养殖业。“现在收入稳定，生活大有改善。”





ကျောက်ရှင်ရက်သည် အာချမ်တိုင်းရင်းသားဖြစ်ပြီး ယူနန်ပြည်နယ် တယ်ဟုန်တိုင်တိုင်းရင်းသား၊ ဂျိမ်းဖောတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲလျမ်ဟောခရိုင် ကျိုပေါင်ကျေးရွာအုပ်စုဟိန်လုရွာတွင် နေထိုင်သူတစ်ဦးဖြစ်သည်။

ယခင်က ကျောက်ရှင်ရက်တို့မိသားစု နေထိုင်ရေးအခြေအနေမှာ အလွန်ဆိုးဝါးလှပါသည်။ “အရင်တုန်းက အိမ်အိုဟောင်းလွန်းလို့ အိမ်အသစ်ဆောက်လုပ်လိုသော်လည်း စိတ်သွားတိုင်းကိုယ်မပါ လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့ပေ။” ယခုတွင်မူ ကျောက်ရှင်ရက်၏အိမ်မှာ တိုက်အိမ်ဖြစ်လာခဲ့ပြီး တိုင်းရင်းသားရိုးရာစတိုင်လ်နံရံ၊ နံရံဆေးရေးပန်းချီ၊ ကျယ်ဝန်းသော ဝန်းခြံနှင့်ဧည့်ခန်းကိုပါ တွေ့မြင်နိုင်ပါသည်။ နေအိမ်ထဲတွင် ပရိဘောဂများ ညီညီညာညာ စီရီထားပြီး သန့်ရှင်းသပ်ရပ်နေလေသည်။ အာချမ်တိုင်းရင်းသားမျိုးနွယ်တစ်စုလုံး၏ ကူညီထောက်ပံ့မှုအောက်တွင် ထောက်ပံ့ငွေယွမ် ၁၂၀၀၀၀ နှင့် ကျောက်ရှင်ရက်၏ကိုယ်ပိုင်ငွေ ယွမ် ၁၆၀၀၀၀ တို့ဖြင့် အိမ်သစ်သို့ရွှေ့ပြောင်းနေထိုင်ရေးအိပ်မက်ကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါသည်။

အိမ်သစ် ဆောက်လုပ်နိုင်သည့်အပြင် ကျောက်ရှင်ရက်၏ အိမ်တွင်းစီးပွားရေးဝင်ငွေလည်း တိုးပွားလာပါသည်။ အစိုးရမှတိုက်တွန်းအားပေးသောဆေးရွက်ကြီး၊ လက်ဖက်၊ ကြံနှင့် အခြားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ခဲ့ရာယခုအခါ ဝင်ငွေ တည်ငြိမ်စွာ ရရှိနေပြီးနေထိုင်မှုဘဝလည်း များစွာတိုးတက်ပြောင်းလဲလာခဲ့ပါသည်။

ပုံ ၁၊ ကျောက်ရှင်ရက်၏ပုံကို တွေ့နေစဉ်။
图①赵兴业

ပုံ ၂၊ ဟိန်လုရွာ၏အသွင်ပုံရိပ်အသစ်ကို တွေ့ရစဉ်။
图②横路村新貌

# ဖူမီတိုင်းရင်းသား၊ အချိန်ကြာ မြင့်လာ သည်နှင့်အမျှ သာ ယာ ချမ်းမြေ့သော ဘဝကို ပိုင်ဆိုင်လာ

## 普米族 | 日子越过越红火

本刊记者 段建鑫 / 文 杨宗友 / 图



李润生，普米族，家住云南省怒江傈僳族自治州兰坪白族普米族自治县高坪村。由于山高坡陡，交通不便，过去高坪村农业生产严重滞后，村民经济收入较低。近年来，当地政府抢抓美丽乡村建设机遇，不断投入资金改善村中基础设施，平整的水泥路通往家家户户，一栋栋安居房拔地而起，村容村貌发生了翻天覆地的变化。



လီရွှမ့်စိန်သည် ဖူမီတိုင်းရင်းသားဖြစ်ပြီး နုကျမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ လန်ဖျင်ပိုင်၊ ဖူမီတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် ကောင်းဖျင်ရွာတွင် နေထိုင်ပါသည်။ မြေနေရာသည် ကုန်းပြင်မြင့်ဖြစ်ပြီး မတ်စောက်သောကြောင့် လမ်းပန်းဆက်သွယ်ရေး အဆင်မပြေပါ။ ယခင်က ကောင်းဖျင်ရွာ၏စိုက်ပျိုးရေးလုပ်ငန်းထုတ်လုပ်မှုစွမ်းအားမှာ အလွန်အားနည်းပြီး ကျေးရွာပြည်သူလူထု၏ စီးပွားရေးဝင်ငွေနည်းလှပေသည်။

ယခုနှစ်ပိုင်းတွင် ဒေသခံအစိုးရသည် လှပသော ကျေးရွာတည်ဆောက်ခြင်း အခွင့်အလမ်းကို လက်ကိုင်ထားပြီး ရင်းနှီးငွေများ အဆက်မပြတ်ထည့်သွင်းကာ ကျေးရွာအတွင်းရှိအခြေခံအဆောက်အဦးများကို ပြုပြင်မွမ်းမံလျက်ရှိနေပါသည်။ ပြန့်ပြူးသောကတ္တရာလမ်းသည် အိမ်တိုင်းအိမ်တိုင်း၏မျက်နှာစာရှေ့အထိ လမ်းခင်းထားပြီဖြစ်သည်။ နေအိမ်တိုက်တာ အဆောက်အဦးများသည်လည်း တစ်တိုက်ပြီးတစ်တိုက် ဆောက်လုပ်ပြီးစီးလာပြီဖြစ်ရာ ကျေးရွာ၏ပုံပန်းသဏ္ဌာန်မှာ များစွာ ပြောင်းလဲသွားပါသည်။

ဒေသခံအစိုးရ၏ ကူညီထောက်ပံ့မှုအောက်တွင် ရွာသားအချို့သည် ဦးဆောင်ပြီး ဆိတ်မည်းမွေးမြူရေးနှင့် ကြက်သွန်ဖြူစိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည်။ ပရောဖက်ရှင်နယ်အကျိုးတူပူးပေါင်းဆောင်ရွက်မှု သမဝါယမအသင်းကို တည်ထောင်ထားပါသည်။ အခြားတောင်သူလယ်သမားများ မှတ်တမ်းတင်ရန်နှင့် ပိုမိုပါဝင်လာစေရန် ဆွဲဆောင်လျက်ရှိသည်။ ဆင်းရဲနွမ်းပါးမှုအတွင်းမှ ချမ်းသာကြွယ်ဝသောဘဝဆီသို့ ရောက်ရှိလာအောင် ဦးစီးခေါ်ဆောင်သွားနေပါသည်။ ရွာသားလီရွှမ့်စိန်က ခံစားချက်များစွာဖြင့် ထိုကဲ့သို့ ပြောပါသည်။ “ဒီနှစ်ပိုင်းအတွင်း ကျေးရွာက ပိုလှပလာပါတယ်။ ကျွန်တော်တတွေလည်း နေအိမ်အသစ်မှာ ဝင်ရောက်နေထိုင်နေပြီ ဖြစ်ပါတယ်။ နောက်ဆံတင်းနေသည့်ပြဿနာလည်း ဖြေရှင်းပြီးပါပြီ။ ကျွန်တော်တို့တတွေမှာ အားအင်အပြည့် ရှိနေကြပါတယ်။ ကြက်သွန်ဖြူစိုက်ပျိုးခြင်းကို အမှီပြုပြီး အသက်မွေးဝမ်းကျောင်းပြုရသည်မှာ နေထိုင်မှုဘဝ တစ်နေ့တခြား သာယာချမ်းမြေ့လျက်ရှိလာပါတယ်။”



ပုံ ၁၊ လီရွှမ့်စိန်၏ပုံကို တွေ့နေစဉ်။
图①李润生

ပုံ ၂၊ ကောင်းဖျင်ရွာမှ ရွာသူရွာသားများက လယ်ယာစိုက်ပျိုးရေးအလုပ်လုပ်နေစဉ်။
图②高坪村村民干农活

# မွန်ဂိုတိုင်းရင်းသား၊ ဝမ်စောက်ဟွေ၏ ချိုမြိန်သော လုပ်ငန်း

## 蒙古族｜王绍辉的甜蜜事业

本刊记者 陈创业 / 文



王绍辉，蒙古族，家住云南省玉溪市通海县兴蒙蒙古族乡。1998 年，王绍辉从报纸上得知，内蒙古有人在玉溪市建水县曲江红园山搞甜瓜试种，并且收益可观，便立即前往学习甜瓜种植技术。学会技术后，王绍辉不仅自己搞起大棚种植，还向周围村民耐心地讲解种植 、管理技术。如今，兴蒙乡甜瓜种植已达 1600 余亩。





ဝမ်စောက်ဟွေသည် အသက်(၆၁)နှစ်အရွယ်ရှိပြီး ယူနန်ပြည်နယ်ယွီရှီးမြို့ ထုံဟိုင်ခရိုင်ရှင်မုံ မွန်ဂိုတိုင်းရင်းသားကျေးရွာအုပ်စုတွင် နေထိုင်ပါသည်။

ယခင်က ရှင်မုံကျေးရွာအုပ်စုသည် ဆင်းရဲနွမ်းပါးသူများပြားသော အခြေအနေတစ်ရပ်သို့ ဦးတည်နေလျက်ရှိရာ ပြည်သူများသည် စုတ်ပြတ်နေသော လမ်းထောင့်တွင် ရပ်ရင်းလူ့ဘဝလမ်းဆုံးကို မြင်တွေ့နေရသကဲ့သို့ ဖြစ်နေခဲ့ပါသည်။ ၁၉၉၇ ခုနှစ်တွင် ဝမ်စောက်ဟွေသည် တရုတ်ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့ပြီး ပြည်သူလူထုကို ချမ်းသာကြွယ်ဝသောဘဝသို့ ခေါ်ဆောင်နိုင်သော လမ်းစကို ရှာဖွေရန် စိတ်ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် သူသည် သတင်းစာ၌ ဖတ်ရှုရသောသတင်းအရ အတွင်းမွန်ဂိုလီးယားဒေသတွင် မျိုးနွယ်မိတ်ဆွေတစ်ဦးမှ ယွီရှီးမြို့ ကျယ်ရွှေခရိုင် ချွီးကျမ်းဟုန်ရွမ်စန်တောင်တွင် သခွားမွှေးစမ်းသပ်စိုက်ပျိုးရေးလုပ်ငန်း လာရောက်လုပ်ကိုင်နေကြောင်း၊ ဝင်ငွေလည်း ကောင်းမွန်ကြောင်း သိရှိခဲ့ရာ ချက်ချင်းပင်ချိုမြိန်သော သခွားမွှေးစိုက်ပျိုးမှုနည်းပညာများကို သွားရောက်လေ့လာခဲ့ပါသည်။ နည်းပညာများ တတ်မြောက်ပြီးနောက် ဝမ်စောက်ဟွေသည် မိမိဘာသာစိုက်ပျိုးရေးလုပ်ငန်းကို စတင်လုပ်ကိုင်လာသည်သာမက စိတ်ဝင်စား၍ လာရောက်မေးမြန်းသော ရွာသားများကိုပါ စိုက်ပျိုးထိန်းသိမ်းမှုနည်းပညာများ မျှဝေပေးခဲ့ပါသည်။ လက်ရှိတွင် ရှင်မုံကျေးရွာရှိ သခွားမွှေးစိုက်ခင်းသည် တရုတ်ဧက ၁၆၀၀ ကျော်ရှိနေပြီဖြစ်သည်။

ပုံ ၁၊ ဝမ်စောက်ဟွေ၏ပုံကို တွေ့နေစဉ်။
图①王绍辉 王淑莹 图

ပုံ ၂၊ ရွာသူရွာသားများက သခွားမွှေးများ ဆွတ်ခူးနေစဉ်။
图②村民们采摘甜瓜 王淑莹 图

# နုတိုင်းရင်းသား ၊ ဟိုင်ရဲဖူ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ပြီး အိမ်သစ်တွင် နေထိုင်လာနိုင်ခဲ့

## 怒族 | 海叶普脱贫住新房

本刊记者 刘蓉 / 文



海叶普，怒族，云南省怒江傈僳族自治州福贡县上帕镇腊乌村娃铺组村民。2017 年底，海叶普家成功脱贫。脱贫之前，海叶普一家 5 口主要靠伐木、种植水稻为生，年均总收入只有 700 元。在政府的大力帮扶下，海叶普开始养猪、养鸡，除了农忙时节全家务农，平时他还和妻子外出务工。如今，一家人住上了新房，日子越过越好。





ဟိုင်ရဲဖူသည် အသက် (၂၇) နှစ်အရွယ်ရှိသော နုတိုင်းရင်းသားဖြစ်ပြီးယူနန်ပြည်နယ် နုကျမ်းလီဆူးတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ဖူကုန်ခရိုင် စန်ဖမြို့နယ် လားဝူးကျေးရွာတွင် နေထိုင်ပါသည်။ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဟိုင်ရဲဖူတို့မိသားစုသည် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ခဲ့ပါသည်။ ဟိုင်ရဲဖူတို့မိသားစုတွင် မိသားစုဝင် (၅) ဦးရှိပြီး ယခင်က သစ်ခုတ်ခြင်း၊ ရေစပါးစိုက်ပျိုးရေးလုပ်ငန်းများဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုခဲ့ရာ တစ်နှစ်လျှင် ဝင်ငွေ တရုတ်ယွမ် ၇၀၀ သာ ရှိခဲ့လေသည်။ နောက်ပိုင်းတွင် အစိုးရ၏ကူညီထောက်ပံ့မှုအောက်တွင် ဟိုင်ရဲဖူတို့မိသားစုသည် ဝက်၊ ကြက်မွေးမြူရေးလုပ်ငန်းကို စတင်လုပ်ဆောင်လာပါသည်။ စိုက်ပျိုးရေးရာသီရောက်လျှင် မိသားစုတစ်စုလုံးလယ်အလုပ်လုပ်သည့်အပြင် အခြားအချိန်များတွင် သူနှင့်ဇနီးဖြစ်သူသည် အပြင်ထွက်ပြီး အလုပ်လုပ်လိုက်သေးသည်။ ယခုအချိန်တွင် မိသားစုတစ်စုလုံး အိမ်အသစ်၌ နေထိုင်နေကြပြီဖြစ်ပြီး မိသားစုဝင်ငွေသည် ယွမ် ၂ သောင်းအထိ ရရှိနေပြီဖြစ်သည်။ “ရွာက ကျွန်တော့်အသက်(၈၄)နှစ်အရွယ်ရှိသောအဖွားအတွက် သက်ကြီးအာမခံလည်း ဝယ်ထားပေးပါတယ်။ နေရထိုင်ရတာ တစ်နေ့ထက်တစ်နေ့ပိုအဆင်ပြေလာပါတယ်။” ဟု သူက ဆိုလေသည်။

ပုံ ၁၊ ဟိုင်ရဲဖူ၏ပုံကို တွေ့နေစဉ်။
图①海叶普 范忠生 图

ပုံ ၂၊ ဟိုင်ရဲဖူမိသားစုများကို တွေ့နေစဉ်။
图②海叶普一家 范忠生 图

# ကျီနော့တိုင်းရင်းသား၊ ကျီမေသည် ကျေးရွာနေအိမ်တည်းခိုခန်းဖြင့် ချမ်းသာကြွယ်ဝသောလမ်းမသို့ လျှောက်လှမ်းခြင်း

## 基诺族 | 姿梅的乡村民宿致富路

通讯员 秦晴 文 / 图



姿梅，基诺族，家住云南省西双版纳傣族自治州景洪市基诺山基诺族乡新司土村委会巴飘村。近年来，在国家扶贫政策的带动下，姿梅和家人积极从事乡村旅游，出售生态茶叶、野生蜂蜜和传统民族织物等，经济条件明显改善。她憧憬着："希望来基诺山的游客越来越多！"





ကျီမေသည် ကျီနော့တိုင်းရင်းသူဖြစ်ပြီး ယူနန်ပြည်နယ် စစ်ဆောင်ပန်းနားတိုင်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ဂျိမ်ဟုန်မြို့ ကျီနော့တောင် ကျီနော့ တိုင်းရင်းသားကျေးရွာအုပ်စုရှင်စီထူရွာကော်မတီ ပါဖြောင်ရွာတွင် နေထိုင်ပါသည်။

ယခုနှစ်ပိုင်းတွင် နိုင်ငံတော်၏ဆင်းရဲနွမ်းပါးမှုလျှော့ချရေးပေါ်လစီ အကောင်အထည်ဖော်ဆောင်မှုအောက်တွင် ကျီမေတို့မိသားစုသည် ကျေးရွာနေအိမ်တည်းခိုခန်း ခရီးသွားလာရေးလုပ်ငန်းကို တက်တက်ကြွကြွလုပ်ကိုင်ရင်း သဘာဝလက်ဖက်ခြောက်၊ သဘာဝပျားရည်နှင့် ရိုးရာတိုင်းရင်းသားချည်ထည်များကို ရောင်းချလာခဲ့ရာ စီးပွားရေးအခြေအနေ သိသာစွာကောင်းမွန်လာခဲ့ပါသည်။ "ကျီနော့စန်တောင်သို့ ခရီးသွားဧည့်သည် အများအပြားလာရောက်ရန်" သူမက မျှော်လင့်နေပါသည်။

ကျီနော့တိုင်းရင်းသားသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးနောက်ပိုင်း ပေါ်ဦးခေတ်လူ့အဖွဲ့အစည်းအနှောင်းပိုင်းကာလမှ ဆိုရှယ်လစ်ဝါဒ လူမှုရေးအသိုင်းအဝိုင်းသို့ တိုက်ရိုက်ကူးပြောင်းလာသော တိုင်းရင်းသားလူမျိုးစု ဖြစ်ပါသည်။ ၁၉၇၉ ခုနှစ်ဇွန်လတွင် တရုတ်နိုင်ငံနိုင်ငံတော်ကောင်စီမှ ကျီနော့တိုင်းရင်းသားကို သီးသန့်တိုင်းရင်းသားအဖြစ် တရားဝင်အတည်ပြုခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်မီက "ဓားဖြင့်ခုတ်ထစ်ခြင်း၊ မီးရှို့မြေဆွခြင်း"လုပ်ဆောင်မှုဖြင့် တောင်ပေါ်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းသည် ကျီနော့တိုင်းရင်းသားများ၏ အဓိကစီးပွားရေးဝင်ငွေရရှိသည့်ပုံစံ ဖြစ်ပါသည်။ ယခုအခါ ကျီနော့စန်တောင်ရှိ ကျေးရွာတိုင်းသည် လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ လျှပ်စစ်မီး၊ တီဗွီ၊ 4G အင်တာနက်စသည်တို့ ရရှိနေပြီး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်နေကြပြီဖြစ်သည်။

ပုံ ၁။ ကျီမေ၏ပုံကို တွေ့နေစဉ်။
图①姿梅

ပုံ ၂၊ ကျီမေ(ညာဘက်ပုံ)က ဧည့်သည်တော်အား လက်ဖက်ခြောက်အကြောင်း ရှင်းလင်းပြောကြားနေစဉ်။
图②姿梅（右）在给客人介绍茶叶


# တအောင်းတိုင်းရင်းသား၊ ကျောက်ယုရွဲမှ “ချည်ထိုးခြင်း”ဖြင့် သာယာချမ်းမြေ့သော ဘဝကို ပိုင်ဆိုင်လာခြင်း

## 德昂族｜赵玉月“织”出幸福日子

本刊记者 张莹琳 / 文



赵玉月，德昂族，家住云南省德宏傣族景颇族自治州芒市三台山德昂族乡。三台山乡是中国唯一的德昂族乡，德昂族群众在新中国成立初期生活极度贫困。赵玉月是德昂族织锦传承人，她在村里最早开设了民宿“德昂人家”，许多游客都因赵玉月家别具特色的老房子和传统织锦技艺慕名而来。“让游客体验德昂族文化是最开心的事。”如今，赵玉月靠织锦技艺，“编织”出幸福日子。


①


②

ကျောက်ယုရွဲသည် တအောင်းတိုင်းရင်းသူဖြစ်ပြီး ယူနန်ပြည်နယ်တယ်ဟုန်တိုင်တိုင်းရင်းသား၊ ဂျိမ်းဖောတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ မန်စီမြို့ စန်ထိုင်စန်တအောင်းတိုင်းရင်းသားကျေးရွာအုပ်စုတွင် နေထိုင်ပါသည်။

စန်ထိုင်စန်ကျေးရွာအုပ်စုသည် တရုတ်နိုင်ငံအတွင်း တစ်ခုတည်းသောတအောင်းတိုင်းရင်းသားကျေးရွာဖြစ်ပါသည်။ တအောင်းတိုင်းရင်းသားများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးကာစက နေထိုင်မှုဘဝမှာ အလွန်ဆင်းရဲခက်ခဲခဲ့လေသည်။

ယခုနှစ်ပိုင်းတွင် ဒေသခံအစိုးရသည် အထူးထုတ်လုပ်ရေးလုပ်ငန်းများဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို လုပ်ဆောင်ပေးပြီး တအောင်းတိုင်းရင်းသား ပြည်သူလူထုအား ဆင်းရဲနွမ်းပါးမှုမှ ကင်းလွတ်စေပြီးချမ်းသာသောလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်အောင် ဦးဆောင်နေပါသည်။ ရွာသူကျောက်ယုရွဲသည် တအောင်းတိုင်းရင်းသားချည်ထိုးခြင်းလုပ်ငန်းကို အမွေဆက်ခံသူတစ်ဦးဖြစ်ပါသည်။ သူမသည် ရွာထဲတွင် နေအိမ်တည်းခိုခန်း “တအောင်းနေအိမ်”ကို အစောဆုံးဖွင့်လှစ်သူဖြစ်သည်။ ခရီးသွားဧည့်သည် အများအပြားသည် ကျောက်ယုရွဲ၏ နေအိမ်ထူးခြားချက်ဖြစ်သည့် ရှေးဟောင်းအဆောက်အဦးနှင့် ရိုးရာချည်ထိုးပညာကို လေ့လာလို၍ ရောက်ရှိလာသူများ ဖြစ်ကြပါသည်။

“တအောင်းတိုင်းရင်းသားယဉ်ကျေးမှုကို ခရီးသွားဧည့်သည်များ ကိုယ်တိုင်ခံစားနိုင်အောင် ဆောင်ရွက်ခြင်းအလုပ်သည် ကျွန်မအတွက် အပျော်ရွှင်ဆုံးအလုပ်ဖြစ်သည်။” ဟု သူမက ဆိုလေသည်။ ယခုအချိန်တွင် ကျောက်ယုရွဲသည် တအောင်းတိုင်းရင်းသားချည်ထိုးခြင်းပညာဖြင့် သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်လာပါသည်။

ပုံ ၁၊ ကျောက်ယုရွဲ၏ပုံကို တွေ့နေစဉ်။
图①赵玉月 张莹琳 图

ပုံ ၂၊ ကျောက်ယုရွဲ၏ “တအောင်းနေအိမ်” ဟူသော နေအိမ်တည်းခိုခန်းကို တွေ့ရစဉ်။
图②赵玉月的“德昂人家”民宿 新华社 图

# စွေတိုင်းရင်းသား၊ လန်ယွမ်ချိုသည် အထည်ချုပ်စက်ရုံကို တည်ဆောက်

## 水族 | 郎元秋建起服饰加工厂

本刊记者 段建鑫 / 文 富源县融媒体中心供图



郎元秋，水族，家住云南省曲靖市富源县古敢乡都章村。过去，都章村一直以传统农业种植为主，农业产值较低，村民收入“看天吃饭”。近年来，在当地政府支持下，村民郎元秋筹资 20 余万元，新建起水族服饰加工厂。“这既促进了古敢乡水族文化传承保护，又让村民们通过自己的双手过上幸福生活。”郎元秋说。





လန်ယွမ်ချိုသည် စွေတိုင်းရင်းသူဖြစ်ပြီး ယူနန်ပြည်နယ် ချွီးကျင့်မြို့ ဖူရွမ်ခရိုင် ကူကန်ကျေးရွာအုပ်စုတူကျမ်ရွာတွင် နေထိုင်ပါသည်။

ယခင်က တူကျမ်ရွာသည် ရိုးရာစိုက်ပျိုးရေးကိုသာ အဓိကထားပြီး အသက်မွေးဝမ်းကျောင်းပြုသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် ဝင်ငွေနည်းပါးလှရာ ကျေးရွာနေပြည်သူများသည် “ကံကို မှီပြီးရှင်သန်ကြရသည်”။ ယခုနှစ်ပိုင်းတွင် ဒေသခံအစိုးရ၏ အထောက်အပံ့ဖြင့် ရွာသူလန်ယွမ်ချိုသည် ယွမ် ၂ သိန်းကျော် စုဆောင်းပြီး စွေတိုင်းရင်းသားဝတ်စုံအထည်ချုပ်စက်ရုံကို အသစ်တည်ထောင်နိုင်ခဲ့ပါသည်။

“ကျွန်မ စက်ကိရိယာနဲ့ ကုန်ကြမ်းများကို တာဝန်ယူဝယ်ပေးပြီး ရွာသူ၊ ရွာသားများကို အခမဲ့သင်ကြားပေးတယ်။”ဟု လန်ယွမ်ချိုက ပြောပါသည်။ ယခုလက်ရှိအချိန်တွင် အမျိုးသမီး(၄၈)ဦးတို့သည် စက်ရုံသို့ အလုပ်ဝင်နေပြီး တစ်ဦးချင်းစီသည် တစ်လလျှင် ဝင်ငွေယွမ် ၅၀၀၀ ကျော် ရရှိနိုင်ပြီဖြစ်သည်။ ယခုအခါ စွေတိုင်းရင်းသားဝတ်စုံ အထည်ချုပ်စက်ရုံ စီမံခန့်ခွဲမှု အားကောင်းလျက်ရှိနေပါသည်။ ကျေးရွာနေပြည်သူများသည် အဆိုပါပလက်ဖောင်းကိုအမှီပြုပြီး မိမိ၏တီထွင်ဖန်တီးမှုစွမ်းအားများကို အစွမ်းကုန်ထုတ်သုံးကာ တမူထူးခြားသည့် စွေတိုင်းရင်းသားရိုးရာဝတ်စုံများကို ထုတ်လုပ်နိုင်နေပြီဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းသည် ကူကန်ကျေးရွာစွေတိုင်းရင်းသားယဉ်ကျေးမှု အမွေဆက်ခံထိန်းသိမ်းခြင်းကို အားပေးရာရောက်ပြီး ကျေးရွာနေပြည်သူလူထုကို မိမိတို့၏ ကိုယ်ပိုင်လက်တစ်စုံဖြင့် သာယာချမ်းမြေ့သောဘဝ ဖန်တီးစေနိုင်ခဲ့ပါသည်။

ပုံ ၁၊ လန်ယွမ်ချို၏ပုံကို တွေ့နေစဉ်။
图①郎元秋

ပုံ ၂၊ စွေတိုင်းရင်းသား၏ပန်းထိုးလက်ရာ။
图②水族刺绣

# မန်ချူးတိုင်းရင်းသား၊ ဟွမ်ကျာခန် အိမ်သစ်ရွှေ့ပြောင်းပြီး ကြွယ်ဝချမ်းသာလာ

## 满族 | 黄家康搬新居迎小康

本刊记者 段建鑫 / 文 保山市委宣传部供图



黄家康，满族，家住云南省保山市隆阳区水沟洼村。

“以前，水沟洼村是一个典型的贫困高寒村落，交通闭塞，经济发展严重受阻。自实施精准扶贫以来，水沟洼村发生了翻天覆地的变化。水沟洼村结合当地条件，大力推广桑树种植。如今全村桑树种植面积已达 1000 亩，每年可实现增收 100 余万元，群众生活水平得到大幅提升。





ဟွမ်ကျာခန်သည် အသက်(၆၄)နှစ်အရွယ်ရှိသော မန်ချူးတိုင်းရင်းသားဖြစ်ပြီး ယူနန်ပြည်နယ် ပေါင်စန်မြို့လုံရန်မြို့နယ် ရွှေကိုဝါရွာတွင် နေထိုင်ပါသည်။

ယခင်က ရွှေကိုဝါကျေးရွာသည် ဆင်းရဲနွမ်းပါးသော တောင်ပေါ်ရွာလေးတစ်ခုဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲလှရာ စီးပွားရေးတိုးတက်မှုကို အဟန့်အတားများစွာဖြစ်ခဲ့ပါသည်။ “နေသာလျှင် တစ်ကိုယ်လုံးဖုံကပ်နေပြီး မိုးရွာလျှင် တစ်ကိုယ်လုံး ရွှံ့နွံများကပ်နေသည်။ မြေဆွခြင်း၊ ကောက်စိုက်ခြင်းတို့ကို လူအားဖြင့်သာ ဆောင်ရွက်ရသည်။” ဟွမ်ကျာခန်သည် အတိတ်ကာလကို ပြန်လည်တွေးတောမိလိုက်တိုင်း ပင်ပန်းဆင်းရဲခဲ့ရသည်ကို သတိရနေမိပါသည်။

ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်းများကို သေသေချာချာ အကောင်အထည်ဖော်လုပ်ဆောင်လာပြီးကတည်းက ရွှေကိုဝါကျေးရွာသည် လုံးဝပြောင်းလဲသွားခဲ့ပါသည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျေးရွာအမှုဆောင်အဖွဲ့သည် ကတ္တရာလမ်း ၁၀၀% ဖြစ်အောင်ဆောင်ရွက်ခဲ့ပြီး အန္တရာယ်ရှိအဆောက်အဦးများကို ၁၀၀% ပြုပြင်မွမ်းမံခဲ့ပါသည်။ ထုတ်လုပ်ရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် ရွှေကိုဝါရွာသည် ဒေသအခြေအနေနှင့် သင့်တင့်စွာ ပေါင်းစပ်၍ ပိုးစာပင်စိုက်ပျိုးရေးလုပ်ငန်းကို အင်တိုက်အားတိုက် လုပ်ကိုင်ရန် တိုက်တွန်းခဲ့သည်။ ယခုအချိန်တွင် ကျေးရွာတစ်ခုလုံးအတွင်း ပိုးစာပင် တရုတ်ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီဖြစ်ကာ နှစ်စဉ် ယွမ် ၁ သန်းကျော် ဝင်ငွေတိုးပွားလာခဲ့ရာ လူထု၏ လူနေမှုဘဝအဆင့်အတန်း များစွာမြင့်မားလာခဲ့ပါသည်။

“ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ပိုးမွေးမြူရေးလုပ်ငန်းဟာ ကျွန်တော်တို့ကို စီးပွားရေးဝင်ငွေ အများအပြားရရှိစေတဲ့အတွက် နေထိုင်မှုဘဝလည်း တစ်ရက်ထက်တစ်ရက် ပိုမိုအဆင်ပြေကောင်းမွန်လာပါတယ်။” အိမ်သစ်သို့ ရွှေ့ပြောင်းပြီးနောက် ဟွမ်ကျာခန်သည် သူ၏အနာဂတ်ဘဝအပေါ် မျှော်လင့်ချက်များစွာ ထားရှိနေလေသည်။

ပုံ ၁၊ ဟွမ်ကျာခန်က မန်ချူးစာ ရေးသားနေသည်ကိုတွေ့ရစဉ်။
图①黄家康在写满文

ပုံ ၂။ ရွှေကိုဝါရွာ ပြန်လည်နေရာချထားသော လက်ဖက်ခြံ၏ အိမ်သစ်များကို တွေ့ရစဉ်။
图②水沟洼村茶地易地安置点

# တူလုံတိုင်းရင်းသား ၊ Paris နှင့် abiu ကို စိုက်ပျိုးခြင်း

## 独龙族 | 种起重楼、黄金果

本刊记者 刘蓉 / 文



李文仕，独龙族，家住云南省怒江傈僳族自治州贡山县独龙江乡迪政当村。今年6月份，李文仕家实现脱贫。李文仕家共 5 口人，原来主要靠种植土豆、包谷等农作物为生。如今，在国家扶贫政策的带动下，一家人积极参与政府的扶贫项目，种起了黄金果、重楼，家里收入逐年上涨。





လီဝံစီသည် အသက် (၇၄) အရွယ်ရှိ နှ တိုင်းရင်းသူတစ်ဦးဖြစ်ပြီး ယူနန်ပြည်နယ်နုကျမ်း လီဆူးတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ ကုံစန်ခရိုင် တူလုံကျမ်းကျေးရွာအုပ်စု တီကျိန်တန်ရွာတွင် နေထိုင်ပါသည်။

ယခုနှစ်ဇွန်လပိုင်းတွင် မျက်နှာတွင် တက်တူးထိုးထားသော တူလုံတိုင်းရင်းသူ လီဝံစီတို့ မိသားတစ်စုသည် ဆင်းရဲနွမ်းပါးမှုမှလွတ်မြောက်လာခဲ့ပါသည်။ လီဝံစီတို့မိသားစုတွင် မိသားစုဝင်(၅)ဦး ရှိပါသည်။ မူလက အာလူး၊ ပြောင်းစသည့်ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းဖြင့် အသက်မွေးကြလေသည်။ ယခုလက်ရှိအချိန်တွင် နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးပေါ်လစီ၏ ဦးဆောင်မှုအောက်တွင် လီဝံစီတို့မိသားစုသည် အစိုးရမှ ချမှတ်ပေးသော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းတွင် တက်ကြွစွာပါဝင်ခဲ့ကာ မိမိယာထဲတွင် abiu၊ Paris တို့ကို စတင်စိုက်ပျိုးလာပါသည်။ ရွာနှင့်ပြင်ပသို့ ဆက်သွယ်ထားသော လမ်းများလည်း ပြုပြင်ပြီးဖြစ်ရာ မြို့ပေါ်သို့တက်ပြီး ဒေသထွက်ကုန်များကို သွားရောက်ရောင်းချရန်လည်း လွယ်ကူလာခဲ့ပြီး အိမ်တွင်းဝင်ငွေလည်း တစ်နှစ်ထက်တစ်နှစ် တိုးပွားလာခဲ့ပါသည်။

ပုံ ၁၊ လီဝံစီ၏ပုံကို တွေ့နေစဉ်။
图①李文仕 新华社 图

ပုံ ၂၊ လီဝံစီ(ဘယ်-၂)သည် မြေးများနှင့်အတူ ရွာအတွင်း လမ်းလျှောက်နေစဉ်။
图②李文仕（左二）带着孙子在村里散步 新华社 图

# 【ယွီရှီးသို့ ဝင်ရောက်လေ့လာခြင်း】“ရွှေသရက်သီး”တစ်လုံးဖြင့် ကမ္ဘာအနှံ့မှ အာရုံစူးစိုက်ခြင်းခံရ

## 【走进玉溪】一颗“金芒果”吸引世界目光

云南省玉溪市元江哈尼族彝族傣族自治县，具有浓郁的民族风情，因区位优势独特，四季花果飘香，特别是芒果，以甘甜、肉鲜、营养丰富而著称。

ယူနန်ပြည်နယ် ယွီရှီးမြို့ ယွမ်ကျမ်းဟာနီ၊ တိုင်နှင့်ရီတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်တွင် နွေးထွေးပျူငှာသော တိုင်းရင်းသားယဉ်ကျေးမှုများနှင့် ဒေသပထဝီအားသာချက်များကြောင့် (၁၂)ရာသီပတ်လုံး သစ်သီးဝလံပေါကြွယ်ဝပါသည်။ အထူးသဖြင့် သရက်သီးများမှာ အသားထူပြီး ချိုကာအာဟာရရှိခြင်းဖြင့် နာမည်ကျော်ကြားလှပါသည်။

ယွမ်ကျမ်းခရိုင်သည် အနိမ့်လတ္တီကျူကုန်းမြင့်ပိုင်းဖြစ်ပြီး ရာသီဥတုခြောက်သွေ့သည်။ နေရောင်ခြည် လုံလောက်စွာ ရရှိပြီး “သဘာဝနေလုံအခန်း”နှင့် “နေရောင်ခြည်မြို့တော်”၊ “ယူနန်ပြည်နယ် သရက်သီးအခြေစိုက်စခန်း” အဖြစ် အမည်ပေးခြင်း ခံရပါသည်။ နှစ်စဉ်နှစ်တိုင်း“ရွှေသရက်သီး”ယဉ်ကျေးမှုခရီးသွားပွဲတော် ကျင်းပလေ့ရှိပါသည်။

“ရွှေသရက်သီး” ယဉ်ကျေးမှုခရီးသွားပွဲတော်သည် ဒေသခံများ၏ ကြီးမားသောပွဲတော် တစ်ခုဖြစ်သည်။ သရက်သီးစားပြိုင်ပွဲသည်လည်း အလွန်စိတ်လှုပ်ရှားဖွယ်အစီအစဉ်တစ်ခု ဖြစ်သည်။ တရုတ်နိုင်ငံ နေရပ်အသီးသီးမှ လာကြသော ခရီးသွားများနှင့် ဒေသခံများက အတူယဉ်ပြိုင်ကြသည်။ သတ်မှတ်ထားသော အချိန်အတွင်း အမြန်ဆုံးနည်းလမ်းဖြင့် သရက်သီး အရေအတွက်အများဆုံး စားနိုင်သူကို ပထမဆု ချီးမြှင့်ပေးပါသည်။

သရက်သီးစားခြင်းအပြင် ပွဲတော်ကျင်းပစဉ်အတွင်း ယဉ်ကျေးမှုအဆိုအကညစာစားပွဲ၊ ရိုးရာတိုင်းရင်းသား ဝတ်စားဆင်ယင်မှုပြပွဲ၊ သင်္ကြန်ပွဲတော်၊ အပူပိုင်းဒေသထွက်သစ်သီးဝလံဈေးတန်း၊ ဟာနီဈေးပွဲ စသည်ဖြင့် ယဉ်ကျေးမှုပွဲတော်အစီအစဉ်မျိုးစုံ ရှိသည်။ အဆိုပါအစီအစဉ်များမှတစ်ဆင့် ယွမ်ကျမ်းခရိုင်၏ တိုင်းရင်းသားယဉ်ကျေးမှုများကို ဖော်ပြထားပြီး ခရီးသွားများထံ ယွမ်ကျမ်းခရိုင်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြနိုင်ခဲ့ပါသည်။

玉溪市委宣传部供稿供图



# 【အန်းနင်မြို့နှင့် ဆုံဆည်းခြင်း】အန်းနင်တွင် မြေကြီး၏အနုပညာအလှများကို ခံစားကြစို့

## 【遇见安宁】在安宁品味大地的艺术

春天，在安宁市县街街道山口村，90亩蚕豆和油菜花交相辉映，从空中俯拍，可以看到一朵硕大的“山茶花”图案；秋天，有着“中国红梨之乡”美誉的县街街道迎来红梨丰收，农户们忙着红梨的采收，做出香甜的梨羹迎接游客。从开春谋划到立秋绽放，安宁市县街借“大地艺术”文化旅游节，将美丽乡村建设推向高潮，向外界展示出良好形象和独特的乡村旅游资源，也让当地百姓充分享受到乡村振兴带来的实惠。



နွေဦးရာသီတွင် ပန်းများ ဝေဝေဆာဆာပွင့်လျက်ရှိပါသည်။ ဆောင်းဦးရာသီတွင် အသီးမျိုးစုံ အောင်မြင်စွာ ဆွတ်ခူးရရှိခဲ့ပါသည်။ လုံ့လဝီရိယရှိသူများအနေဖြင့် ခြေထောက်အောက်ရှိ မြေကြီးသည် ရှုခင်းအလှနှင့်အောင်သီးအောင်နှံများအား အမြဲပြန်လည်တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ သိပ်မကြာခင်နှစ်များအတွင်း အန်းနင်မြို့ရှန်ကျဲ့ရပ်ကွက်များတွင် ကျေးလက်တောရွာများ ပြန်လည်အားသစ်လောင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိလာပါသည်။ ဒေသခံများ၏သမိုင်းယဉ်ကျေးမှု၊ ပြည်သူများနှင့် ဓလေ့ထုံးစံယဉ်ကျေးမှုများ၊ တမူထူးခြားသော ပထဝီနေရာအားသာချက်နှင့် ကြွယ်ဝသော သဘာဝသယံဇာတအရင်းအမြစ်များနှင့် ပေါင်းစပ်ထားရာတွင် ခရီးသည်များအတွက် နွေဦးရာသီနှင့်ဆောင်းဦးရာသီ နှစ်မျိုးစလုံးကို ဖြတ်ကျော်နိုင်သော “မြေကြီး၏ အနုပညာအလှ” ဆိုင်ရာယဉ်ကျေးမှုခရီးသွားပွဲတော် အစီအစဉ်ကို စီမံဆောင်ရွက်လာပါသည်။

နွေဦးရာသီတွင် ရှန်ကျဲ့ရပ်ကွက်ရှမ်းခုန်ရွာ တရုတ်ဧကပေါင်း ၉၀ ရှိ ဗိုလ်စားပဲစိုက်ခင်းနှင့် ဆီထွက်မုန်ညှင်းစိမ်းခြံများသည် အဓိကလယ်ယာထွက်ကုန်များ ပြသသောအချက်အချာကျသည့် ရှုခင်းအလှနေရာဖြစ်ပြီး စိမ်းစိုသည့် ပဲပင်ရွက်နှင့် အဝါရောင်မုန်ညှင်းစိမ်းပန်းများသည် အပြန်အလှန် အလှတရားတိုးပွားလာစေပါသည်။ ဝေဟင်မှ ဓာတ်ပုံရိုက်ပါက အလွန်ကြီးမားသည့် “ကမဲလီးယားပန်း” ပွင့်ပုံစံကို ဖော်ပြနေပါသည်။ အထူးလှပပါသည်။ လက်ရှိအချိန်တွင် ရှမ်းခုန်ရွာသည် အထင်ကရနေရာဖြစ်လာရာ အွန်လိုင်းမှတစ်ဆင့် ခရီးသည်များစွာ ရောက်ရှိလာနိုင်ရန် ဆွဲဆောင်လျက်ရှိပါသည်။

ဆောင်းဦးရာသီတွင် “တရုတ်နိုင်ငံ ပန်းသစ်တော်သီး၏ ဇာတိမြေ” ဟု နာမည်ကျော်ကြားသော ရှန်ကျဲ့ရပ်ကွက်သည် ပန်းသစ်တော်သီးထွက်နှုန်း အောင်မြင်မှုရရှိလာပါသည်။ ရာသီဥတု အလွန်ကောင်းမွန်သော အချိန်အခါတွင် တောင်သူလယ်သမားများသည် ပန်းသစ်တော်သီးများကို လက်မလည်အောင် ဆွတ်ခူးနေကြပါသည်။ ပန်းသစ်တော်သီးဖြင့် သစ်တော်သီးယိုထိုးပြီး ခရီးသည်များကို ဧည့်ခံကြပါသည်။ ခရီးသည်များသည် ဤနေရာတွင် သစ်တော်သီးအနီဆွတ်ခူးခြင်း၊ တောင်သူလယ်သမားနေအိမ်စတိုင်လ်စားကောင်းသောက်ဖွယ်များသုံးဆောင်ခြင်း၊ အထူးအနုပညာတင်ဆက်ပြသမှုများ ရှုစားခြင်း၊ မိသားစုပျော်ရွှင်စရာအစီအစဉ်များ ပါဝင်ဆင်နွှဲခြင်း၊ ပန်းပင်လယ်တွင် ဓာတ်ပုံနှင့် ဗီဒီယိုများ ရိုက်ကူးခြင်းစသော ကျေးလက်ဒေသအနှစ်သာရနှင့် ဆောင်းဦးရာသီရိတ်သိမ်းချိန်အပေါ် စိတ်ဝင်စားမှု ပြည့်ဝသည့်အစီအစဉ်များကို ခံစားနိုင်မည်ဖြစ်ပါသည်။

နွေဦးသစ်စမှစတင်စီမံပြီး ဆောင်းဦးစခါရောက်သောအခါ ပန်းများဝေဝေဆာဆာပွင့်လာပါသည်။ အန်းနင်မြို့ ရှန်ကျဲ့ရပ်ကွက်သည် “မြေယာအနုပညာပွဲတော်”ဆိုင်ရာ ယဉ်ကျေးမှုခရီးသွားပွဲတော် ကျင်းပခြင်းအခွင့်အရေးကို ဆုပ်ကိုင်ပြီး လှပသည့် ကျေးလက်တောရွာတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တွန်းအားပေးလျက်ရှိပါသည်။ ပြင်ပအတွက် ကောင်းမွန်သောအနေအထားနှင့် တမူထူးခြားသော ကျေးလက်တောရွာ ခရီးသွားအရင်းအမြစ်များကို ဖော်ထုတ်ပြသရာ ဒေသခံပြည်သူများလည်း ကျေးလက်တောရွာပြန်လည်အားသစ်လောင်းရေးဆိုင်ရာ အကျိုးအမြတ်များကို အတူတကွ အပြည့်အဝ မျှဝေခံစားလာလျက်ရှိပါသည်။

安宁市委宣传部供稿供图



庆祝中华人民共和国成立70周年系列策划

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်းနှစ်(၇၀)ပြည့်အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ်--

# “ပိုမိုကောင်းမွန်ဖွံ့ဖြိုးတိုးတက်လာသောတရုတ်နိုင်ငံနှင့် ကျွန်တော်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးပွားလာအောင် မျှော်လင့်ထားခြင်း”

## “希望发展越来越好的中国与我们有更紧密的合作”

本刊记者 佐耶昂 / 文

70 年前的 10 月 1 日，在中国共产党的带领下，中华人民共和国诞生。70 年的风风雨雨，新中国凭借着坚韧和努力，积极探索，走出了符合自身发展的道路。庆祝新中国成立 70 周年之际，也即将迎来中缅建交 70 周年，在许多缅甸友人看来，这是缘分，也是寄托更多希望的开始。他们表示，希望又长一岁的新中国更加美好，与新中国成立不久就建立外交关系的缅甸，友谊长久、合作密切、唇齿相依、共同发展。

လွန်ခဲ့သောနှစ်(၇၀)က အောက်တိုဘာ(၁) ရက်နေ့တွင် တရုတ်ကွန်မြူနစ်ပါတီမှ ဦးဆောင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်ခဲ့ပါသည်။ နှစ်ပေါင်း(၇၀) ကာလအတွင်း တရုတ်နိုင်ငံသည် မလျှော့သောခွဲသတ္တိဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းနှင့် တက်ကြွစွာ စူးစမ်းလေ့လာခြင်းတို့ဖြင့် မိမိနှင့်ကိုက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို လျှောက်လှမ်းနိုင်ခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ပြီး နှစ်(၇၀)ပြည့်နှစ် ရောက်ရှိသော အခါသမယတွင် တရုတ်–မြန်မာနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတည်ထောင်သည့် နှစ်(၇၀)ပြည့်နှစ်လည်း ရောက်ရှိလာတော့မည် ဖြစ်ပါသည်။ မြန်မာမိတ်ဆွေများက ယင်းသည် ကံကြမ္မာရေစက်ဖြစ်ကဲ့သို့ မျှော်လင့်ချက်အများ၏ အစလည်းဖြစ်ကြသည်ဟု ပြောကြပါသည်။ အသက်တစ်နှစ်တိုးလာသည့် တရုတ်နိုင်ငံ ပိုမိုကောင်းမွန်စေလိုကြောင်း သူတို့က ပြောကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်တည်ထောင်ပြီး သိပ်မကြာသောကာလအတွင်း သံတမန်ဆက်ဆံရေးတည်ထောင်လိုက်သည့် မြန်မာနိုင်ငံနှင့်အတူ ချစ်ကြည်ရေးဆက်ဆံမှု ကြာရှည်ခိုင်မြဲပါစေ၊ ပူးပေါင်းဆောင်ရွက်ရေး ဆက်ဆံမှု ပိုမိုတိုးပွားပါစေ၊ အပြန်အလှန် အမှီပြုပြီး အတူတကွ ဖွံ့ဖြိုးတိုးတက်လာပါစေဟု ဆုတောင်းမေတ္တာပို့သပါသည်။

ဤစာစောင်တွင် ကျွန်တော်တို့က မြန်မာနိုင်ငံရှိ နိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရေးနယ်ပယ်မှ မိတ်ဆွေ(၃)ဦးထံက တရုတ်နိုင်ငံအပေါ် ဆုတောင်းပေးမှုနှင့် မျှော်လင့်မှုများကို သတင်းယူမေးမြန်းခဲ့သည်ကို စာဖတ်ပရိသတ်များထံ မျှဝေပေးလိုက်ပါသည်။

### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးကော်မတီ အတွင်းရေးမှူး မုံရွာအောင်ရှင်–



မုံရွာအောင်ရှင်၏ပုံကို တွေ့နေစဉ်။
蒙育昂新 佐耶昂 图

တရုတ်နိုင်ငံကွန်မြူနစ်ပါတီသည် တရုတ်နိုင်ငံအတွက် အလွန် အရေးကြီးလှပါသည်။ ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုအောက်မှ တရုတ်နိုင်ငံသည် စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် စစ်ရေး၊ ပြည်ပဆက်ဆံရေး စသည့် ကဏ္ဍများတွင် ကြီးမားသော အောင်မြင်မှုရလဒ်များ ရရှိနိုင်ခဲ့သည်။ တရုတ်နိုင်ငံသည် များစွာ ထူးချွန်သော နိုင်ငံ့ခေါင်းဆောင်များကို မွေးထုတ်နိုင်ခဲ့သည်။ တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတရှီကျင့်ဖျင်သည် အဆိုပါအကြီးအကဲများအနက် တစ်ဦးဖြစ်ပါသည်။ သမ္မတရှီ၏ လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးကို ကျွန်တော် အထူးကြိုက်နှစ်သက်ပါသည်။ ဤသည်မှာ ယနေ့တရုတ်နိုင်ငံ အောင်မြင်မှုရရှိစေသော အခြေခံအုတ်မြစ်ဖြစ်ပါသည်ဟု ကျွန်တော်က ခံယူပါသည်။

၂၀၂၀ ပြည့်နှစ်သည် မြန်မာ–တရုတ် သံတမန်ဆက်ဆံရေး တည်ထောင်ပြီး နှစ်ပေါင်း (၇၀)ပြည့်မြောက်နှစ် ဖြစ်ပါသည်။ နှစ်နိုင်ငံ အကြားက ချစ်ကြည်ရေးဆက်ဆံမှုသည် နှစ်ပေါင်း (၇၀) သာမကပဲဆက်လက်ခိုင်မာတိုးပွားလာမည်သာ ဖြစ်ပါသည်။ အနာဂတ်ကာလတွင် တရုတ်နိုင်ငံ ပိုမိုကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်လာပါစေ၊ မြန်မာ–တရုတ်ချစ်ကြည်ရေးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆက်ဆံမှုများ ပိုမိုတည်တံ့ခိုင်မြဲနက်ရှိုင်းလာပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

## မြန်မာ နိုင်ငံစီးပွားရေးပညာရှင် ဒေါက်တာ ခင်မောင်ညို—



ဒေါက်တာခင်မောင်ညို၏ပုံကို တွေ့နေစဉ်။
钦貌钮 佐耶昂 图

ကျွန်တော် တရုတ်နိုင်ငံကို အကြိမ်များစွာ သွားခဲ့ဖူးပါသည်။ တရုတ်နိုင်ငံ စီးပွားပညာရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးဖူးပါသည်။ ဆွေးနွေးတိုင်း တရုတ်နိုင်ငံ၏ စီးပွားရေးအတွေးအခေါ်သည် ယခင်ကထက် ပိုမိုရင့်ကျက်လာတာကို ကျွန်တော်တွေ့မြင်ရပါသည်။ တရုတ်နိုင်ငံ၏စီးပွားရေးသည် အစိုးရစီးပွားရေးပေါ်လစီညွှန်ကြားမှုအောက်မှ ကြီးမားသောဖွံ့ဖြိုးတိုးတက်မှုကို ရရှိခဲ့ပါသည်။ နှစ်ပေါင်း(၇၀)ပြည့်မြောက်သည့် တရုတ်နိုင်ငံသည် နိုင်ငံတကာစီးပွားရေးနှင့် ယှဉ်ပြိုင်နိုင်သည့်အင်အား ပြည့်ဝနေပြီ ဖြစ်ပါသည်။ ဤသည်ကို တွေ့မြင်ရခြင်းသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက အထူးပင် ဝမ်းသာအပ်ပါသည်။ ကျွန်တော်တို့သည် တရုတ်နိုင်ငံကို အလေးထားပါသည်။ စီးပွားရေး၊ ပညာရေး စသည့်နယ်ပယ်များတွင် တရုတ်နိုင်ငံနှင့် ပိုမိုများပြားသော ပူးပေါင်းဆောင်ရွက်မှုနှင့် ဖလှယ်မှုများ လုပ်ဆောင်နိုင်ရန် ကျွန်တော်တို့ မျှော်လင့်ပါသည်။

## တာ့လီတက္ကသိုလ် ညှော်ပါမောက္ခ ဆရာအောင်ပြည့်ဖြိုးဝင်း—



အောင်ပြည့်ဖြိုးဝင်း၏ပုံကို တွေ့နေစဉ်။
昂比漂温 佐耶昂 图

နှစ်(၄၀)အတွင်းတရုတ်နိုင်ငံတွင် ကောင်းမွန်သောပညာရေးစနစ် ဖြစ်ပေါ်လာပြီး အရှိန်မြင့်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ တရုတ်နိုင်ငံသည် ပညာရေးစနစ်ကို မြှင့်တင်ရန်အတွက် နိုင်ငံတကာမှ ဘာသာရပ်အသီးသီးတွင် ထူးချွန်ထက်မြက်သူများကို ခန့်အပ်ထားလျက်ရှိပါသည်။ ထို့အတူ တရုတ်ကျောင်းသားကျောင်းသူများသည် နိုင်ငံခြားသို့ သွားရောက်ပညာသင်ယူရန် ရွေးချယ်ခဲ့ကြသည်။ တရုတ်နိုင်ငံသည် ပြည်တွင်းပြည်ပကျွမ်းကျင်သူပညာရှင်များ၊ နိုင်ငံခြားကျောင်းသားများနှင့် ပူးတွဲပြီး ပညာရေးအရည်အသွေးမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် သိသာထင်ရှားသောရလဒ်များ ရရှိခဲ့သည်။ ယခု တရုတ်နိုင်ငံ၏ပညာရေးသည် အရှေ့အာရှနှင့် ကမ္ဘာ့ရှေ့တန်းနေရာမှာ ရှိနေပြီဖြစ်သည်။ တရုတ်နိုင်ငံသည် ပညာရေးနယ်ပယ်တွင် မြန်မာနိုင်ငံနှင့်အတူ ပိုများသော ပူးပေါင်းဆောင်ရွက်မှုနှင့် ဖလှယ်မှုများ ပြုလုပ်ရန် မျှော်လင့်ပါသည်။

# (၁၅)ကြိမ်မြောက် တျမ်ချီစာပေဆုကို မြန်မာနိုင်ငံစာရေးဆရာ ဝမ်ချုံရှီမှ ချီးမြှင့်ခြင်းခံရ

## 缅甸作家王崇喜获第十五届滇池文学奖

7月 27 日，第十五届滇池文学奖在昆明震庄宾馆揭晓。缅甸籍华文诗人王崇喜的诗歌获第十五届滇池文学奖·最佳东南亚华文文学奖。同时，获得本届滇池文学奖的还有北京作家周李立（年度大奖）、山西作家闫文盛（散文奖）、甘肃作家鬼鱼（小说奖）、昆明作家张晓军（诗歌奖）。





ဆုချီးမြှင့်ပွဲတွင် ဝမ်ချုံရှီကို တွေ့ရစဉ်။
王崇喜在颁奖典礼上

ဇူလိုင်လ(၂၇)ရက်နေ့က ကူမင်းကျိန်ချွမ်းဟိုတယ်တွင် (၁၅)ကြိမ်မြောက် တျမ်ချီစာပေဆုများ ချီးမြှင့်ခဲ့ပါသည်။ မြန်မာနိုင်ငံမှ တရုတ်စာကဗျာဆရာ ဝမ်ချုံရှီ၏ ကဗျာမှာ (၁၅)ကြိမ်မြောက် တမ်ချီစာပေဆု၏ အရှေ့တောင်အာရှအကောင်းဆုံး တရုတ်စာပေပညာဆု ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။ ထို့အတူ ယခုအကြိမ်တျမ်ချီစာပေဆု ရရှိသူများမှာ ပေကျင်းမြို့စာရေးဆရာ ကျိုးလီလို့ (နှစ်ပတ်လည်ဆုကြီး)၊ ရှန်းရှီးပြည်နယ်စာရေးဆရာ ရန်ဝိမ်စိန့် (ဆောင်းပါးဆု)၊ ကန့်စုပြည်နယ်စာရေးဆရာ ကွေ့ယူ(ဝတ္ထုဆု)၊ ကူမင်းမြို့စာရေးဆရာ ကျန်းရှောင်ကျွင်း (ကဗျာဆု) တို့ဖြစ်ကြပါသည်။

“တျမ်ချီ”စာပေမဂ္ဂဇင်းသည် ကူမင်းမြို့စာပေအနုပညာလောကအသင်းမှ သီးသန့်ထုတ်ဝေသော လစဉ်စာပေမဂ္ဂဇင်းဖြစ်ပါသည်။ တရုတ်နိုင်ငံစာပေလောကတွင်ဩဇာသက်ရောက်မှု ရှိပါသည်။ ၁၉၇၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ယခုနှစ်သည် နှစ်(၄၀)ပြည့်နှစ်ဖြစ်သည်။ နှစ်(၄၀)အတွင်း “တျမ်ချီ”စာပေမဂ္ဂဇင်းသည် တရုတ်နိုင်ငံစာပေပညာ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစွမ်းကုန်အားထုတ်လျက်ရှိပါသည်။ စာပေပညာရှင်များအတွက် တရားမျှတသော စာပေထုတ်ပြန်နိုင်သည့်စင်မြင့်ကိုထောက်ပံ့ပေးနေပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလထုတ်“တျမ်ချီ”စာပေမဂ္ဂဇင်းမှစတင်ကာ အရှေ့တောင်အာရှသို့အာရုံစူးစိုက်လာခဲ့ပါသည်။ အရှေ့တောင်အာရှတရုတ်စာပေပညာရှင်များအတွက် ဝတ္ထု၊ ဆောင်းပါးနှင့် ကဗျာများ ရေးသားနိုင်သည့် သီးသန့်ကော်လံ တည်ထောင်ပေးခဲ့သည်။ အရှေ့တောင်အာရှ တရုတ်စာပေအထူးကော်လံသည် မဂ္ဂဇင်းလတိုင်း ထုတ်ဝေလျက်ရှိရာ နှစ်စဉ်(၆)ကြိမ်ရှိသည်။ ယခုအထိ မြန်မာ၊ စင်္ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်စသည့် နိုင်ငံများမှ တရုတ်စာပေပေါင်း(၅၀)ကျော်ကို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို့အပြင် ၂၀၁၉ ခုနှစ်ကစပြီး “တျမ်ချီ”စာပေပညာဆုတွင် အရှေ့တောင်အာရှ တရုတ်စာပေပညာဆုကို အသစ်ထပ်တိုးလိုက်သည်။ အရှေ့တောင်အာရှတွင် နေထိုင်သည့် တရုတ်စာပေပညာရှင်များအနက် ထူးချွန်သည့် စာပေပညာရှင်ကို နှစ်စဉ် အဆိုပါဆုအား ချီးမြှင့်ပေးလျက်ရှိပါသည်။

昆明市文学艺术界联合会供稿供图



庆祝中华人民共和国成立70周年系列策划

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်းနှစ်(၇၀)ပြည့်အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ်--

# မျက်မြင်ကိုယ်တွေ့ပုံပြင်များအား ပြောကြားခြင်း၊ ထွန်းလင်းတောက်ပသောသမိုင်းဖြစ်စဉ်ကို သက်သေအနေဖြင့် ကြည့်ရှုလေ့လာခြင်း

## 讲述亲历故事，见证辉煌历程

中华人民共和国成立70周年
The 70th Anniversary of the Founding of The People's Republic of China

“中国是一个充满希望的国度。”中国政府友谊奖获得者、中国商用飞机有限责任公司飞机噪声团队项目经理谢里·布里尔说：“我来华工作就是希望助力中国实现大飞机梦。我想继续见证中国的发展，继续为中国的大飞机事业贡献绵薄之力。”

今年是新中国成立 70 周年。70 年栉风沐雨，70 年砥砺前行，中国人民创造了举世瞩目的发展成就。70 年来，众多国际人士亲眼见证了中国走过的辉煌历程，不少人长期扎根中国、参与中国的发展。他们是新中国 70 年发展过程的亲历者。在新中国成立 70 周年之际，让我们一同来感受国际人士眼中的中国发展故事。

“တရုတ်နိုင်ငံသည် မျှော်လင့်ချက်အပြည့်အဝ ရှိသောနိုင်ငံ ဖြစ်ပါကြောင်း။” တရုတ်အစိုးရချစ်ကြည်ရေးဆုရှင်၊ တရုတ်စီးပွားဖြစ်လေယာဉ်ပျံကုမ္ပဏီလီမိတက်မှ လေယာဉ်ပျံဆူညံသံလုပ်ငန်းအဖွဲ့စီမံကိန်း မန်နေဂျာ ရှယ်လီ.ပူလီလ်က ပြောသည်။ “တရုတ်နိုင်ငံသို့ ကျွန်တော် လာရောက်အလုပ်လုပ်ကိုင်သော မျှော်မှန်းချက်သည် တရုတ်နိုင်ငံကို အကူအညီပေးပြီး လေယာဉ်ပျံကြီးအိပ်မက်ကို ဖော်ဆောင်ရန်အတွက် ဖြစ်ပါသည်။ ကျွန်တော်မျှော်လင့်သည်မှာ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို သက်သေအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ လေယာဉ်ပျံကြီးလုပ်ငန်းအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်” ဟု သူက ပြောပြပါသည်။

ယခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီး ၇၀ ပြည့်မြောက်နှစ် ဖြစ်ပါသည်။ နှစ်ပေါင်း ၇၀ ပြည့် ကာလအတွင်း အခက်အခဲများစွာကို ကျော်လွှားပြီး ခွဲသတ္တိရှိစွာ ရှေ့ရှုချီတက်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တရုတ်ပြည်သူများသည် တစ်ကမ္ဘာလုံး အံ့သြလောက်အောင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အောင်မြင်မှုများကို ရရှိခဲ့ပါသည်။ နှစ်ပေါင်း ၇၀ ပြည့် ကာလအတွင်း နိုင်ငံတကာမိတ်ဆွေများစွာသည် တရုတ်နိုင်ငံ၏ဖြတ်သန်းခဲ့သောခရီးစဉ်ကို မျက်မြင်ကိုယ်တွေ့ခံစားခဲ့ကြရာ ပုဂ္ဂိုလ်များစွာသည် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများထဲ အချိန်ကြာရှည်စွာ ပါဝင်လုပ်ကိုင်ပြီး ကြာမြင့်စွာအခြေချနေထိုင်ခဲ့ပါသည်။ သူတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၇၀ နှစ်ကြာသောကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို သက်သေအနေဖြင့် ခံစားခဲ့သူများဖြစ်ကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီး နှစ်ပေါင်း ၇၀ ပြည့်အခါသမယတွင် နိုင်ငံတကာပုဂ္ဂိုလ်များ၏ မျက်စိထဲ၌ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုပုံပြင်များကို မိမိတို့နှင့်အတူတကွ ခံစားနိုင်အောင် ကြိုးစားကြရပါမည်။

# လုံ့လဝီရိယရှိမှုနှင့် အစိုးရစီမံခန့်ခွဲမှု ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်မှုများသည် တရုတ်နိုင်ငံအား ခုန်ပျံကျော်လွှားတိုးတက်လာအောင် ဖွံ့ဖြိုးတိုးတက်စေရေးကို မောင်းနှင်အားပေးလာ

# 勤勉和善政推动中国跨越式发展

မျက်မြင်ကိုယ်တွေ့ရှိသူ ။ ။ မူဟာမော်တယ်.မိုနီလ်.ကျာဟယ်လန် (အီဂျစ်)
见证人: 穆罕默德·穆尼尔·扎赫兰( 埃及 )

"တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးနှစ်ပေါင်း ၇၀ ကြာသောကာလအတွင်း အံ့သြစရာကောင်းသော ခုန်ပျံကျော်လွှားဖွံ့ဖြိုးတိုးတက်မှု ရရှိခဲ့ခြင်းသည် တရုတ်ပြည်သူများ၏ လုံ့လဝီရိယရှိစွာ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဖြစ်ပါကြောင်း၊ တရုတ်အစိုးရစီမံခန့်ခွဲမှုကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့်လည်း ဖြစ်ပါကြောင်း" ဟု အီဂျစ်နိုင်ငံခြားရေးရာကော်မတီအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ မူဟာမော်တယ်.မိုနီလ်.ကျာဟယ်လန်က ပြောပြပါသည်။

၁၉၆၀ ပြည့်နှစ်တွင် ကျာဟယ်လန်သည် တရုတ်နိုင်ငံသို့ ပထမဦးဆုံးအကြိမ်ရောက်ခဲ့ပြီးနောက် နှစ်ပေါင်းဆယ်ဂဏန်းချီသောကာလအတွင်း ဥရောပနှင့်မြောက်အမေရိကဒေသများသို့ သွားရောက်ကာ သံတမန်အရာရှိများ ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်ကျမှ တရုတ်နိုင်ငံသို့နောက်ထပ်တစ်ကြိမ်လာရောက်ရန် အခွင့်ကြုံခဲ့ပါသည်။

"ကျွန်တော် နောက်ထပ်တစ်ကြိမ် ပေကျင်းသို့ ရောက်ရှိသောအခါ ပေကျင်းမြို့သည် အခြားသော နိုင်ငံတကာမြို့ကြီးပြကြီးသဖွယ် မြင့်မားသောအဆောက်အဦးများ၊ ကျယ်ပြန့်သန့်ရှင်းသော လမ်းမကြီးများ ပိုင်ဆိုင်လာသည်ကို တွေ့ရပါကြောင်း၊ ဤသည်မှာ ကြီးမားသော ပြောင်းလဲမှု ဖြစ်ပေါ်လာပါကြောင်း" ဟု ကျာဟယ်လန်က အံ့သြသင့်ပြီး ယခုလိုမြို့ပြ၏ အသွင်သဏ္ဌာန်များကို ယှဉ်ကြည့်ခြင်းဖြင့်



မူဟာမော်တယ်.မိုနီလ်.ကျာဟယ်လန်။
穆罕默德 · 穆尼尔 · 扎赫兰 新华社 图

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် မည်မျှအထိ ကြီးမားသည်ကို ခံစားနိုင်ပါသည်ဟု သူက ပြောပြပါသည်။

ကျာဟယ်လန်၏ပြောပြချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးသောနောက်ပိုင်း အထူးသဖြင့်ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ရေးမူဝါဒများ ကျင့်သုံးပြီးသောနောက်ပိုင်းတွင် တရုတ်အစိုးရသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရှေ့တန်းနေရာတွင် ရပ်တည်လျက်ရှိပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ပြည်သူလူထု၏ဘဝအဆင့်အတန်း များစွာ မြင့်တင်စေရန် စွမ်းဆောင်နိုင်ခဲ့ပါကြောင်း သိရပါသည်။

နှစ်ပေါင်း ၄၀ ကြာသောကာလအတွင်း တရုတ်နိုင်ငံသည် သန်းပေါင်း ၇၀၀ ကျော်သောပြည်သူများကို ဆင်းရဲမှုမှ လွတ်မြောက်လာရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ် လက်ရှိစံချိန်စံညွှန်းအောက်ရှိ ကျေးလက်တောရွာမှ ဆင်းရဲနွမ်းပါးသူများအားလုံး ဆင်းရဲမှုမှ လွတ်မြောက်လာရေး၊ အထူးဆင်းရဲသောအခြေအနေ လုံးဝပပျောက်ရေးဆိုင်ရာ ရည်မှန်းချက်ကိုလည်း တင်ပြလာပါသည်။ ကျယ်ဟယ်လန်၏ အမြင်အရ ဤသည်မှာ ကြီးမားသောကိန်းဂဏန်းနှင့် ရည်မှန်းချက်ဖြစ်ပါကြောင်း၊ တစ်ကမ္ဘာလုံး၏ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းရပ်အတွက် အရေးကြီးသော အကျိုးဆောင်မှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ဟု သူက သုံးသပ်ပြောကြားပါသည်။

"လုံ့လဝီရိယရှိစွာ ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် အစိုးရစီမံခန့်ခွဲမှု ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့သည် တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်အတွင်း အထူးအရေးကြီးပါသည်။" တရုတ်နိုင်ငံ၏ စီမံခန့်ခွဲမှုနည်းပညာသည် ပြည်သူလူထု အပေါ်တကုတ်ကြိုး

ပမ်းဆောင်ရွက်ရန် ထောက်ခံအားပေးရုံတင်မကပဲ၊ လူမှုအဖွဲ့အစည်းတစ်ခုလုံး အားမလျှော့သောခွဲသတ္တိဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်ရန်နှင့် တီထွင်ဆန်းသစ်မှု စွမ်းဆောင်ရည်များ မြှင့်တင်လာအောင် တွန်းအားပေးနိုင်ခဲ့ပါကြောင်း ကျာဟယ်လန်က ခံယူပါသည်။

ကျာဟယ်လန် ပြောကြားသည်မှာ တရုတ်နိုင်ငံသည် မိမိဖွံ့ဖြိုးတိုးတက်လာရန် ကြိုးပမ်းဆောင်ရွက်သည်နှင့်အတူ နိုင်ငံတကာတာဝန်ဝတ္တရားများကိုလည်း တက်ကြွစွာ ထမ်းဆောင်ခဲ့ပါသည်။ ဘက်စုံဝါဒကို ကာကွယ်ထိန်းသိမ်းခြင်း၊ တစ်ကမ္ဘာလုံး စီမံခန့်ခွဲနိုင်အောင် ကြိုးပမ်းဆောင်ရွက်သည့်ဖက်များတွင်လည်း လျစ်လျူမရှုသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

သူ၏အမြင်အရ တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းအတွင်း၊ “ခရာလက်နက် ထိန်းချုပ်ရေးဆိုင်ရာစာချုပ်”၊ “နျူကလီးယားစမ်းသပ်မှုကို ကဏ္ဍစုံမှ တားမြစ်ခြင်းဆိုင်ရာစာချုပ်” များတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ တစ်လျှောက်လုံးတွင် အပြန်အလှန်လေးစားခြင်း၊ အတူတကွအကျိုးအမြတ်မျှဝေခံစားခြင်း ဟူသောအခြေခံပေါ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ထွန်းသစ်စနိုင်ငံများတို့နှင့်ကောင်းမွန်သော ဆက်ဆံမှုများကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။ “တရုတ်နိုင်ငံသည် လက်တွေ့လုပ်ဆောင်ချက်များဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ထောက်ခံအားပေးပါကြောင်း၊ သူတို့ အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာအောင် အကူအညီပေးလျက်ရှိပါကြောင်း” ကျာဟယ်လန်က ထောက်ပြပြီး တရုတ်–အာဖရိက ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကျင်းပခြင်းနှင့် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” ဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုသည် အကောင်းဆုံးသက်သေဖြစ်ပါကြောင်း သူက ပြောပါသည်။

“တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်းနှစ် ၇၀ ပြည့်နှစ်ကို ဂုဏ်ပြုပါကြောင်း၊ တရုတ်နိုင်ငံ ပိုမိုကြီးမားသောတိုးတက်မှုနှင့် အောင်မြင်မှုများ ရရှိလာရန် ဆုတောင်းမေတ္တာပို့သပါကြောင်း ကျာဟယ်လန်က ပြောပြပါသည်။

## ကျွန်တော် မျှော်လင့်သည်မှာ တရုတ်နိုင်ငံ၏တိုးတက်မှုကို သက်သေအနေဖြင့် ကိုယ်တိုင်ကိုယ်ကျပါဝင်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်သည်

我渴望亲自见证并参与中国发展

စာရေးဆရာ ရှယ်လီ.ပူလီလ် (အမေရိကန်)
作者：谢里 · 布里尔（美国）



ရှယ်လီ.ပူလီလ် (ဘယ်–၁)နှင့် လုပ်ဖော်ကိုင်ဖက်များကို တွေ့ရစဉ်။
谢里 · 布里尔（左一）和同事 人民网 资料图

တရုတ်နိုင်ငံသည် မျှော်လင့်ချက်အပြည့်အဝရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တရုတ်နိုင်ငံသို့ ကျွန်တော် လာရောက်အလုပ်လုပ်သော မျှော်မှန်းချက်သည် တရုတ်နိုင်ငံ၏လေယာဉ်ပျံကြီးအိပ်မက်ကို အကောင်အထည်ဖော်ဆောင်ရန် အထောက်အကူပြုမည် ဖြစ်ပါသည်။ ကျွန်တော်သည် တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို မျက်မြင်ကိုယ်တွေ့ခံစားနိုင်ရန် မျှော်လင့်ပါသည်။ တရုတ်နိုင်ငံ၏လေယာဉ်ပျံကြီးလုပ်ငန်းအတွက် ဆက်လက်အကျိုးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျွန်တော်နှင့် တရုတ်နိုင်ငံ၏ရေစက်ဆုံမှုသည် လွန်ခဲ့သော ၈၀ ဆယ်စုနှစ်မှ စတင်ခြင်းဖြစ်ပါသည်။ အဘိုးအဖွားတို့ တရုတ်နိုင်ငံသို့ ခရီးသွားအမှတ်တရဓာတ်ပုံများကို တွေ့မြင်သောအခါ ၁၂ နှစ်အရွယ်မှ စတင်ပြီးကျွန်တော်သည် အလွန်ဝေးလံသော ဤအရှေ့တိုင်းနိုင်ငံအပေါ် အထူးစိတ်ဝင်စားလာပြီးတစ်နေ့နေ့တွင် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ကြည့်ရှုရန် မျှော်လင့်ထားပါသည်။

ကျွန်တော်၏အမျိုးသမီးသည် တရုတ်နိုင်ငံသူတစ်ယောက် ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်

တွင် ကျွန်တော်သည် မိသားစုဝင်များနှင့်တွေ့ဆုံရန်အတွက် တရုတ်နိုင်ငံသို့ ပထမဦးဆုံးအကြိမ်ရောက်ရှိလာပါသည်။ ကျွန်တော်မှတ်မိသည်မှာ ရှန်ဟိုင်းဖူတုံလေဆိပ် စတင်ဖွင့်လှစ်ပြီးသည့်အချိန် သိပ်မကြာသေးပါ။ နှစ်ပေါင်း ၂၀ နီးပါးတုန်းက အဘိုးအဖွားတို့ မြင်တွေ့သည်နှင့်မတူသည်မှာ ကျွန်တော့်ရှေ့တွင် အလွန်ခေတ်မီသော လေဆိပ်နှင့် အရှိန်အဟုန်တိုးတက်လာလျက်ရှိသော မြို့ကြီးဖြစ်သည်ကို တွေ့ရပါသည်။ တရုတ်နိုင်ငံ၏ တိုးတက်မှုဖြစ်စဉ်ကို မျက်မြင်ကိုယ်တွေ့ခံစားနိုင်ရန်နှင့် ပါဝင်လုပ်ကိုင်နိုင်ရန် လိုအင်ဆန္ဒသည် လာလေပြင်းပြလေဖြစ်လာပါသည်။

၂၀၀၈ ခုနှစ် မေလတွင် တရုတ်နိုင်ငံစီးပွားဖြစ်လေယာဉ်ပျံကုမ္ပဏီလီမိတက် (အောက်တွင် "တရုတ်စီးပွားဖြစ်လေယာဉ်ပျံ" ဟု အတိုကောက်ခေါ်ဝေါ်သည်) ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ထိုအချိန်တွင် ကျွန်တော်သည် အမေရိကန်ဘိုရင်းကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အသံဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အနေဖြင့် ကျွန်တော်သည် ဘိုရင်း ၇၈၇၊ ၇၄၇–၈ စသော လုပ်ငန်းစီမံကိန်းနှင့် Mute verification machine စီမံကိန်းစသည့်လုပ်ငန်းများထဲပါဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော် သဘောပေါက်နားလည်သည်မှာ တရုတ်စီးပွားဖြစ်လေယာဉ်ပျံကုမ္ပဏီတွင် ပါဝင်လာပါက ကျွန်တော့်အတွက် တရုတ်နိုင်ငံ၏ အရေးကြီးသော သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှု စီမံကိန်းသစ်ကို အစမှ ပါဝင်ဆောင်ရွက်သည့် အရေးကြီးသော အခွင့်အရေးတစ်ခု ဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ လေယာဉ်ပျံကြီးလုပ်ငန်းကို ပါဝင်ဆောင်ရွက်နိုင်ခြင်းသည် မည်မျှအထိ စိတ်လှုပ်ရှားစရာကောင်းသော သတင်းဖြစ်သည်ကို ခံစားနိုင်မည်ဖြစ်ပါသည်။ သို့သော် ကျွန်တော်လည်း ဇဝေဇဝါဖြစ်ခဲ့ပါသည်။ ယခုလို အဆင့်မြင့်သော တရုတ်နိုင်ငံ၏ အရေးကြီးသည့် တီထွင်ဆန်းသစ်မှုရှိသော စီးပွားရေးအဖွဲ့အစည်းအနေဖြင့် ကျွန်တော့်လို နိုင်ငံခြားသား တစ်ယောက်ကို ကြိုဆိုနိုင်မည်လော။

တရုတ် စီးပွားဖြစ်လေယာဉ်ပျံအဖွဲ့သို့ ဝင်ရောက်အလုပ်လုပ်ကိုင်လိုသောမျှော်မှန်းချက်သည် ကျွန်တော်၏ ဦးနှောက်ထဲတွင် အကြိမ်ကြိမ်ပေါ်လာပါသည်။ နောက်ဆုံးတွင် ကျွန်တော့်အမျိုးသမီး၏ ကူညီထောက်ခံမှုနှင့် ညှိနှိုင်းအကူအညီပေးမှုဖြင့် ကျွန်တော်သည် တရုတ်စီးပွားဖြစ်လေယာဉ်ပျံအဖွဲ့ လူ့အရင်းအမြစ်ဌာနနှင့် အဆက်အသွယ်ရရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် ကျွန်တော်သည် မိသားစုနှင့်အတူ တရုတ်နိုင်ငံသို့ ရောက်ရှိပြီး အလုပ်ဝင်ရောက်လုပ်ကိုင်လာရာ ကျွန်တော်၏ အိပ်မက်သည် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါသည်။

စီ–၉၁၉ လေယာဉ်ပျံလုပ်ငန်းသည် သုညမှ စတင်လာပါသည်။ ယခုလိုအကြောင်းရင်းကြောင့် ကျွန်တော်တို့သည် ပိုမိုကျယ်ပြန့်သော တိုးတက်မှုအလားအလာ ရရှိနိုင်ခဲ့ပါသည်။ စီ–၉၁၉ ၏ နိုင်ငံတကာယှဉ်ပြိုင်နိုင်သော စွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် နိုင်ငံတကာနည်းပညာဆိုင်ရာ စံချိန်စံညွှန်းအတိုင်းသုတေသနပြုခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တရုတ်စီးပွားဖြစ်လေယာဉ်ပျံအဖွဲ့တွင် စတင်ပါဝင်လာသောအခါ တရုတ်နိုင်ငံအမျိုးသားလေယာဉ် ပျံဆူညံသံဆိုင်ရာ ကျွမ်းကျင်ပညာရှင်များလည်း အလွန်ရှားပါးပါသည်။ နှစ်အချို့ကြာအောင် အတူတကွ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် လေယာဉ်ပျံဆူညံသံဆိုင်ရာ သုတေသနပြုရေးလုပ်ငန်းအဖွဲ့ကို တည်ထောင်နိုင်ခဲ့ရာ တရုတ်နိုင်ငံအမျိုးသားလေယာဉ်ပျံဆိုင်ရာ ဆူညံသံလုပ်ငန်းကဏ္ဍတွင် တီထွင်ဆန်းသစ်မှုလုပ်ငန်းအရပ်ရပ်ကို အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

အလုပ်လုပ်ကိုင်ရာတွင် ကျွန်တော်သည် အားလုံးတို့၏ တာဝန်ယူစိတ်နှင့် အဖွဲ့လိုက်ကြိုးပမ်းဆောင်ရွက်သော စိတ်ဓာတ်ကြောင့် အထူး စိတ်လှုပ်ရှားစွာ ခံစားခဲ့ရပါသည်။ ၂၀၁၇ ခုနှစ်တွင် စီ–၉၁၉ ပထမဦးဆုံး ပျံသန်းမှုလုပ်ငန်းမစတင်မီ အင်ဂျင်နီယာအားလုံးတို့သည် အပတ်စဉ်ရုံးပိတ်ရက်နှင့် အခြားရုံးပိတ်ရက်များကို အမှုမထားတော့ပဲ ၂၄ နာရီပတ်လုံး အချိန်မရွေး အမိန့်စောင့်နိုင်ခဲ့ပါသည်။ ကျွန်တော်လည်း အပတ်စဉ်ရုံးပိတ်ရက်များတွင် ဖုန်းခေါ်မှုအရ ရှန်ဟိုင်းမြို့တစ်ဝက်ကျော်ပတ်ပြီး စုန်းကျန်းရှိအိမ်မှ ဖူတုံလေဆိပ်အထိ ရောက်ရှိလာပါသည်။ စမ်းသပ်မှုနေရာသို့ အချိန်မီစွာ ရောက်ရှိရန်အတွက် အားလုံးတို့သည် စက်ရုံရှိအိပ်ခန်းများတွင် အတူတူနေရပါသည်။ အဖွဲ့၏ အင်ဂျင်နီယာများသည် စမ်းသပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် မရေမတွက်နိုင်သောညများ အတူတူ အလုပ်လုပ်ခဲ့ရာ မနက်မိုးလင်းချိန်ကို အတူဆီးကြိုနိုင်ခဲ့ပါသည်။ ထိုအချိန်တွင် ကျွန်တော် အမြဲပြောသောစကား




တစ်ခွန်းသည် “ စီ–၉၁၉ နှင့်သက်ဆိုင်သောကိစ္စများကို အချိန်မရွေး ကျွန်တော်နှင့်ဆက်သွယ်ပါ။” စီ–၉၁၉ အစမ်းပျံသန်းမှုအောင်မြင်ခြင်းကို တွေ့ရသောအခါ၊ ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက်အားလုံးတို့သည် ဝမ်းသာအားရဖြစ်မိရာ ယခုလို အောင်မြင်မှုရရှိလာခြင်းသည် တကယ် မလွယ်ပါ။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် သမ္မတရှီကျင့်ဖျင်သည် တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်သော နိုင်ငံခြားကျွမ်းကျင်ပညာရှင်ကိုယ်စားလှယ်များနှင့်အတူ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ကျွန်တော်သည် ဖိတ်ကြားချက်အရ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဆွေးနွေးပြောဆိုခဲ့ရပါသည်။ လက်ရှိအချိန်ရောက်သည့်တိုင်အောင် ကျွန်တော်သည် အလွန်ဂုဏ်ယူမိသည်ကို ခံစားရရာ အလွန်အားတက်လာလျက်ရှိပါသည်။ တရုတ်နိုင်ငံသို့ ကျွန်တော်လာရောက်အလုပ်လုပ်ခြင်းသည် တရုတ်နိုင်ငံ၏လေယာဉ်ပျံကြီးဆိုင်ရာ အိပ်မက်ကို အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်ပါသည်။ ဤသည်မှာ ကျွန်တော်၏အိပ်မက်လည်းဖြစ်ပါသည်။

တရုတ်နိုင်ငံသည် မျှော်လင့်ချက်အပြည့်အဝရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ သိပ်မကြာခင်ကာလတွင် ကျွန်တော်သည် ဖိတ်ကြားချက်အရ ၂၀၁၉ ခုနှစ် တရုတ်ပြည်လုံးကျွတ်ဆိုင်ရာသိပ္ပံနှင့်နည်းပညာ ရက်သတ္တပတ်အစီအစဉ်ပါ နိုင်ငံခြားကျွမ်းကျင်ပညာရှင်များဆိုင်ရာ ဟောပြောပွဲစာသင်ခန်းအစီအစဉ်ထဲ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ စာသင်ခန်းတွင် ကျွန်တော်သည် အလယ်တန်းကျောင်းသားကျောင်းသူများအတွက် လေယာဉ်ပျံထုတ်လုပ်ရေးလုပ်ငန်းဆိုင်ရာ အသံဆူညံမှုနှင့်သက်ဆိုင်သော စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဟောပြောခဲ့ပါသည်။ အပြန်အလှန်ဆွေးနွေးရာတွင် ကျွန်တော်ခံစားရသည်မှာ ကလေးများသည် သိပ္ပံနှင့် နည်းပညာများအပေါ် စိတ်ဝင်စားမှုအပြည့်အဝရှိပါသည်။ ဗဟုသုတနှင့် အမြင်လည်း ပိုမိုကျယ်ပြန့်လာပါသည်။ ကလေးများမှတစ်ဆင့် တရုတ်နိုင်ငံ၏ သိပ္ပံနှင့်နည်းပညာ တိုးတက်မှု၏ အလားအလာနှင့် မျှော်လင့်ချက်များကို တွေ့ရှိရပါသည်။

တရုတ်လုပ်ဖော်ကိုင်ဖက်များက ကျွန်တော်ကို အမြဲမေးမြန်းသည်မှာ တရုတ်နိုင်ငံစီးပွားဖြစ်လေယာဉ်ပျံအဖွဲ့တွင် ဆက်လက်အလုပ်လုပ်ဦးမှာလားဟုပင် ဖြစ်ပါသည်။ ကျွန်တော်၏ဖြေကြားမှုသည် အလွန်သိသာထင်ရှားပါသည်။ လုပ်မှာပေါ့။ စီ–၉၁၉ သည် ကျွန်တော်၏ကလေးသဖွယ် တစ်နေ့တခြား ကြီးပြင်းလာသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ပါသည်။ ဆူညံသံလျှော့ချရေးဖက်တွင် လုပ်စရာများစွာရှိပါသေးသည်။ တရုတ်နိုင်ငံ၏တိုးတက်မှုကို ဆက်လက် မျက်မြင်ကိုယ်တွေ့နိုင်ရန်၊ တရုတ်နိုင်ငံ၏လေယာဉ်ပျံကြီးလုပ်ငန်းအတွက် ဆက်လက်အကျိုးပြုဆောင်ရွက်နိုင်အောင် ကျွန်တော် ဆက်လက်ကြိုးပမ်းလိုပါသည်။


稿件来源：《人民日报》

တရုတ်နိုင်ငံထုတ် ပထမဦးဆုံး နိုင်ငံတကာစံချိန်မီ ပင်မလေကြောင်းလိုင်းသုံး စီ–၉၁၉ လေယာဉ်ပျံကြီးကို တွေ့ရစဉ်။
中国首款国际主流水准的干线客机 C919 新华社 图



庆祝中华人民共和国成立70周年系列策划

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်းနှစ်(၇၀)ပြည့်အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ်--



# စားဝတ်နေရေးမှတစ်ဆင့် တရုတ်နိုင်ငံ၏ နှစ်(၇၀)အပြောင်းအလဲကို ရှုမြင်ခြင်း

## 从衣食住行中看中国 70 年巨变

新中国成立 70 年来，老百姓的衣食住行发生了翻天覆地的改变。曾经，吃饱穿暖便是幸福；曾经，瓦片遮头便已知足；曾经，出过远门只在少数……如今，街道宽阔整洁、高楼拔地而起、商场繁华热闹、交通四通八达……新中国带给中国人文明、富裕，让人们享受幸福安康的生活。经济发展，社会进步，新中国成立以来所取得的巨大成就，体现在人们生活的点滴之中。

နှစ်ပေါင်း (၇၀) ကြိုးပမ်းအားထုတ်မှုဖြင့် တရုတ်နိုင်ငံသည် အမျိုးသားပြန်လည်ထူထောင်ရေးဟူသည့် ကြီးမြတ်သောလုပ်ငန်းစဉ်ကြီးကို ဖော်ဆောင်နိုင်ခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးခဲ့သည့် နှစ်ပေါင်း (၇၀) အတွင်း စားဝတ်နေရေးအဝဝမှာ ကြီးမားသောပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ခဲ့ပါသည်။

ယခင်က စားနိုင်ဝတ်နိုင်လျှင်ပင် ချမ်းသာခြင်းဟု မှတ်ယူခဲ့ကြသည်။ အိမ်အမိုးရှိလျှင်ပင် ရောင့်ရဲတင်းတိမ်ခဲ့ကြသည်။ ယခင်က ခရီးထွက်နိုင်သူမှာ လူနည်းစုသာ ဖြစ်ခဲ့သည်။ ယခုသော် လမ်းမများ ကျယ်ပြန့်ပြီး သန့်ရှင်းနေသည်။ မိုးမျှော်တိုက်တာကြီးများ ထိုးထိုးထောင်ထောင်ရှိနေသည်။ ရျော့ပင်းမောမှာ လူများတိုးမပေါက်အောင် စည်ကားနေသည်။ လမ်းပန်းဆက်သွယ်ရေးကွန်ရက် အရပ်လေးမျက်နှာသို့ ပေါက်ရောက်နေသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံသားများထံ ယဉ်ကျေးမှု၊ ချမ်းသာကြွယ်ဝမှုများကို သယ်ဆောင်ပေးလာနေပါသည်။ လူအများအား ချမ်းမြေ့သာယာအေးချမ်းမှုကို ခံစားရစေပါသည်။ စီးပွားရေးဖွံ့ဖြိုးခြင်း၊ လူမှုရေးတိုးတက်ခြင်းတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ပြီးကတည်းက ရရှိခဲ့သော ကြီးမားသည့်အောင်မြင်မှုများဖြစ်ပြီး လူတို့၏ နေ့စဉ်လူနေမှုဘဝတွင် ထင်ဟပ်လျက်ရှိနေပါတော့သည်။



## အဝတ်အစား ။ ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော ခေတ်ပန်းချီကားတစ်ချပ်

衣：一幅穿在身上的时代画卷

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးသည့်နှစ်(၇၀)အတွင်း “အဝတ်အစား” ၏ ပြောင်းလဲမှုသည် လူအများအားလိုက်လိုက်လှဲလှဲ ဖြစ်စေသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံစတင်တည်ထောင်ပြီးကာစတွင် “အသစ်သုံးနှစ်၊ အဟောင်းသုံးနှစ်၊ ဖာထေးပြီးဝတ်သုံးနှစ်” ခေတ်ဟူ၍ ခေါ်တွင်ခဲ့ပါသည်။ ထိုနောက်ပိုင်းတွင် လမ်းပေါ်၌ “အပြာရောင်၊ အနက်ရောင်၊ မီးခိုးရောင်၊ အစိမ်းရောင်”သာ မြင်နိုင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် “အော်လန်ပုံဘောင်းဘီ”၊ “အားကစားဘောင်းဘီ”များ ခေတ်စားခဲ့ပြန်သည်။ ယနေ့ခေတ်တွင်မူ နာမည်ကြီးအမှတ်တံဆိပ်များ၊ သီးခြားဒီဇိုင်းများ၊ ဒီဇိုင်းနာများသီးသန့်ချုပ်ပေးသော အဝတ်အစားများ ခေတ်စားလာသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ပြီးသည့်နှစ်(၇၀)အတွင်း တရုတ်လူမျိုးများသည် အဝတ်အစားများကို နွေးထွေးမှုရရှိစေရန် ဝတ်ဆင်သည်ထက် သက်တောင့်သက်သာရှိပြီး ကိုယ်ပိုင်စတိုင်လ်ပေါ်လွင်စေသည့် ဝတ်စားဆင်ယင်မှုသို့ ပြောင်းလဲလာခဲ့သည်။ နှစ်(၇၀)အတွင်း ဖွံ့ဖြိုးတိုးတက်လာသည့်လမ်းစဉ်ကို ပြန်ကြည့်ပါက ဝတ်စားဆင်ယင်ပုံကိုလည်း ခေတ်အဆက်ဆက် ရေးဆွဲထားသော ပန်းချီကားတစ်ချပ်ကဲ့သို့ တွေ့မြင်နိုင်ပေသည်။



၁၉၈၃ ခုနှစ်တွင် ကွမ်ကျိုးမြို့၌ လူငယ်အမျိုးသားနှင့်အမျိုးသမီးများ၏ စုပေါင်းလက်ထပ်ပွဲ ကျင်းပနေသည်ကို တွေ့ရစဉ်။
1983 年，广州为青年男女举办集体婚礼 CNSphoto



၂၀၁၉ ခုနှစ်တွင် သတို့သား၊ သတို့သမီး စုံတွဲ ၁၈ တွဲ၏စုပေါင်းလက်ထပ်ပွဲ ကျင်းပနေစဉ်။
2019 年，18 对新人举行集体婚礼 CNSphoto



၁၉၆၀ ပြည့်နှစ်တွင် မိန်းကလေးများ၏နွေရာသီဝတ်စားဆင်ယင်ပုံများကို တွေ့ရစဉ်။
1960 年，女孩们穿的夏季服装 CNSphoto



၂၀၁၉ ခုနှစ်တွင် ဟူပေပြည်နယ်ဝူဟန့်မြို့ လမ်းမပေါ်တွင် လူငယ်အမျိုးသမီးများက ထူးခြားချက်စတိုင်လ်ပုံစံ နွေဦးရာသီဝတ်စုံအား ဝတ်ဆင်သွားလာနေသည်ကို တွေ့ရစဉ်။
2019 年，湖北省武汉市街头，年轻女孩穿的个性春装 CNSphoto



၁၉၅၀ ပြည့်နှစ်က ကျက်သရေရှိလှသော ချီဖောင်ဝတ်စုံဆင်ယင်ထားသည့် တရုတ်အမျိုးသမီးများကို တွေ့ရစဉ်။
1950 年代，中国妇女展示旗袍魅力 CNSphoto



၂၀၁၉ ခုနှစ်တွင် ကျန်းစူးပြည်နယ်ရှိ ချီဖောင်ဝတ်စားဆင်ယင်ထားသော အမျိုးသမီးများက ကိုယ်မိမိဓာတ်ပုံရိုက်နေစဉ်။
2019 年，江苏妇女身穿旗袍自拍 CNSphoto




၁၉၅၁ ခုနှစ်တွင် ကျုံဆန်းဝတ်စုံ ဝတ်ဆင်ထားသော အစိုးရအရာရှိများကို တွေ့ရစဉ်။
1951 年，身着中山装的机关干部 新华社 图



၁၉၈၆ ခုနှစ်တွင် ပေကျင်းမြို့ လမ်းမကြီးပေါ်တွင် စကတ် ဝတ်ဆင်ထားသော မိန်းကလေးများကို တွေ့ရစဉ်။
1986 年，北京街头穿着裙装的姑娘 新华社 图

## အစားအသောက် ၊ ၊ ထမင်းစားပွဲမှတစ်ဆင့် မြင်တွေ့နိုင်သော ခေတ်ကာလပြောင်းလဲမှု

食：一张餐桌见证时代变迁



တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးသည့် နှစ်ပေါင်း (၇၀)အတွင်း “အစားအသောက်”မှတစ်ဆင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာပုံကို တွေ့မြင်နိုင်သည်။ အစားအသောက်သည် လူတိုင်းအတွက် အရေးကြီးပါသည်။ မည်သည့်ခေတ်တွင် ဖြစ်စေပြောင်းလဲနေသောခြေလှမ်းမှာ ရပ်တန့်သွားခြင်း မရှိခဲ့ပေ။ ယနေ့ခေတ်တွင် လူများသည် “ရှိတာစားသည်”မှ “စားချင်တာမှန်သမျှရှိသည်”၊ “လက်မှတ်ဖြင့် ဈေးဝယ်သည်”မှ “ QR code ဖြင့် ဈေးဝယ်ခြင်း”ဆီသို့ ပြောင်းလဲလာခဲ့ပါသည်။ လက်ကိုင်ဖုန်းတစ်ခုတည်းဖြင့် နေရာအနှံ့မှ အစားအသောက်များကို စားသုံးနိုင်ပြီဖြစ်သည်။ ပြည်သူလူထု၏ ထမင်းစားပွဲဝိုင်းသည် ကျန်းမာခြင်းနှင့် စမတ်နည်းပညာဆီသို့ တိုးတက်ပြောင်းလဲလာနေပါသည်။



၁၉၆၄ ခုနှစ်တွင် ဖူကျိန့်ပြည်နယ် ဖူကျိုးမြို့ဟွာချောင်ရွာသစ် အိမ်ရာရပ်ကွက်နေ ပြည်သူများက တရုတ်နှစ်သစ်ကူး ကုန်စည်များကို ဝယ်ယူနေစဉ်။
1964 年，福建省福州市华侨新村住户购买年货 CNSphoto




၂၀၁၉ ခုနှစ်တွင် ရှန်ဟိုင်းမြို့ နန်ကျင်းလမ်းလျှောက်ဈေးပေါ်တွင် မြို့သူမြို့သားများ ဝယ်ယူထားသော တရုတ်နှစ်သစ်ကူးလက်ဆောင်ထုပ်ကြီးများကို တွေ့ရစဉ်။
2019 年，上海南京路步行街，市民采购的年货大礼包 CNSphoto



၁၉၅၀ ပြည့်နှစ်တွင် ပင်လယ်ရပ်ခြားရောက် တရုတ်များနှင့် မိသားစုဝင်များ လေ့လာရေးအဖွဲ့က ရှာ့မိန်မြို့တွင် လှည့်လည်ကြည့်ရှုရာ ဒေသခံစည်သွတ်ဗူးစက်ရုံ၏လှိုက်လှဲစွာ ကြိုဆိုဧည့်ခံနေသည်ကို တွေ့ရစဉ်။
1950 年，归侨、侨眷观光团在厦门参观，受到当地罐头厂热情招待 CNSphoto



၂၀၁၇ ခုနှစ်တွင် ကျယ့်ကျန်းပြည်နယ်၊ ဟန်ကျိုးမြို့၌ Alipay AR အဖွဲ့က “အနာဂတ်စမတ်စားသောက်ဆိုင်”ကို ဖွင့်လှစ်ခဲ့ရာ စားသုံးသူများသည် QR code ဖြင့် အော်ဒါပေးခြင်း၊ လိုအပ်ချက် အကြံပေးခြင်း၊ စားသောက်မှု မစခင်ဂိမ်းကစားခြင်း စသော အစီအစဉ်များထားရှိလျက်၊ မျက်နှာကိုလည်း စကန်ဖတ်လိုက်သည်နှင့် ငွေပေးချေနိုင်အောင် စီမံဆောင်ရွက်ထားပါသည်။
2017 年，浙江省杭州市，支付宝 AR 团队推出“未来智慧餐厅”，用户可在触屏餐桌上实现自助点餐、个性化推荐、餐前游戏等功能，并进行刷脸支付 CNSphoto



၁၉၅၈ ခုနှစ်တွင် ပြည်သူများက ရိက္ခာလက်မှတ်ဖြင့် စားသောက်ခန်းတွင် စားသုံးနေသည်ကို တွေ့ရစဉ်။
1958 年，人们带着粮票来食堂吃饭 新华社 图




၂၀၀၇ ခုနှစ်တွင် တရုတ်မြို့သူမြို့သားများက ကုန်တိုက်အတွင်း ဘဏ်ကတ်ဖြင့် ဈေးဝယ်နေစဉ်။
2007 年，中国市民在商厦刷卡消费 新华社 图



အရှေ့မြောက်ပိုင်း အထည်အလိပ်လုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက ချွေတာမှုဖြင့် ကျန်ရစ်ခဲ့သော ရိက္ခာလက်မှတ်များကို ပြန်ပေးအပ်နေစဉ်။
东北纺织管理局的工作人员缴回节余的粮票 新华社 图




ကွေ့ကျိုးပြည်နယ်၊ ထုန်ရိန်မြို့ အမှတ်(၁၁) မူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများက အာဟာရပြည့်ဝသော အစားအစာများကို လက်ခံရယူနေစဉ်။
贵州省铜仁市第十一小学的学生在领取营养午餐 新华社 图

## နေထိုင်ခြင်း ၊ ၊ ရပ်ဆိုင်းခြင်းမရှိခဲ့သော အေးချမ်းစွာနေထိုင်လိုသည့်အိပ်မက်

住：未曾止步的安居梦

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးသည့် နှစ်ပေါင်း (၇၀) အတွင်း တရုတ်လူမျိုးများသည် နေထိုင်မှု အိမ်အဆောက်အဦးအပေါ် တောင်းဆိုချက်များ ပိုများလာသည်။ အိမ်သည် တရုတ်လူမျိုးများအတွက် ထူးခြားသော အဓိပ္ပာယ်ရှိနေပါသည်။ အိမ်ဆိုသည်မှာ မိုးကာလေကာရန် အတွက်သာ မဟုတ်ပေ။ အိပ်မက်များ၊ မျှော်လင့်ချက်များ စုစည်းရာနေရာလည်း ဖြစ်ပါသည်။ ကျေးရွာမှမြို့ပေါ်၊ တစ်ထပ်အိမ်မှတိုက်ခန်း၊ လူမှုဖူလုံရေးအိမ်ရာမှ စီးပွားရေးအိမ်ရာသို့ နှစ်(၇၀)အတွင်း လူနေမှုပုံစံများ ကြီးမားစွာ ပြောင်းလဲလာခဲ့သည်။ လူတို့၏နေထိုင်မှုများ ပိုမိုကောင်းမွန်လာပြီး ပြည်သူလူထု၏ အိပ်မက်များလည်း ပိုမို အကောင်အထည်ဖော်ဆောင်လာနိုင်ခဲ့ပါတော့သည်။




၁၉၅၅ ခုနှစ်တွင် ဟော်ကျင်ချိုင်(ညာဘက်ပုံ)က မိသားစုနှင့်အတူ မိမိတို့၏တဲအိမ်ရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်နေစဉ်။
1955 年，贺金财（右）与家人在自家草棚房前拍摄合影 新华社 图



၁၉၉၄ ခုနှစ်တွင် ဟော်ကျင်ချိုင် (ရှေ့တန်းတွင် ထိုင်နေသူ) မိသားစုက အိမ်အဆောက်အအုံအသစ်၏ ဝရန်တာပေါ်တွင် စုပေါင်းဓာတ်ပုံရိုက်နေစဉ်။
1994 年，贺金财（前排坐者）一家在新楼房的阳台上合影 新华社 图



၁၉၅၀ ပြည့်နှစ်တွင် ကျယ့်ကျန်းပြည်နယ်၊ ဟန်ကျိုးမြို့ယွီဟန်ခရိုင်ရှိ တောင်သူလယ်သမားဖြစ်သူ ဝမ်အားကျင်း(ဘယ်-၂) မိသားစုဝင် ၄ ယောက်တို့က တဲအိမ်ရှေ့တွင် ထမင်းစားနေသည်ကို တွေ့ရစဉ်။
1950 年，浙江省杭州市余杭县农民汪阿金（左二）一家四口在茅草屋前吃饭 新华社 图



၁၉၉၈ ခုနှစ်တွင် ဝမ်အားကျင်း၏ သားငယ်ဖြစ်သူ ဝမ်ရွှေဖာ (ညာဘက်ပုံ)က ဆလွန်းကားဝယ်ခဲ့ရာ အမေကြီးအား လမုန့်စားပွဲတော်မတိုင်မီ ကားဖြင့် မြို့ထဲသို့ မောင်းပို့ပေးနေသည်ကို တွေ့ရစဉ်။
1998 年，汪阿金的小儿子汪水法（右）买了小轿车，中秋节前开车接母亲沈阿三（中）进城过节 新华社 图



၂၀၀၅ ခုနှစ်က ပေကျင်းရှိ သာမန်အိမ်ရာအတွင်း အမေဖြစ်သူက ကလေးအား ဧည့်ခန်းအတွင်း ရေချိုးပေးနေစဉ်။
2005 年，北京一处简陋的平房内，一位妈妈在客厅里给孩子洗澡 CNSphoto



၂၀၁၀ ပြည့်နှစ်တွင် ဝူဟန့်မြို့၌ အိမ်ဟောင်းရပ်ကွက်နေသူ ရှုန်ခယ်(ဘယ်ပုံ)နှင့်ဇနီးတို့က ချင်ယီကြည်အိမ်ရာအသစ်သို့ ပြောင်းရွှေ့နေထိုင်သည်ကို တွေ့ရစဉ်။
2010 年，武汉市，老棚户区居民熊可（左）和老伴迁入青宜居小区新房 新华社 图

## သွားလာရေး ၊ ၊ လည်ပတ်နေသော ကားဘီးများဖြင့် "တရုတ်နိုင်ငံ၏ အရှိန်အဟုန်"မြှင့်တင်

## 行：滚动的车轮刷新“中国速度”

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ပြီးသည့် နှစ်ပေါင်း (၇၀) အတွင်း သွားရေးလာရေးအတွက် အသုံးပြုသော ယာဉ်များ ပြောင်းလဲလာသည်နှင့်အမျှ လူနေထိုင်မှုပုံစံလည်း ပြောင်းလဲလာပါသည်။ လမ်းလျှောက်သွားလာသည်မှ ဆိုင်ကယ်စီးခြင်း၊ ကားစီးသည်မှ ကျည်ဆန်ရထားစီးခြင်း၊ လက်မှတ်ဝယ်ကာ အဝေးပြေးကားများစီးခြင်း မှ စမတ်ခရီးသွားလာခြင်းသို့ လမ်းပန်းဆက်သွယ်ရေး ပြောင်းလဲလာပုံမှာ ကြေးမုံတစ်ချပ်ကဲ့သို့ပင် ခေတ်ကာလ ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်လာမှုကို ပေါ်လွင်စေပါသည်။

ယနေ့ခေတ်တရုတ်နိုင်ငံတွင် လေယာဉ်များ ပျံသန်းသွားလာနေပြီး မြေအောက်ရထားများ ပြေးဆွဲခုတ်မောင်းနေပါသည်။ ကျည်ဆန်ရထားများမြေပေါ်တွင် ရှပ်ပြေးသွားလာနေပြီး အကြီးစားသင်္ဘောများ ပင်လယ်ဖြတ်ကူးနေပါသည်။ ပြည်သူလူထုလမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ခြင်းမှသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု နည်းပါးသော လမ်းပန်းဆက်သွယ်ရေးဆီသို့၊ တစ်ဖန်ဒီဂျစ်တယ်လမ်းပန်းဆက်သွယ်ရေးဆီသို့ စသဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် ခေတ်ကာလနှင့်အညီ တိုးတက်လျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး၏ ကြီးမားသောပြောင်းလဲမှုများသည် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြနေသည့်အပြင် တရုတ်နိုင်ငံ၏ အရှိန်အဟုန်၊ လုပ်ဆောင်နိုင်စွမ်းများကိုပါ ထင်ဟပ်နေပါတော့သည်။



၁၉၅၆ ခုနှစ်တွင် တရုတ်နိုင်ငံထုတ် ပထမဦးဆုံး"လွတ်မြောက်ရေး" ကုန်အမှတ်တံဆိပ် မော်တော်ကား ထုတ်လုပ်ပြီးစီးသည်ကို တွေ့ရစဉ်။
1956 年，中国国产第一辆“解放”牌汽车下线 CNSphoto




၂၀၁၉ ခုနှစ်တွင် အမှတ်(၁)တိုယိုတာ TNGA စက်ရုံအသစ်ကို ထျန်ကျင် ဖွံ့ဖြိုးရေးဇုန်တွင် စတင်ဖော်ဆောင်နိုင်ခဲ့ပါသည်။
2019 年，一汽丰田 TNGA 新工厂在天津开发区落成 CNSphoto



၁၉၅၈ ခုနှစ်တွင် တာ့လျိန်စက်ခေါင်းနှင့် ရထားတွဲထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်သော ကုန်တင်ရထားစက်ခေါင်းကို တွေ့ရစဉ်။
1958 年，大连机车车辆厂制造的货运内燃机车 CNSphoto



၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံ၏ တီထွင် စမ်းသပ်မှုဖြင့် ထုတ်လုပ်သော အရှည်ဆုံးကျည်ဆန်ရထား "ဖူစင်ဟောင်" ကို တွေ့ရစဉ်။
2018 年，中国研制的全球最长高铁列车“复兴号”CNSphoto




၁၉၈၃ ခုနှစ်တွင် ကွမ်တုန်းပြည်နယ် မေရှန်ခရိုင် အိုပါစီကျေးရွာအုပ်စု၌ ပထမဦးဆုံးဆင်းလာသော အများပြည်သူသုံးလေယာဉ်ပျံကို တွေ့ရစဉ်။
1983 年，广东省梅县侨乡第一次降落民航飞机 CNSphoto




၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကိုယ်ပိုင်တီထွင်စမ်းသပ်ထုတ်လုပ်သော စီ-၉၁၉ အတိုင်းအတာကြီးမားသည့် ခရီးသည်တင် လေယာဉ်ပျံကြီးကို တွေ့ရစဉ်။
2015 年，中国自主研制的 C919 大型客机 CNSphoto



၁၉၆၅ ခုနှစ်တွင် ပေကျင်းဆင်ခြေဖုံးရပ်ကွက်ရှိ ဂျုံစိုက်ခင်းအတွင်း ဂျုံရိတ်သိမ်းစက်ဖြင့် အလုပ်လုပ်နေစဉ်။
1965 年，北京郊区小麦丰收，收割机正在田间忙碌 CNSphoto



၂၀၁၉ ခုနှစ်တွင် စင်းကျန်းဝေဂါတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း GPS ဂြိုဟ်တုလမ်းပြစနစ် တပ်ဆင်ထားသော အတိုင်းအတာကြီးမားသည့် မျိုးကြဲစက်ဖြင့် ဝါမျိုးစေ့များ မျိုးကြဲနေသည်ကို တွေ့ရစဉ်။
2019 年，新疆维吾尔自治区，一台装有 GPS 卫星定位导航系统的大型播种机正在播种棉花 CNSphoto

# ကြည့်လိုက်ဦး၊ မြန်မာမိတ်ဆွေတို့က ဖုမြင်သို့ ကောက်သစ်စားပွဲ လာဆင်နွှဲတယ်

## 看！缅甸朋友来富民过丰收节啦！

本刊记者 曹云波 / 文

နီရဲရဲပန်းသီး၊ မှည့်နေတဲ့စပျစ်သီး၊ ချိုအီတဲ့ဆီးသီးကိုစားရင်း သီးထွက်ကောင်းတဲ့နှစ်ကို ထောပနာပြုနေကြတယ်။ စက်တင်ဘာ(၂၃)ရက်နေ့မှာ ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန် ဦးယုဝင်း၊ မြန်မာနိုင်ငံမှ သစ်သီးဝလံပညာရှင်တွေနဲ့ ကျောင်းဆရာမတို့က ယူနန်ပြည်နယ် ကူမင်းမြို့ ဖုမြင်ခရိုင်သို့ သွားပြီး ဖုမြင်မြို့သူမြို့သားတွေနဲ့အတူ ၂၀၁၉ ခုနှစ် တရုတ်(ဖုမြင်)ကောက်သစ်စားပွဲနှင့် ပထမဦးဆုံးအကြိမ်ယူနန်သစ်သီးဝလံထိပ်သီးဖိုရမ်ကို ပါဝင်တက်ရောက်ဆင်နွှဲခဲ့တယ်။

“မက်မွန်သီးကို သုံးဆောင်ကြည့်ပါ။” “သစ်တော်သီးကော၊ ကြိုက်လား၊ လာသုံးဆောင်ပါဦး”သစ်သီးစိုက်လယ်သမားတွေက ဦးယုဝင်းအား အသီးမြည်းစမ်းစားသုံးဖို့ ပျူငှာစွာ ဖိတ်ခေါ်နေကြပါတယ်။ သူကလည်း“အသီးသစ်မျိုး ”ကို တွေ့ရှိပြီး စိတ်ဝင်စားနေတယ်။ -- သဘော်သဖန်းသီး။ “ဒီအသီးက ဘာအသီးလဲ။ တစ်ခါမှ မတွေ့ဖူးဘူး။ တော်တော်စိတ်ဝင်စားတယ်။ ”ဟု ဦးယုဝင်းက ပြောတယ်။

“ကျွန်တော်တို့က တရုတ်၊ အရှေ့တောင်အာရှတောင်အာရှနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးပညာရှင်တွေနဲ့ ဖလှယ်ခြင်းကတစ်ဆင့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာသတင်းများ ရရှိပါတယ်။ ရေခဲပညာဖြင့် ကုန်ခြောက်စေခြင်းအတွက်လည်း ပိုမိုသိရှိလာတယ်။ ဖိုရမ်ကနေ မြန်မာနဲ့ တရုတ် သစ်သီးဝလံ ပူးပေါင်းဆောင်ရွက်မှုအား ပိုမိုတိုးများစေတယ် ”ဟု မြန်မာနိုင်ငံမှ သစ်သီးဝလံဆိုင်ရာပညာရှင်(၄)ဦးက တရုတ်၊ အရှေ့တောင်အာရှတောင်အာရှမှ လယ်ယာစိုက်ပျိုးရေးပညာရှင်တို့နဲ့ ဆွေးနွေးခဲ့ကြတယ်။

သီးထွက်ကောင်းခြင်း၊ သစ်သီးတွေသွင်းကုန်ပို့ကုန်လုပ်ဆောင်ခြင်းဆိုင်ရာ ထူးခြားတဲ့အတွေးအခေါ် သုံးသပ်ချက်တွေ မရေမတွက်နိုင်အောင်ကို ပေါ်ထွက်လာတယ်။ ယူနန်သစ်သီးဝလံတွေ ပြည်ပသို့ ရောင်းချနိုင်ဖို့အတွက် အကြံပြုချက်တွေကို တင်ပြခဲ့ကြတယ်။ ဖုမြင်မြို့သူမြို့သားတွေက သီဆိုကခုန်ကြခြင်းဖြင့် ပွဲတော်ကို ထောပနာပြုတယ်။ “နိုင်ငံတကာစတိုင်လ် အပြည့်ရှိနေတဲ့ ကောက်သစ်စားပွဲပေါ့။”

大红苹果黑葡萄，吃着蜜枣庆丰年！9 月 23 日，缅甸驻昆明总领事馆副总领事吴佑温、缅甸果蔬专家和教师们来到云南省昆明市富民县，和富民百姓一起欢度 2019 中国（富民）丰收节暨首届云果高峰论坛。






ပုံ ၁၊ ချိုဆိမ့်သော “ယူနန်ထွက် သစ်သီးများ” က ဧည့်သည်တော်များ စားသုံးရန်အတွက် စောင့်မျှော်နေစဉ်။
图①甜美“云果”等客尝 陈创业 图

ပုံ ၂၊ ကူမင်းမြို့အခြေစိုက် မြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန် ဦးယုဝင်းက ဖုမြင်တောင်သူလယ်သမားကောက်သစ်စားပွဲဂုဏ်ပြုအစီအစဉ်သို့ တက်ရောက်အားပေးနေသည်ကို တွေ့ရစဉ်။
图②缅甸驻昆明副总领事吴佑温参加富民农民丰收节活动 陈创业 图



# တရုတ်-မြန်မာ-အင်္ဂလိပ်သိပ္ပံနှင့်နည်းပညာအဘိဓာန်(၁၄၀)

## 汉缅英科技词典（140）

王子崇 编译

光磁效应 အလင်းသံလိုက်အကျိုး photomagnetic effect

光催化剂 အလင်းဓာတ်ကူ photocatalyst

光催化作用 အလင်းဓာတ်ကူခြင်း photocatalysis

光导管 လိုက်ပိုက် light-pipe

光导纤维 အော့ပတစ်ကယ်ဖိုင်ဘာ optical fiber

光电 အလင်းလျှပ်စစ် photoelectric

光电倍增管 အလင်းပွားမီးလုံး photomultiplier, photomultiplier tube

光电池 အလင်းဆဲလ်၊ အလင်းလျှပ်စစ်ဆဲလ် photocell, photoelectric cell

光电导 အလင်းလျှပ်ကူးခြင်း photoconduction

光电导管 အလင်းလျှပ်ကူးဆဲလ်၊ အလင်းလျှပ်ကူးမီးလုံး photoconductivecell, photoconductive tube

光电导器件 အလင်းလျှပ်ကူးကရိယာ photoconductive device

光电导效应 အလင်းလျှပ်ကူးအကျိုး photoconductive effect

光电导性 အလင်းလျှပ်ကူးသတ္တိ photoconductivity

光电发射 အလင်းလျှပ်စစ်ထုတ်လွှတ်ခြင်း photoelectric emission

光电管 အလင်းလျှပ်စစ်ဆဲလ် photoelectric cell, အလင်းလျှပ်စစ်မီးလုံး photoelectric tube

光电光度计 အလင်းလျှပ်စစ်လင်းအားတိုင်းကိရိယာ photoelectric photometer

光电话器 ဖိုတိုဖုန်း photophone

光电继电器 အလင်းလျှပ်စစ်ဆင့်ကမ်း photoelectric relay

光电亮度 အလင်းလျှပ်စစ်တောက်ပခြင်း photoelectric brightness

光电流 အလင်းလျှပ်စစ်လျှပ်စီး photoelectric current

光电疲劳 အလင်းလျှပ်စစ်ညောင်းခြင်း photoelectric fatigue

光电摄象管 အိုင်ကွန်နိုစကုပ် iconoscope

光电效应 အလင်းလျှပ်စစ်အကျိုး photoelectric effect

光电阴极 အလင်းကက်သုတ် photocathode

光电子 အလင်းအီလက်ထရွန် photo electron

光盘，光盘 လိုက်ဒစ်(စ)ခ် light disk,optical disk

光度比，光度标 လင်းအားစကေး photometric scale

光度单位 လင်းအားယူနစ် photometric unit

光度计，光度表 လင်းအားတိုင်းကိရိယာ photometer

光感受器 အလင်းအာရုံခံကိရိယာ photoreceptor

光合成，光化作用 အလင်းမှီစုဖွဲ့ခြင်း photosynthesis

光滑刨，细刨 ရွှေပေါ်နှ၊ ရွှေပေါ်အိမ်တို smoothing plane

光化射线 စွမ်းထက်ရောင်ခြည် actinic rays

光化射线强度计，曝光计 အက်တီနိုမီတာ actinometer

光化学 အလင်းဓာတုဗေဒ photochemistry

光化学反应 အလင်းမှီဓာတ်ပြုခြင်း photochemical reaction

光化学效应 အလင်းဓာတုအကျိုး photochemical effect

光化学聚合作用 အလင်းမှီပေါ်လီမာဖြစ်စေခြင်း photochemical polymerization

光化作用 အလင်းမှီဓာတ်ပြုမှု photochemical action

光黄素 လူမီဖလေဗင် lumiflavin

光辉霉素，光神霉素 မစ်သရာဆင်၊ မစ်သရာမိုင်ဆင် mithracin,mithramycin

光激子 ဖိုတိုအိတ်ဆီတွန် photoexciton

光解质 ဖိုတိုလိုက် photolyte

光解作用，光离解作用 အလင်းကြောင့်ကွဲကြေခြင်း၊ အလင်းကြောင့်ဓာတ်ကွဲခြင်း photodisintegration, photodissociation

光聚作用，光致聚合作用 အလင်းမှီပေါ်လီမာဖြစ်စေခြင်း photopolymerization

光缆 အလင်းကေဘယ် optical cable

光量子 အလင်းကွမ်တမ် light quantum

光卤石，砂金卤石 ကာနယ်လိုက်ကျောက် carnallite

光路，光程 အလင်းလမ်းကြောင်း optical path

光轮 အလင်းစက်ဝန်း aura,aureole,aureola



# စာဖတ်သူများ၏အသံ

# 读者之声

本刊记者 张莹琳 / 整理

在云南省各所高校，都能见到缅甸留学生的身影。他们有的小时候就阅读过《吉祥》杂志，有的到云南留学后才接触到《吉祥》杂志。本期读者之声，让我们一起了解缅甸留学生眼中的《吉祥》。

### 云南民族大学 2016 级广播电视学专业缅甸留学生 黄振兴

在 10 岁时，我就阅读过《吉祥》杂志。父亲每次带我去理发店理发，都要借几本杂志回家看。看着父亲看得津津有味，我也翻看起来，之后对杂志越来越感兴趣。杂志的翻译准确地道，图片很吸引读者。我非常喜欢“快乐汉语”栏目，对我学习中文很有帮助，让我深切地感受到中文的魅力。

### 云南民族大学 2016 级广播电视学专业缅甸留学生 赵兴玉

我在云南学习的专业是广播电视学，所以对广播、电视、杂志及报纸等媒体特别关注。在学校图书馆，我惊喜地发现了《吉祥》杂志，之后只要杂志一出刊，我就会第一时间到图书馆去借阅，学习《吉祥》的新闻写稿技巧，对重点栏目的文章进行摘抄。在阅读《吉祥》中，我的专业能力和对新闻的敏感性得到了很大的提升。

---

ယူနန်ပြည်နယ်ရှိတက္ကသိုလ်ကျောင်းများတွင် မြန်မာပညာတော်သင်ကျောင်းသားများကို အမြဲတွေ့မြင်နိုင်သည်။ သူတို့သည် ငယ်စဉ်ကတည်းက “မင်္ဂလာ”မဂ္ဂဇင်းကို ဖတ်ဖူးကြသည်။ အချို့မှာ ယူနန်သို့ရောက်မှ “မင်္ဂလာ”မဂ္ဂဇင်းကို ထိတွေ့ခဲ့ကြသည်။ ယခုဆောင်းပါးတွင် “မင်္ဂလာ” မဂ္ဂဇင်းအပေါ် ထားရှိသော မြန်မာကျောင်းသားများ၏အမြင်ကို တင်ပြသွားမည် ဖြစ်သည်။

### ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ် ၂၀၁၆ ခုနှစ် ကျောင်းဝင်သည့်အသံလွှင့်နှင့်ရုပ်မြင်သံကြားမေဂျာ အထူးပြုမြန်မာ နိုင်ငံကျောင်းသား မောင်အေးချို—

ကျွန်တော် အသက်(၁၀)နှစ်ကတည်းက“မင်္ဂလာ”မဂ္ဂဇင်းကို ဖတ်ဖူးပါသည်။ ထိုအချိန်တွင် အဖေက ဆံပင်ညှပ်ဆိုင်သွားတိုင်း “မင်္ဂလာ”မဂ္ဂဇင်းငှားလာသည်။ အဖေဖတ်တာကြည့်ပြီး ကျွန်တော်လည်း လိုက်ဖတ်ခဲ့သည်။ “မင်္ဂလာ”မဂ္ဂဇင်းတွင် ဘာသာပြန်ထားတာတွေ ပုံတွေ စတာတွေက အလွန်ဆွဲဆောင်မှုရှိသည်။ ကျွန်တော်အကြိုက်ဆုံးကော်လံက “ပျော်ရွှင်လေ့လာ၊ တရုတ်ဘာသာ”ကော်လံဖြစ်သည်။ တရုတ်စာလေ့လာသူများအတွက် အလွန်အသုံးဝင်ပြီး တရုတ်စာများကို ပိုမို လေ့လာချင်စိတ် ရှိလာစေပါသည်။

### ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ် ၂၀၁၆ ခုနှစ် ကျောင်းဝင်သည့်အသံလွှင့်နှင့်ရုပ်မြင်သံကြားမေဂျာ အထူးပြုမြန်မာ နိုင်ငံကျောင်းသူ တင်မြင့်မြတ်မိုး—

ကျွန်မ ယူနန်တွင် အထူးပြုလေ့လာနေသောမေဂျာမှာ အသံလွှင့်နှင့်ရုပ်မြင်သံကြားဖြစ်သဖြင့် အသံလွှင့်၊ ရုပ်မြင်သံကြား၊ မဂ္ဂဇင်းနှင့်သတင်းစာစသည့်မီဒီယာများကို အထူးအာရုံစိုက်ရပါသည်။ ကျောင်းစာကြည့်တိုက်တွင် “မင်္ဂလာ”မဂ္ဂဇင်းကိုတွေ့ရှိခဲ့ပြီး “မင်္ဂလာ”မဂ္ဂဇင်းမှ ရေးသားထားသော စာအရေးအသားများကို လေ့လာလေ့ရှိပါသည်။ “မင်္ဂလာ”မဂ္ဂဇင်းကို ဖတ်ခြင်းအားဖြင့် ကျွန်တော့်အရည်အချင်းများနှင့်သတင်းများလေ့လာနိုင်စွမ်း မြှင့်တင်ရန်အတွက် အထူးအကျိုးရှိစေပါသည်။


云桥网
www.yunnangateway.com
2019
SEE CHINA
SEE YUNNAN
WWW.YUNNANGATEWAY.COM
Amazing Yunnan